# ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်၊ အင်္ဂါနေ့၊ (2-6-2015) (၈၂၁၉)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အီတလီနိုင်ငံနှစ်ပတ်လည်နေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော် ဇွန် ၂**

၂၀၁၅ ခုနှစ် ဇွန် ၂ ရက်တွင်ကျရောက်သော အီတလီသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အီတလီသမ္မတနိုင်ငံ သမ္မတ ဆာဂျီရို မတ်တာရီလာ ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၅ ခုနှစ် ဇွန် ၂ ရက်တွင် ကျရောက်သော အီတလီသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အီတလီသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မက်တေယိုရမ်ဇီ ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**



## အနာဂတ်မြန်မာနိုင်ငံတော်သစ်တည်ဆောက်ဖို့ လိုအပ်မယ့်အခြေခံများကို မျက်ခြည်ပြတ်မခံဘဲ ယှဉ်တွဲစဉ်းစား ပြင်ဆင်ကြ။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြောကြားသည့်ရေဒီယိုမိန့်ခွန်း စာမျက်နှာ » ၃

### ယနေ့ မာတိကာ


ဖခင်မေတ္တာ စာမျက်နှာ » ၂

စွမ်းအင်ဝန်ကြီးဌာနနှင့် နိုင်ငံခြားကုမ္ပဏီများပူးပေါင်း၍ စက်သုံးဆီအရောင်းဆိုင် ၄၀ တိုးချဲ့ဖွင့်လှစ်မည် စာမျက်နှာ » ၅


# ရထားလမ်း၊ လေယာဉ်ကွင်း စသည့် အခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်နိုင်ရေး ဆွေးနွေး

**နေပြည်တော် ဇွန် ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျပန်နိုင်ငံ ဟီတာချီလီမိတက် ဥက္ကဋ္ဌနှင့် လုပ်ငန်းအဖွဲ့အကြီးအကဲ၊ အမှုဆောင်ညွှန်ကြားရေးမှူးနှင့် ဒါရိုက်တာ မစ္စတာ တိုရှီအာကီ ဟီဂါရှိဟာရာ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးမောင်မြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ တတဲရှိ ဟိဂုချိလည်း တက်ရောက်သည်။

ယင်းသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံရှိ ရထားလမ်း၊ လေယာဉ်ကွင်း စသည့် အခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်နိုင်ရေး၊ လျှပ်စစ်ပစ္စည်း တပ်ဆင်ထုတ်လုပ်သည့် စက်ရုံများတည်ဆောက်၍ ရင်းနှီးမြှုပ်နှံရေးဆိုင်ရာ များအပေါ် ရင်းနှီးစွာဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



# ကွန်ပျူတာစနစ်ဖြင့် မြို့ပတ်ရထားလက်မှတ်ရောင်းချမှု ၁၃ ဘူတာတွင် ရောင်းချပေးနေပြီး နေ့စဉ် ခရီးသည် ၅၀၀၀ ကျော် အသုံးပြုလာ

**ရန်ကုန် ဇွန် ၁**

ရန်ကုန်မြို့ပတ်ရထားလက်မှတ်များ ကွန်ပျူတာစနစ်ဖြင့် ရောင်းချပေးမှုအစီအစဉ်ကို မြို့ပတ်ရထားဘူတာ ၁၃ ဘူတာတွင် ရောင်းချပေးလျက်ရှိရာ လက်ရှိ ရထားစီးခရီးသည် ငါးထောင်ကျော် အသုံးပြုလာကြောင်း သတင်းရရှိသည်။

ကွန်ပျူတာစနစ်သုံး ရထားလက်မှတ်ရောင်းချခြင်း အစီအစဉ်ကို မေ ၁၄ ရက်က စတင်ခဲ့ခြင်းဖြစ်ပြီး လက်ရှိကွန်ပျူတာစနစ်ဖြင့် ရောင်းချရန် ခွင့်ပြုထားသည့် ဘူတာ ၁၅ ဘူတာတွင် ၁၃ ဘူတာ၌ ရောင်းချနေပြီဖြစ်ရာ ကျန်ဘူတာနှစ်ခုတွင်လည်း ယခုတစ်ပတ်အတွင်း ဖွင့်လှစ်ရောင်းချသွားမည်ဟု ကွန်ပျူတာစနစ်လက်မှတ်ရောင်းချခြင်းကို တင်ဒါအောင်မြင်ထားသည့် Internet Wallet ကုမ္ပဏီမှ သိရသည်။

လက်ရှိ ကွန်ပျူတာစနစ်သုံး လက်မှတ်ရောင်းချခြင်းစနစ်ကို ရန်ကုန်ဘူတာကြီး၊ ဘုရားလမ်းဘူတာ၊ ကြည့်မြင်တိုင်ဘူတာ၊ လှည်းတန်းဘူတာ၊ သမိုင်းဘူတာ၊ အင်းစိန်ဘူတာ၊ လှော်ကားဘူတာ၊ မင်္ဂလာဒုံဘူတာ၊ တံတားလေးဘူတာ၊ ပုရွက်ဆိတ်ကုန်းဘူတာ၊ သဃ်န်းကျွန်းဘူတာ၊ မလွှကုန်းဘူတာ၊ ပုဇွန်တောင်ဘူတာတို့တွင် ရောင်းချနေပြီဖြစ်ပြီး တိုးကြောင်ကလေးဘူတာနှင့် တညင်းကုန်း ဘူတာတို့တွင် ယခုတစ်ပတ်အတွင်း ဖွင့်လှစ်ရောင်းချသွားမည်ဟု သိရသည်။

"မြန်မာ့မီးရထားက ဒီဘူတာ ၁၅ ဘူတာမှာ ကွန်ပျူတာစနစ်နဲ့ လက်မှတ်ရောင်းချဖို့အတွက် တင်ဒါခေါ်ယူခဲ့တာပါ။ မြို့ပတ်ဘူတာတွေအားလုံးမှာ ရောင်းချနိုင်ဖို့ဆိုရင် မြန်မာ့မီးရထားက ဆောင်ရွက်ခွင့်ပြုမှုရမှာပါ။ ဒါကလည်း ခရီးသည်တွေ အသုံးပြုမှုများလာလို့ ကျန်ဘူတာတွေမှာလည်း ရောင်းပေးပါလို့ တောင်းဆိုမှုတွေရှိလာမှပါ။ ခရီးသည်တွေ အသုံးပြုမှုများလာရင် ဘယ်လိုငွေပေးချေမှုပုံစံက အဆင်ပြေမလဲ စစ်တမ်းကောက်ရမှာပါ။ ကွန်ပျူတာစနစ်နဲ့ ရောင်းချတဲ့အတွက် ကြိုတင်ဖြတ်ထားရတဲ့ **စာမျက်နှာ ၅ ကော်လံ ၃ သို့ ❋**


SMART စမတ် ရိုလာ ခြင်ဇကာ



ခြင်ဇကာကို မလိုအပ်ချိန်တွင် ဘောင်ထဲသို့ လိပ်သိမ်းထားနိုင်၍ မြင်ကွင်းရှင်းသည်။
သံချေးတက်ခြင်း ဆွေးမြေ့ခြင်း မရှိသော ဖိုင်ဘာ ဂလတ်(စ်) ခြင်ဇကာသား

အလူမီနီယမ်နှင့် U-PVC တပ်ဆင်ရေးလုပ်ငန်းရှင်များ လက်ကားဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ရန်ကုန် - 01 450 962
09 431 44178
09 79222 8860
မန္တလေး - 09 2506 38611

ကားမှန် မှန်စပေါ့ နှင့် အက်ကြောင်းရှည် များကို အပိုင်၊ အပီ ဆေးထိုးပေးတဲ့
မှန်ဒေါက်တာ
ရန်ကုန် 09 4211 51119, 09 4500 54449
မန္တလေး 09 2506 38611, 09 7987 97917

မျက်နှာကျက်
၁၀ ပေပတ်လည် (တစ်ကျင်း) အပြီးအစီး ၇၀၀၀၀ ကျပ်
(ပစ္စည်းဖိုး၊ တပ်ဆင်ခ၊ သယ်ယူစရိတ် အားလုံးပါဝင်ပြီး)
အရည်အသွေးကောင်း မျက်နှာကျက်ပြား (2' x 2')
T-Bar, L-Bar များကိုသာ သုံး၍တပ်ဆင်ပေးသည်။
Ph: 09 730 20031, 09 730 20032

ကြေးမုံ စာတည်း ရှုထောင့် ၂-၆-၂၀၁၅ (အင်္ဂါနေ့)

# ဖခင်မေတ္တာ

မျက်မှောက်ကာလ လူမှုဘဝနယ်ပယ်တွင် မိမိတို့အား မွေးဖွားပေးပြီး လူလားမြောက်သည်အထိ စောင့်ရှောက်ခဲ့သော ကျေးဇူးရှင်ကို ဂုဏ်ပြုသတိရသောအားဖြင့် မိခင်များနေ့ ကျင်းပကြသလို ငယ်စဉ်တောင်ကျေး ကလေးဘဝမှ လူတစ်လုံးသူတစ်လုံးဖြစ်လာသည်အထိ ကျွေးမွေးစောင့်ရှောက်ခဲ့သည့် ကျေးဇူးရှင်ကို ဂုဏ်ပြုသောအားဖြင့် ဖခင်များနေ့ကိုလည်း ကျင်းပလာကြပါသည်။

မိခင်များနေ့နှင့် ဖခင်များနေ့ကို အမေရိကန်နိုင်ငံမှ စတင်အသိအမှတ်ပြုကျင်းပလာခဲ့ခြင်းဖြစ်ပြီး မြန်မာတို့၏အစဉ်အလာ ရိုးရာဓလေ့ထုံးစံ မဟုတ်ပါ။ အနောက်တိုင်းထုံးစံဖြစ်သော်လည်း မည်သည့်ထုံးစံဖြစ်စေ မိခင်နှင့်ဖခင်မှာ အနန္တဂိုဏ်းဝင် ကျေးဇူးရှင်များဖြစ်၍ ဂုဏ်ပြုသင့်၊ ကျေးဇူးဆပ်သင့်ပါသည်။

အမေရိကန်နိုင်ငံအနေဖြင့် ဇွန်လတတိယပတ်ကို ဖခင်များနေ့ သတ်မှတ်ခဲ့သည်။ နိုင်ငံတကာထုံးစံအရ ထိုနေ့ထိုရက်ကို ဖခင်များနေ့အဖြစ် အသိအမှတ်ပြု ဂုဏ်ပြုကြမည်ဖြစ်သော်လည်း မြန်မာတို့အနေဖြင့်မူ ထိုနေ့သာမက နေ့စဉ်နေ့တိုင်း မိခင်၊ ဖခင်တို့အား အသိအမှတ်ပြုကြမည်။ ကျေးဇူးဆပ်ကြမည်သာဖြစ်သည်။

မျက်မှောက်ကာလ၌ ကမ္ဘာသူ၊ ကမ္ဘာသားများအနေဖြင့် အနန္တဂိုဏ်းဝင် ကျေးဇူးရှင်တွင် တစ်ခုပါဝင်သည့် ဖခင်များအား သတိရဂုဏ်ပြုကာ နေ့ထူးသတ်မှတ်ကျင်းပကြသည်မှာ ဝမ်းမြောက်ဖွယ်ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်များသာမက မည်သည့်ဘာသာဝင်မဆို မိခင်၊ ဖခင်တို့အား ဂုဏ်ပြုသတိရခြင်းသည် ကောင်းသော အစဉ်အလာ မင်္ဂလာပင်ဖြစ်သည်။

မကြာသေးမီရက်ပိုင်းက မိခင်များနေ့ကို ကျင်းပခဲ့ကြပြီး ယခုတစ်ဖန် ဖခင်များနေ့ကို ကျင်းပကြရာတွင် ကျွန်ုပ်တို့သားသမီးများအနေဖြင့် အသိအမှတ်ပြုခြင်းသာမက ကျေးဇူးရှင်ဖခင်တို့၏ ဂုဏ်ကျေးဇူးကို အထူးသတိရခြင်း၊ ပြန်လည်ကျေးဇူးဆပ်ခြင်း၊ ပြန်လည်အလုပ်အကျွေးပြုခြင်းဖြင့် ကုသိုလ်များ ပွားတိုးရရှိလာမည်ဟု ယုံကြည်ပါသည်။

လူများစုမှာ များသောအားဖြင့် မိခင်များကိုသာ သတိတရအလေးထားကြသည်ကို တွေ့ရသည်။ ဖခင်များမှာမူ ၎င်းတို့၏ စီးပွားဥစ္စာရှာဖွေလုပ်ကိုင်မှုများကြောင့် သားသမီးများအပေါ် မိခင်များကဲ့သို့ ထိတွေ့မှုနည်းပါးလှသည်။ ထို့ကြောင့် သားသမီးများမှာ ဖခင်မေတ္တာထက် မိခင်မေတ္တာက ပိုကဲသာလွန်သည်ဟု မှတ်ယူနိုင်ပါသည်။ ထို့ကြောင့် ဖခင်ထက် မိခင်ကို ပိုမိုချစ်ခင်တတ်ကြပါသည်။

မိခင်နေ့ကျင်းပသောအခါ ဖခင်များက သားသမီးများအပေါ် ထားရှိသည့် မေတ္တာနည်းပါးသဖြင့် ဂုဏ်ပြုထိုက်သူတွင် မပါဝင်ဟု မေးခွန်းထုတ်စရာရှိလာနိုင်သည်။ ယခုဖခင်များနေ့ကို ဆက်လက်ကျင်းပကြသဖြင့် ဖခင်များမှာ သားသမီးများအတွက် ဝမ်းမြောက်ကြမည်ဖြစ်သည်။ သားသမီးများ၏ အသိအမှတ်ပြုမှုကို ခံကြရသောဖခင်များမှာ ၎င်းတို့၏သားသမီးများအား ဘဝတစ်လျှောက်လုံး အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးခဲ့မှုများအတွက် ကျေနပ်မိမည်ဖြစ်သည်။

အမှန်တွင် ဖခင်ဟူသည်မှာ မိခင်ကဲ့သို့ သားသမီးအပေါ် လက်ပွန်းတတီး မရှိနိုင်သော်လည်း ဖခင်၏ သားသမီးအပေါ်ထားရှိသော အံ့ပုန်းမေတ္တာများမှာ မိခင်များထက် မလျော့နိုင်ဟု ဆိုချင်ပါသည်။ ဖခင်များမှာ သားသမီးများအရေးအတွက် ရှေ့တန်းကမားမားရပ်သည့် သူရဲကောင်း၊ သားသမီးများ၏ နောက်ကွယ်မှ ရုန်းကန်လှုပ်ရှားနေသော ကရုဏာရှင်၊ သားသမီးများအတွက် ပြင်ပတွင်လှုပ်ရှားနေသည့် အဝေးရောက်ကျေးဇူးရှင်၊ သားသမီးများအား အရိပ်တကြည့်ကြည့် ကြည့်ရင်းပီတိဖြစ်နေတတ်သော တိတ်တခိုးမေတ္တာရှင်များသာဖြစ်သည်။

ထို့ကြောင့် သားသမီးများ၏ အနန္တဂိုဏ်းဝင်ကျေးဇူးရှင်တွင် မိခင်ရော၊ ဖခင်ပါ မေတ္တာကြီးမားပုံမှာ အတူတူပင်ဖြစ်သည်။ မိမိတို့ လူတစ်လုံးသူတစ်လုံးဖြစ်အောင်၊ လူတန်းစေ့နေထိုင်နိုင်အောင် ဖခင်သည် နိစ္စဓူဝအတတ်နိုင်ဆုံး၊ တတ်နိုင်သလောက် ရုန်းကန်လှုပ်ရှားနေကြသူများ ဖြစ်ပါသည်။

သို့ဖြစ်ရာ အနန္တဂိုဏ်းဝင် ကျေးဇူးရှင်များတွင် မိခင်နှင့်ဖခင်ပါဝင်သည်မှာ ထူးခြားသည့်ဂုဏ်အင်များကြောင့်ပါဝင်ခြင်းဖြစ်ပါသည်။ ကျေးဇူးကြီးမားလှသော မိခင်ကို မိမိတို့ဂုဏ်ပြုသလို ဖခင်၏ ဂုဏ်အင်များကိုပြန်လည်သတိရပြီး အသိအမှတ်ပြုကျေးဇူးဆပ်ခြင်းဖြင့် မင်္ဂလာအပေါင်းနှင့်ပြည့်စုံမည့်အပြင် ကုသိုလ်ထူးများကို ရရှိခံစားနိုင်ပါကြောင်း။ ။

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အီတလီနိုင်ငံ နှစ်ပတ်လည်နေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဇွန် ၂**

၂၀၁၅ ခုနှစ် ဇွန် ၂ ရက်တွင်ကျရောက်သော အီတလီသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အီတလီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ပါရိုလို ဂျန်တီလိုနီ ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

## သံအမတ်ကြီး ဦးချိုထွန်းအောင် သံအမတ်ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇွန် ၂**

ဘရူနိုင်းဒါရုဆလမ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးချိုထွန်းအောင်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၅ ခုနှစ် မေ ၂၁ ရက်တွင် ဘန်ဒါဆရီဘီဂါဝန်မြို့၌ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန်ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယားမူအစ်ဇာဒင် ဝါဒိုလာ အဗ်နီအယ်လ်မာဟွန် ဆူလ်တန် ဟာဂျီအိုမာအလီဆိုင်ဖူဒင် ဆအာဒူလ် ခိုင်ရီဝါဒင် ထံပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

## လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်ဘဏ်ကြီးတစ်ခုက မြန်မာကျောင်းသား ၅၀ ကို ပညာသင်ဆုချီးမြှင့်မည်

**ရန်ကုန် ဇွန် ၁**

မြန်မာနိုင်ငံရှိ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံမှ ဘဏ်ကြီးတစ်ခုဖြစ်သော မီဇူဟို(Mezuho)ဘဏ်က ဇွန် ၃ ရက်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ကျောင်းသား ၂၅ ဦးနှင့် ဇွန် ၅ ရက်တွင် မုံရွာစီးပွားရေးတက္ကသိုလ်မှ ကျောင်းသား ၂၅ ဦး စုစုပေါင်း ၅၀ ကို ပညာသင်ဆုပေးအပ်မည်ဖြစ်ကြောင်း အဆိုပါဘဏ်မှ တာဝန်ရှိသူတစ်ဦးက မေ ၂၉ ရက်က ပြောကြားခဲ့သည်။

မီဇူဟိုဘဏ်သည် အလားတူပညာသင်ဆုကို ယမန်နှစ်က ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ကျောင်းသား ၂၅ ဦးကို ပေးအပ်ချီးမြှင့်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မီဇူဟိုဘဏ်သည် လာမည့်ဩဂုတ် ၃ ရက်တွင် ၎င်း၏ ပထမဦးဆုံးမြန်မာဘဏ်ခွဲကို ဖွင့်လှစ်မည်ဖြစ်ပြီး ယင်းဘဏ်ခွဲကို ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ ဆီဒိုးနားဟိုတယ် စတုတ္ထထပ်၌ ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ဘဏ်လည်ပတ်ရေးအတွက် လိုအပ်သော ကျွမ်းကျင်ဝန်ထမ်းများကိုလည်း ရှာဖွေစုဆောင်းထားပြီးဖြစ်ကြောင်း အဆိုပါဘဏ်၏ ရန်ကုန်ကိုယ်စားလှယ်ရုံးမှ ဒေါ်မိမိနေမင်းဝင်းက ပြောကြားသည်။

၂၀၁၄ ခုနှစ် စက်တင်ဘာလက မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အတည်ပြုထောက်ခံချက်နှင့်အတူ မြန်မာနိုင်ငံတွင် ဘဏ်ခွဲဖွင့်ခွင့်ရသော မီဇူဟိုဘဏ်သည် ဘဏ်ဖွင့်ခွင့်ရသော နိုင်ငံခြားဘဏ် ကိုးခုအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ ဘဏ်လုပ်ငန်းနှင့်အတူ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင်လည်း တစ်တပ်တစ်အားပါဝင်နေကြောင်း သိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ယမန်နှစ် စက်တင်ဘာ ၃၀ ရက်က ဩစတြေးလျနှင့် နယူးဇီလန်ဘဏ်အုပ်စု လီမိတက်(ANZ)၊ ဘန်ကောက်ဘဏ်၊ တိုကျို-မစ်ဆူဘီရှီဘဏ်(BTMU)၊ တရုတ်စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်(ICBC)၊ မေဘဏ်၊ မီဇူဟိုဘဏ်၊ အိုဗာဆီးချိုင်းနစ်ဘန်ကင်းကော်ပိုရေးရှင်း(OCBC)၊ ဆူမီတိုမို မစ်ဆူရီ ဘန်ကင်း ကော်ပိုရေးရှင်း(SMBC)နှင့် ယူနိုက်တက် အိုဗာဆီးဘဏ်(UOB)တို့ကို မြန်မာနိုင်ငံအတွင်း ဘဏ်လုပ်ငန်းလိုင်စင်ပေးအပ်ခဲ့သည်။ **(ဝရဇိန်)**

## နိုင်ငံတကာအဆင့်မီ မိုင်တိုင်များစိုက်ထူမည်

**မြင်းခြံ ဇွန် ၁**

မြင်းခြံ-ရေဝန်း-မန္တလေး ၅၇ မိုင် လမ်းကို နိုင်ငံတကာအဆင့်မီ ကီလိုမီတာတိုင်နှင့် မိုင်တိုင်အသစ်များစိုက်ထူရန် နွားထိုးကြီးဆောက်လုပ်ရေးက လမ်းမိုင်တိုင်းတာမှုကို ပြုလုပ်နေကြောင်း အင်ဂျင်နီယာ ဒေါ်သိမ့်သိမ့်ထွန်းက ပြောသည်။

အလားတူပင် ၁၈ ပေကျယ် ကတ္တရာလမ်းကျယ်ဖြစ်ရန် မြင်းခြံ-ရေဝန်းလမ်း၌ နွားထိုးကြီးမြို့နယ်တွင် ၁၂ ပေလမ်းမှ ၁၈ ပေ လမ်း ၁၀ မိုင် ကျော်ကို ယခုနှစ်ချဲ့သွားမည်ဟု ဆက်လက်ပြောကြားသည်။ မကြာမီ မြင်းခြံ-ရေဝန်း-မန္တလေးလမ်း ၅၇ မိုင် ရှည်ကားလမ်းမှာ ၁၂ ပေလမ်းမရှိတော့ပဲ ၁၈ ပေလမ်းဖြင့်လမ်းကျယ်၍ သွားလာမှုအဆင်ပြေတော့မည်ဖြစ်သည်။ **(ဌေးမြင့်မောင်)**




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇွန် ၁**

| | | |
|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၁၅၀၀၀ - ၇၁၆၀၀၀ |
| မန္တလေး | ရွှေဈေး | ၇၁၅၀၀၀ - ၇၁၆၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၉၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၀၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၃၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**၂၅-၅-၂၀၁၅ ရက်နေ့မှ ၂၉-၅-၂၀၁၅ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၇၀၂ ကျပ်နှင့် ဒီဇယ်တစ်လီတာ ၆၅၈ ကျပ် ဖြစ်ပါသည်။** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၉၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၁၉၂. ၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၇၅. ၈၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၂. ၃၃၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၉၇. ၂၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၇. ၀၈၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၈၇၆. ၇၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၇. ၈၅၀ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၃၂. ၈၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၈၀၆. ၅၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

**အမြန်ပြန်လာပါ**

အမေဒေါ်ဖြူဖြူမော် (၉/မရမ(နိုင်)၀၀၀၇၄၆)အမြန်ပြန်လာပါ။ အဖေလည်း ကျန်းမာရေးမကောင်းပါ။ သမီးပညာရေးလည်း ရှိသေးတာမို့ ငဲ့ညှာပြီး အမြန်ပြန်လာပါ။

သမီး - ဝိုင်းဝိုင်း၊ ယမင်း

**ဥတုရာသီ တောကိုမှီ၏**

ဦးလှမြင့်
အင်္ဂလိပ်စာ၊ စကား သဒ္ဒါနှင့်အရေးသင်တန်း
၁၀ တန်းအောင်ထားသူများ အတွက် သီးသန့်တန်းခွဲရှိသည်
ဘွဲ့ကြို/ဘွဲ့ရများလည်းတက်နိုင်သည်။
၈ တန်းအတွက် သီးသန့်အင်္ဂလိပ်စာ

မိုးနဒင်း
ကျိုက်ထီးရိုး၊ ရှောင်းသာ(အပတ်စဉ် အဂါ၊သောကြာ)
မှပ္ပါ။ မှုံချောင်ဦး(စွယ်တော်လေးဆူ)
မှပ္ပါ။ ပုဂံ(စွယ်တော်လေးဆူ)မန္တလေး။ ပြင်ဦးလွင်
တောင်ကြီး။ အင်းလေး။ ပင်းတယ။ ကလော၊ ကဲ့လုံ၊ မွေတော်ကက္ကူ၊ ထမ်းစမ်းဂူ
မန္တလေး။ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ
ထားဝယ်၊ ရှင်ကိုးရှင်၊ မောင်းမကန်၊ ကျိုက္ခမီ၊ စက်ခဲ
ဖော်လပြင်၊ ကျိုက္ခမီ၊ စက်ခဲ၊ နွားလပို့တောင်
ရောင်းရင်းများ
မြန်မာပြည်အနှံ့ ဘုရားဖူးပို့ဆောင်ရေးလုပ်ငန်း
၂၂၉၊ ပန်းဆိုးတန်း(အပေါ်လမ်း)။ ဖုန်း-01-249871,255553,095137245,5122511

# ရွေးကောက်ပွဲမတိုင်မီ ကြားကာလ နိုင်ငံရေးတည်ငြိမ်မှုအတွက် အားလုံးပူးပေါင်းဆောင်ရွက်

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြောကြားသည့် ရေဒီယိုမိန့်ခွန်း (ဇွန်လ)**

**မိဘပြည်သူများခင်ဗျား**

ကျွန်တော်တို့နိုင်ငံရဲ့လက်ရှိအခြေအနေများကို မိဘပြည်သူများထံ ရေဒီယိုမှတစ်ဆင့် အသိပေးပြောကြားနေကျဖြစ်တဲ့အတိုင်း မေလအတွင်း မြန်မာနိုင်ငံရဲ့ပြုပြင်ပြောင်းလဲမှုများကို ပြောကြားရခြင်းဖြစ်ပါတယ်။

၂၀၁၁ ခုနှစ် ကျွန်တော်တို့အစိုးရတာဝန်ယူချိန်ကစလို့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုနဲ့ အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းတွေ အဆင့်ဆင့်အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ ဒီပြုပြင်ပြောင်းလဲရေးသုံးခုဟာ တစ်ခုနဲ့တစ်ခု ချိတ်ဆက်နေပြီး အပြန်အလှန်အမှီသဟဲပြုနေပါတယ်။

ကျွန်တော်တို့အစိုးရလက်ထက်မှာ အလေးထားဆောင်ရွက်လျက်ရှိတဲ့ လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်မှာဆိုရင် NCA လို့ခေါ်တဲ့ တစ်နိုင်ငံလုံး အတိုင်းအတာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ကနဦးသဘောတူညီချက်ကို ရရှိထားပြီးဖြစ်ပါတယ်။ မကြာခင်အချိန်အတွင်း ကရင်ပြည်နယ် လော်ခီးလာဒေသမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရဲ့ ညီလာခံတစ်ရပ်ကိုကျင်းပပြီး အတည်ပြုချက်များရယူဖို့ ပြင်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။ NCA စာချုပ်လက်မှတ်ရေးထိုးပြီးတာနဲ့ ကတိကဝတ်ထားရှိတဲ့အတိုင်း နိုင်ငံရေးဆွေးနွေးပွဲတွေ စတင်ကျင်းပနိုင်ဖို့ ပြင်ဆင်လုပ်ဆောင်ကြတော့မှာဖြစ်ပါတယ်။ ဒီနိုင်ငံရေးဆွေးနွေးပွဲတွေရဲ့ ဦးတည်ရည်မှန်းချက်ကတော့ တိုင်းရင်းသားညီအစ်ကိုအားလုံးဆန္ဒရှိကြတဲ့ "ဒီမိုကရေစီ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စု"ကို ညီညီညွတ်ညွတ် ကြိုးပမ်းတည်ဆောက်ကြဖို့ပဲဖြစ်ပါတယ်။ ဒါမှလည်း ကျွန်တော်တို့အားလုံးမျှော်မှန်းတဲ့ "ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး"ကို တည်ဆောက်သွားနိုင်မှာဖြစ်ပါတယ်။ မိမိတို့ကြိုးပမ်းအားထုတ်လုပ်ဆောင်နိုင်တာနဲ့အမျှ လက်ရှိမျိုးဆက်အတွက်သာမက နောင်မျိုးဆက်များအတွက်ပါ ပိုမိုကောင်းမွန်တဲ့ ရလဒ်ကောင်းများရရှိနိုင်မှာ ဖြစ်ပါတယ်။

တစ်ဖက်မှာလည်း ဒီအခြေခံတွေအပေါ် မူတည်ပြီး ကျွန်တော်တို့နိုင်ငံရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ဖို့ကို ပုံစံချလုပ်ဆောင်ကြရမှာဖြစ်ပြီး ပြည်တွင်းငြိမ်းချမ်းရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုတို့နဲ့ ဟန်ချက်ညီမယ့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေကိုလည်း ပြုလုပ်ကြရမှာဖြစ်ပါတယ်။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုလို့ဆိုရာမှာ အဓိကအားဖြင့် ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွင်း ဒီမိုကရေစီစနစ်နဲ့ ကျင့်စဉ်များ အမြစ်တွယ်ရှင်သန်လာရေး၊ ဒီမိုကရေစီနည်းလမ်းကျ အုပ်ချုပ်ရေးစနစ်နဲ့ ပြည်သူ့ရေးရာဝန်ဆောင်မှုများ ပေါ်ပေါက်လာရေးဆိုတာတွေကို အကောင်အထည်ဖော်လုပ်ဆောင်ဖို့အတွက် လိုအပ်မယ့် အသွင်ကူးပြောင်းရေးနဲ့ တည်ဆောက်ရေးလုပ်ငန်းများကို အဆင့်ဆင့်လုပ်ဆောင်ရမှာဖြစ်ပါတယ်။

ကျွန်တော်တို့အစိုးရတာဝန်ယူခဲ့တဲ့ လေးနှစ်တာကာလအတွင်း ဖြေလျှော့မှုတွေ၊ ပုံစံချဆောင်ရွက်မှုတွေနဲ့ ပြုပြင်ပြောင်းလဲမှုတွေကို ပြုလုပ်ခဲ့ပါတယ်။ ဒီလိုပြုလုပ်ရာမှာ ပကတိနိုင်ငံရေးအခြေအနေများအပေါ် မူတည်ပြီး လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ စနစ်တစ်ခုကနေ တစ်ခုကို ကူးပြောင်းတဲ့အခါမှာ စနစ်ဟောင်းက လုပ်ထုံးလုပ်နည်းတွေနဲ့ ကျင့်စဉ်တွေဟာ စနစ်သစ်မှာ အံမဝင်တော့တဲ့အတွက် နှေးကွေးလေးလံမှုတွေ၊ အဆင်မပြေမှုတွေ ကြုံတွေ့ခဲ့ရပါတယ်။ ကျွန်တော်တို့အနေနဲ့ ဘယ်လောက်ပဲစိန်ခေါ်မှုတွေရှိနေနေ အသွင်ကူးပြောင်းရေးအတွက် လိုအပ်တဲ့ပြုပြင်ပြောင်းလဲမှုတွေ လုပ်ဆောင်ခဲ့ပါတယ်။

အထူးသဖြင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေက ခွင့်ပြုထားတဲ့ ပြည်ထောင်စုဥပဒေပြုစာရင်း ဇယား(၁)နဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း ဇယား(၂)တို့ရဲ့ အနှစ်သာရဖြစ်တဲ့ ပြည်ထောင်စုအစိုးရနဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီးအစိုးရများအကြား အာဏာခွဲဝေမှုများကို အသက်ဝင်လာဖို့ ကြိုးပမ်းခဲ့ပါတယ်။ ပထမဆုံးအာရုံစိုက်လုပ်ဆောင်ခဲ့တာက အခြေခံဥပဒေမှာပါတဲ့ ပေးထားချက်များ အကောင်အထည်ပေါ် အသက်ဝင်လာဖို့ဖြစ်ပါတယ်။ နောက်တစ်ဆင့်မှာတော့ အခြေခံဥပဒေရဲ့ ပေးထားချက်တွေကို လိုအပ်တဲ့ချိန်ညှိမှုများနဲ့ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ခဲ့ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအတွက် ဆွေးနွေးကြတဲ့အခါမှာ ဇယား(၁)နဲ့ ဇယား(၂)ကို ပြင်ဆင်ဖို့ အဆိုတင်သွင်းခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များကလည်း ထောက်ခံခဲ့ကြပါတယ်။ နိုင်ငံရေးပါတီများကလည်း ဒီကိစ္စအပေါ် အကြံပြုပြောကြားခဲ့တာတွေရှိပါတယ်။

ကျွန်တော်တို့တိုင်းပြည်ကို "ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စု" အဖြစ် ပြောင်းလဲတည်ဆောက်ရာမှာ အခြေခံကောင်းတွေရှိနေဖို့ လိုအပ်ပါတယ်။ ဒါကြောင့် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ဒေသခံတိုင်းရင်းသားပြည်သူများရဲ့ အကျိုးစီးပွားကို ဦးတည်တဲ့၊ မျှတမှုလည်းရှိတဲ့ ဘဏ္ဍာငွေအခွန်အကောက်ခွဲဝေမှု၊ လုပ်ပိုင်ခွင့်အာဏာခွဲဝေမှုတွေကို ဇယား(၁)နဲ့ ဇယား(၂) တို့မှာ ပြင်ဆင်နိုင်ဖို့ ဦးစားပေးညှိနှိုင်းလုပ်ဆောင်နေပါတယ်။ အစိုးရသက်တမ်း လေးနှစ်တာကာလအတွင်း လက်တွေ့ဆောင်ရွက်မှုများ၊ စမ်းသပ်လုပ်ဆောင်မှုများ၊ တွေ့ဆုံဆွေးနွေးမှုများကနေတစ်ဆင့် ရရှိလာတဲ့ အတွေ့အကြုံများ၊ အကြံဉာဏ်များနဲ့ အချက်အလက်များကိုအခြေခံပြီး ဇယား(၁)နဲ့ ဇယား(၂) ပြင်ဆင်ဖို့ ဥပဒေကြမ်းတစ်ရပ်ကို ဇွန်လအတွင်းမှာပဲ လွှတ်တော်ထံပေးပို့တင်သွင်းသွားမှာဖြစ်ပါတယ်။

ဒါ့အပြင် အုပ်ချုပ်ရေးကဏ္ဍအတွက်သာမက အခြားသောကဏ္ဍရပ်ပေါင်းစုံအတွက် ထိရောက်စွာအကျိုးပြုနိုင်မယ့် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပင်မအစီရင်ခံစာကို မေလ ၂၉ ရက်နေ့မှာ တရားဝင်ထုတ်ပြန်ကြေညာနိုင်ခဲ့ပါတယ်။ ကာလရှည်ကြာ သန်းခေါင်စာရင်းမကောက်ယူနိုင်ခဲ့တဲ့အတွက် ယခု သန်းခေါင်စာရင်းဟာ ကျွန်တော်တို့တိုင်းပြည်အတွက် ပြည်သူ့ရေးရာဝန်ဆောင်မှုများ၊ မူဝါဒများချမှတ်ဖို့ အများကြီးအသုံးဝင်ပါတယ်။ ယခင်လူဦးရေကို ခန့်မှန်းတွက်ချက်နေရတဲ့ အနေအထားကနေ ယခုသန်းခေါင်စာရင်းအရ တိတိကျကျတွက်ချက်နိုင်လာတဲ့အတွက် မူဝါဒချမှတ်မှုများ ပိုမိုထိရောက်လာမှာဖြစ်ပါတယ်။ ဒါသည်ပင်လျှင် ကျွန်တော်တို့နိုင်ငံအတွက် ပထမဆုံးရရှိတဲ့ ပကတိတန်ဖိုးပဲဖြစ်ပါတယ်။ မကြာမီ ကျင်းပပြုလုပ်မယ့် အထွေထွေရွေးကောက်ပွဲများအတွက် မဲဆန္ဒရှင်စာရင်းပြုစုရာမှာလည်း ဒီလူဦးရေစာရင်းကို အခြေခံပြုစုရမှာဖြစ်ပါတယ်။

တစ်ဆက်တည်းမှာပဲ အနိမ့်ဆုံးလုပ်ခလစာနဲ့ပတ်သက်ပြီး အသိပေးပြောကြားလိုပါတယ်။ အနိမ့်ဆုံးလုပ်ခလစာနဲ့ပတ်သက်တဲ့ အကြောင်းအရာနဲ့ သတင်းအချက်အလက်တွေကို စက်ရုံ၊ အလုပ်ရုံများမှာ လုပ်ကိုင်နေကြတဲ့ အလုပ်သမားများဆီကို အလုပ်သမားအဖွဲ့အစည်းများက သွားရောက်ဖြန့်ဖြူးခြင်း၊ အလုပ်သမားများထံကနေ သဘောထားဆန္ဒများ မေးမြန်းဆွေးနွေးခြင်းများနဲ့ ရရှိလာမယ့်အချက်အလက်တွေကို စုစည်းပြီး အနိမ့်ဆုံးလုပ်ခလစာသတ်မှတ်ရေးနဲ့ စပ်လျဉ်းတဲ့ အမျိုးသားအဆင့်ကော်မတီဆွေးနွေးပွဲ မကြာခင်ကျင်းပသွားဖို့ စီမံဆောင်ရွက်လျက်ရှိပါတယ်။ ဒီစီမံဆောင်ရွက်မှုများ ပြီးစီးတဲ့အခါ အနိမ့်ဆုံးလုပ်ခလစာနဲ့ပတ်သက်တဲ့ ဆုံးဖြတ်ချက်များကို ဇွန်လအတွင်းမှာ ချမှတ်ပြဋ္ဌာန်းသတ်မှတ်ဆောင်ရွက် အကောင်အထည်ဖော်သွားနိုင်တော့မှာဖြစ်ပါတယ်။

အမျိုးသားပြန်လည်သင့်မြတ်ရေးဟာလည်း ကျွန်တော်တို့နိုင်ငံအတွက် အလွန်အရေးကြီးတဲ့ကိစ္စဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ သမိုင်းတစ်လျှောက်မှာ နိုင်ငံရေးအင်အားစုတွေကြား၊ နိုင်ငံရေးခေါင်းဆောင်တွေကြားမှာ ကျယ်ပြန့်တဲ့ သဘောတူညီချက်တွေ မရရှိခဲ့တဲ့အတွက် တိုင်းပြည်နစ်နာခဲ့ရတာကို သင်ခန်းစာယူပြီး ကျွန်တော့်အနေနဲ့ နိုင်ငံရေးခေါင်းဆောင်များနဲ့ တွေ့ဆုံဆွေးနွေးမှုတွေကို ပုံစံမျိုးစုံနဲ့ ပြုလုပ်ခဲ့တာလည်း အားလုံးအသိပဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့ မေလ ၁၈ ရက်နေ့မှာလည်း ရန်ကုန်မြို့မှာ နိုင်ငံရေးပါတီအသီးသီးက ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များနဲ့တွေ့ဆုံပြီး ငြိမ်းချမ်းရေးဖြစ်စဉ်များ ဆက်လက်ဖြစ်ထွန်းအောင်မြင်ရေး၊ ၂၀၁၅ အထွေထွေရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးနဲ့ ရွေးကောက်ပွဲများမတိုင်မီ ကြားကာလ နိုင်ငံရေးတည်ငြိမ်စေနိုင်ရေးဆိုတဲ့ကိစ္စများကို ပူးပေါင်းဆောင်ရွက်ကြဖို့ ဆွေးနွေးခဲ့ကြပါတယ်။

**နိုင်ငံရေးအင်အားစုများအားလုံးဟာ ရေရှည်တည်ဆောက်ရမယ့် နိုင်ငံတည်ဆောက်ရေး၊ အမျိုးသားသွေးစည်းညီညွတ်မှုတည်ဆောက်ရေးနဲ့ ငြိမ်းချမ်းရေးတည်ဆောက်ရေးဆိုတဲ့ ရှုမြင်မှုများနဲ့ ကြိုတင်မျှော်မှန်းပြင်ဆင်ကြရမှာလည်းဖြစ်။**

**ကျွန်တော်တို့အစိုးရလက်ထက်မှာပေါ်ပေါက်ခဲ့တဲ့ ဆွေးနွေးညှိနှိုင်းမှုတွေကနေတစ်ဆင့် အဖြေရှာတဲ့ နိုင်ငံရေးယဉ်ကျေးမှုသစ်ကို ပိုမိုတိုးတက်လာအောင် လုပ်ဆောင်ဖို့လိုအပ်။**

**ဒီလိုဆောင်ရွက်မှသာလျှင် ပွင့်လင်းလွတ်လပ်တဲ့လူ့အဖွဲ့အစည်းနဲ့ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတစ်ခုကို တည်ဆောက်နိုင်မှာဖြစ်။**

မကြာမီကျင်းပပြုလုပ်တော့မယ့် အထွေထွေရွေးကောက်ပွဲများကို မျှော်မှန်းကြည့်တဲ့အခါ ပြည်သူလူထုရဲ့ ဆန္ဒမှန်ကိုထင်ဟပ်မယ့် ကိုယ်စားလှယ် အသီးသီးပေါ်ထွက်လာမယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်မိပါတယ်။ ဒီလို ကိုယ်စားလှယ်တွေ ပေါ်ထွက်လာခြင်းဟာ နိုင်ငံရေးအင်အားတစ်ခုဖြစ်လာမှာဖြစ်ပါတယ်။ ဒီအင်အားဟာ ကျွန်တော်တို့ အစိုးရလက်ထက်မှာ အုတ်မြစ်ချတည်ဆောက်နိုင်ခဲ့တဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အရှိန်မြှင့်ပြီး ဒီမိုကရေစီအသွင်ကူးပြောင်းရေး အောင်မြင်အောင်လုပ်ဆောင်နိုင်မယ်လို့လည်း ယုံကြည်ပါတယ်။ ဒါကြောင့် နိုင်ငံရေးအင်အားစုများအားလုံးဟာ ရေရှည်တည်ဆောက်ရမယ့် နိုင်ငံတည်ဆောက်ရေး၊ အမျိုးသားသွေးစည်းညီညွတ်မှုတည်ဆောက်ရေးနဲ့ ငြိမ်းချမ်းရေးတည်ဆောက်ရေးဆိုတဲ့ ရှုမြင်မှုများနဲ့ ကြိုတင်မျှော်မှန်းပြင်ဆင်ကြရမှာလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ အစိုးရလက်ထက်မှာပေါ်ပေါက်ခဲ့တဲ့ ဆွေးနွေးညှိနှိုင်းမှုတွေကနေတစ်ဆင့် အဖြေရှာတဲ့ နိုင်ငံရေးယဉ်ကျေးမှုသစ်ကိုပိုမိုတိုးတက်လာအောင် လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ ဒီလိုဆောင်ရွက်မှသာလျှင် ပွင့်လင်းလွတ်လပ်တဲ့ လူ့အဖွဲ့အစည်းနဲ့ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတစ်ခုကို တည်ဆောက်နိုင်မှာဖြစ်ပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံရဲ့အနာဂတ်နိုင်ငံရေးအတွက် အလွန်အရေးကြီးတဲ့ ၂၀၁၅ အထွေထွေရွေးကောက်ပွဲများကို လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲများအဖြစ် အောင်မြင်စွာကျင်းပနိုင်ဖို့အတွက် အစိုးရအဖွဲ့အနေနဲ့ အုပ်ချုပ်ရေးကဏ္ဍနဲ့သက်ဆိုင်တဲ့ကိစ္စရပ်တွေမှာ ရွေးကောက်ပွဲကော်မရှင်အပါအဝင် တခြားသက်ဆိုင်ရာအဖွဲ့အစည်းအားလုံးနဲ့ အပြည့်အဝပူးပေါင်းလုပ်ဆောင်မှာဖြစ်ပါတယ်။ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေကို ထိထိရောက်ရောက်နဲ့ မှန်မှန်ကန်ကန်အကောင်အထည်ဖော်နိုင်ဖို့ အစိုးရယန္တရားအဆင့်ဆင့်ကနေ လိုအပ်တဲ့လုပ်ငန်းတာဝန်အရပ်ရပ်ကို ကျေပွန်အောင်ပွင့်လင်းမြင်သာမှု ရှိရှိ၊ မှန်မှန်ကန်ကန် တာဝန်ယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲကော်မရှင်အနေနဲ့ မဲစာရင်းမှန်ကန်ဖို့နဲ့ ဥပဒေနဲ့အညီ မဲပေးခွင့်ရှိတဲ့ နိုင်ငံသားအားလုံး မဲပေးနိုင်ဖို့၊ ရွေးကောက်ပွဲရလဒ်တွေကို ပွင့်လင်းမြင်သာမှုရှိရှိ၊ တိတိကျကျ မှန်မှန်ကန်ကန်ထုတ်ပြန်ပေးနိုင်ဖို့ ပြည်တွင်းနဲ့ နိုင်ငံတကာမှ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်တဲ့ အဖွဲ့အစည်းတွေက ကျွမ်းကျင်ပညာရှင်တွေအနေနဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ လေ့လာစောင့်ကြည့်နိုင်ဖို့တွေကို စီစဉ်ဆောင်ရွက်နေတယ်လို့ သိရပါတယ်။

ကပ္ပလီပင်လယ်အော်အတွင်းမှာ မျောပါနေတဲ့ လှေစီးဒုက္ခသည်များအရေးနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံအနေနဲ့ လိုအပ်တဲ့ ဖြေရှင်းဆောင်ရွက်မှုတွေကို တုံ့ပြန်ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူများရဲ့ အကျိုးစီးပွားနဲ့အချုပ်အခြာအာဏာကို ကာကွယ်ရမှာဖြစ်သလို တစ်ဖက်မှာလည်း နိုင်ငံတကာအသိုင်းအဝိုင်းမှာ တာဝန်သိတဲ့၊ တာဝန်ယူတဲ့ နိုင်ငံတစ်နိုင်ငံအနေနဲ့ လှေစီးဒုက္ခသည်များကို ကယ်ဆယ်ဆောင်ရွက်နိုင်ဖို့နဲ့ လူသားချင်းစာနာတဲ့ အကူအညီများပေးအပ်ပြီး ၎င်းတို့ရဲ့နေရပ်ကို ပြန်လည်ပို့ဆောင်နိုင်ရေးအတွက် နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း လူမှောင်ခိုကုန်ကူးမှုများနဲ့ တရားမဝင်ထွက်ပြေးစွန့်ခွာမှုတွေရဲ့ အဓိကဇာစ်မြစ်ဖြစ်တဲ့အလုပ်အကိုင်ရှားပါးမှုနဲ့ ဆင်းရဲမွဲတေမှုပပျောက်ရေးတို့ကို အာရုံစိုက်လုပ်ဆောင်နေပါတယ်။ ရခိုင်ပြည်နယ်မှာလည်း ပြည်တွင်း မှီတင်းနေထိုင်ကြသူများရဲ့ လူမှုစီးပွားဘဝမြှင့်တင်နိုင်ရေး အစီအမံများကို အာရုံစိုက်လုပ်ဆောင်နေပါတယ်။

ကျွန်တော့်အနေနဲ့ နိုင်ငံရေးအင်အားစုများအားလုံးနဲ့ ပြည်သူလူထုတစ်ရပ်လုံးကို တိုက်တွန်းပြောကြားလိုတာတွေကတော့ လတ်တလောမျှော်မှန်းချက်အနေနဲ့ ရွေးကောက်ပွဲမတိုင်မီ ကြားကာလ နိုင်ငံရေးတည်ငြိမ်မှုအတွက် အားလုံးပူးပေါင်းဆောင်ရွက်ဖို့ဖြစ်ပါတယ်။ ရေရှည်ရည်မှန်းချက်များအနေနဲ့ကတော့ အနာဂတ်မြန်မာနိုင်ငံတော်သစ် တည်ဆောက်ဖို့လိုအပ်မယ့် အခြေခံများကို မျက်ခြည်ပြတ်မခံဘဲ ယှဉ်တွဲစဉ်းစားပြင်ဆင်ကြဖို့ တိုက်တွန်းပြောကြားလိုခြင်းပဲဖြစ်ပါတယ်။ ဒီလိုရေရှည်တည်ဆောက်ရမယ့် ရည်မှန်းချက်များကို ပြဋ္ဌာန်းသတ်မှတ်တဲ့အခါမှာလည်း ဆန္ဒစွဲကင်းကင်းနဲ့ အစွန်းမရောက်တဲ့မျှော်မှန်းချက်များဖြစ်ဖို့ အလွန်အရေးကြီးပါတယ်။ အထူးသဖြင့် မိမိတို့လူ့အဖွဲ့အစည်းလို နိုင်ငံရေးပဋိပက္ခများနဲ့ လက်နက်ကိုင်ပဋိပက္ခများကနေ ရရှိခဲ့တဲ့ ခါးသီးတဲ့အတွေ့အကြုံတွေကို အနာဂတ်မျိုးဆက်သစ်များထံ ဆိုးမွေများအနေနဲ့ လက်ဆင့်မကမ်းဘဲ မိမိတို့လက်ထက်မှာ သမိုင်းသင်ခန်းစာများကိုအခြေခံပြီး ကောင်းမွန်တဲ့ရည်မှန်းချက်များ တည်ဆောက်ကြဖို့ အထူးပင်အရေးကြီးတဲ့အကြောင်းလည်း ပြောကြားလိုပါတယ်။

ကျွန်တော့်အနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးရအောင် ပြည်သူများရဲ့ စီးပွားရေးပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင် ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့အနာဂတ်တွေ ဖန်တီးပေးနိုင်ဖို့ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

မိဘပြည်သူများ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ။

# နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် ရာသီဥတုဆိုးရွားမှုကြောင့် ဂျပန်နိုင်ငံ နာဂိုယာမြို့ ကိုမာကီလေဆိပ်သို့ အရေးပေါ်ဆင်းသက်ရန် ဦးတည်ခဲ့ရ

**တိုကျို ဇွန် ၁**

နေရောင်ခြည်စွမ်းအင်သုံး Solar Impulse-2 လေယာဉ်သည် ရာသီဥတု အလွန်အမင်းဆိုးရွားမှုကြောင့် ပစိဖိတ်သမုဒ္ဒရာအား နေရောင်ခြည်စွမ်းအင်အသုံးပြုပြီး စံချိန်တင်ဖြတ်သန်းရန်စီစဉ်ထားမှုကို ဖျက်သိမ်းခဲ့ရသည်။

လေယာဉ်သည် ရာသီဥတုဆိုးရွားမှုကြောင့် ဂျပန်နိုင်ငံ နာဂိုယာမြို့ ကိုမာကီလေဆိပ်သို့ အရေးပေါ်ဆင်းသက်ရန် ဦးတည်ခဲ့ရသည်။

တရုတ်နိုင်ငံမှ ဟာဝိုင်ယီကျွန်းသို့ အချိန်အားဖြင့် ခြောက်ရက်ကြာညောင်းမည့်ခရီးစဉ်ကို ၃၆ နာရီသာလျှင် မောင်းနှင်ဖြတ်သန်းရသေးသည်။ လေယာဉ်မောင်းနှင်ရေးအဖွဲ့သည် ရာသီဥတုကောင်းမွန်သည့်အချိန်ထိ ဂျပန်နိုင်ငံတွင် ဆက်လက်စောင့်ဆိုင်းနေမည်ဖြစ်သည်။

လေယာဉ်ဆင်းသက်ခဲ့ရခြင်းအတွက် စိတ်ပျက်မိကြောင်းနှင့် နောက်ထပ်တစ်ကြိမ်ကြိုးစားဦးမည်ဖြစ်ကြောင်း ဆွစ်ဇာလန်လူမျိုးလေယာဉ်မှူး ဘောရှ်ဘာ့ဂ်ျက ပြောသည်။ ၎င်းတို့သည် မိုက်ရူးရဲဆန်သူများမဟုတ်ဘဲ စူးစမ်းလေ့လာသူများသာဖြစ်ပါကြောင်း လေယာဉ်ပျံသန်းရေးခရီးစဉ်ကို မိုနာကိုနိုင်ငံမှ စောင့်ကြည့်နေသည့် ပူးတွဲလေယာဉ်မှူး ဘာထရန်းပစ်ကတ်ဒ်ကဆိုသည်။

လေယာဉ်သည် ဒေသစံတော်ချိန် ည ၁၁ နာရီတွင် ဂျပန်နိုင်ငံ နာဂိုယာမြို့ရှိ ကိုမာကီလေဆိပ်သို့ ရောက်ရှိမည်ဟု ခန့်မှန်းရသည်။ ယခုအကြိမ်ပျံသန်းမှုသည် နေရောင်ခြည်စွမ်းအင်ကိုသုံးပြီး ကမ္ဘာပတ်ရန်ကြိုးပမ်းမှု၏ ခုနစ်ကြိမ်မြောက်ဖြစ်ကြောင်း လေယာဉ်ပျံသန်းရေးအဖွဲ့ပြောရေးဆိုခွင့်ရှိသူက ဆိုသည်။



ဆိုလာပြား ၁၇၀၀၀ ခန့်တပ်ဆင်ထားသည့် Solar Impulse -2 လေယာဉ်အနေဖြင့် အလွန်ကျယ်ပြန့်လှသည့် ပစိဖိတ်သမုဒ္ဒရာကိုဖြတ်သန်းမည့် ခရီးစဉ်သည် လွန်စွာပင်ခဲယဉ်းလှသည်။

ရာသီဥတုအခြေအနေကို စောင့်ဆိုင်းနေခဲ့ရခြင်းကြောင့် ပစိဖိတ်သမုဒ္ဒရာကို ဖြတ်သန်းရန် တရုတ်နိုင်ငံတွင် တစ်လကျော် ကြာညောင်းခဲ့သည်။

ဇွန် ၆ ရက် ဂရင်းနစ်စံတော်ချိန် ၁၈ နာရီ ၃၉ မိနစ်တွင် ပျံသန်းမှုခရီးစဉ်ကို ပြန်လည်စတင်နိုင်မည်ဖြစ်ကြောင်း လေယာဉ်ပျံသန်းရေးအဖွဲ့၏ မိုးလေဝသပညာရှင်များက ထင်ကြေးပေးကြသည်။

**ရိုက်တာ။**

# အိန္ဒိယတပ်ဖွဲ့က စစ်သွေးကြွလေးဦးကို သုတ်သင်

**ဆာရီနာဂါ ဇွန် ၁**

အိန္ဒိယကြည်းတပ် တပ်ဖွဲ့ဝင်များနှင့် စစ်သွေးကြွများသည် ပိုင်နက်နယ်မြေအငြင်းပွားမှုရှိနေသည့် ကက်ရှ်မီးယားဒေသ၌ ၁၆ နာရီကြာ တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီး မေ ၃၁ ရက် နှောင်းပိုင်း၌ တိုက်ခိုက်မှုများ အဆုံးသတ်ခဲ့ကြောင်း၊ ယင်းတိုက်ခိုက်မှုအတွင်း အိန္ဒိယကြည်းတပ်က စစ်သွေးကြွလေးဦးကို သုတ်သင်နိုင်ခဲ့ကြောင်း ယနေ့ ရိုက်တာသတင်းတွင် ဖော်ပြသည်။

အိန္ဒိယတပ်ဖွဲ့များ နယ်ခြားဒေသကိုဖြတ်ကျော်ကာ ပါကစ္စတန်နိုင်ငံဘက်မှ စစ်သွေးကြွများ ဝင်ရောက်လာပြီး အိန္ဒိယစစ်စခန်းတစ်ခုကို တိုက်ခိုက်ရန် ကြိုးပမ်းခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ကက်ရှ်မီးယားနယ်စပ်ဒေသအတွင်းရှိ တန်းဂါးမြို့အနီး အိန္ဒိယစစ်အခြေစိုက်စခန်းအနီးသို့ ချဉ်းကပ်လာသူများကို တွေ့ရှိခဲ့ရပြီးနောက် ၎င်းတို့သည် နေအိမ်နှစ်လုံးတွင် ခိုလှုံနေခဲ့ကြောင်း အမည်မဖော်သူ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

အိန္ဒိယကြည်းတပ် တပ်ဖွဲ့ဝင်များက အဆိုပါစစ်သွေးကြွများ ခိုအောင်းနေသော အဆောက်အအုံများကို စိန်ပြောင်းများ၊ စက်သေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး လက်ရွေးစင် ကွန်မန်ဒိုတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၄၀ ခန့်ကို လေကြောင်းမှ ခေါ်ယူခဲ့သည်။အိန္ဒိယတပ်ဖွဲ့ဝင်များသည် တိုက်ပွဲအတွင်း လွတ်မြောက်သွားသော စစ်သွေးကြွနှစ်ဦးကို လိုက်လံရှာဖွေလျက်ရှိသည်။ **ရိုက်တာ။**

# ပေကျင်း၌ အများပြည်သူနှင့်သက်ဆိုင်သောနေရာများတွင် ဆေးလိပ်သောက်ခြင်းကိုတားမြစ်



**ပေကျင်း ဇွန် ၁**

တရုတ်နိုင်ငံအစိုးရက ဥပဒေအသစ်ပြဋ္ဌာန်းခဲ့ပြီးနောက် မြို့တော်ပေကျင်း၏အများပြည်သူတို့နှင့် သက်ဆိုင်သောနေရာများတွင် ဆေးလိပ်သောက်ခြင်းကိုတားမြစ်ပိတ်ပင်လိုက်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

တရုတ်နိုင်ငံတွင် ဆေးလိပ်သောက်သူသန်း ၃၀၀ကျော်ရှိပြီး နှစ်စဉ်လူဦးရေတစ်သန်းကျော်သည် ဆေးလိပ်ကြောင့်ဖြစ်ပွားသောရောဂါများဖြင့် သေဆုံးလျက်ရှိသည်။ဆေးလိပ်သောက်သုံးမှုကို တားမြစ်သောအမိန့်မှာ တရုတ်နိုင်ငံတွင် ပြဋ္ဌာန်းပြီးဖြစ်သော်လည်း ဆေးလိပ်သောက်သည့်အကျင့်ကို စွန့်လွှတ်စေရန် ဆောင်ရွက်မှုများအောင်မြင်ခြင်းမရှိပေ။

အဆိုပါတင်းကြပ်သောဥပဒေအရ ပေကျင်းမြို့တွင်းရှိ စားသောက်ဆိုင်များ၊ ရုံးများနှင့်အများပြည်သူခရီးသွားလာသော ယာဉ်များပေါ်တွင် ဆေးလိပ်သောက်ခွင့်လုံးဝမရှိပေ။ **ရိုက်တာ။**



# စစ်ပွဲများကြောင့် ရွှေ့ဆိုင်းထားရသည့် စုံတွဲ ၂၀၀၀ မင်္ဂလာပွဲ ဂါဇာတွင် တစ်ပြိုင်တည်း ကျင်းပ

**ဂါဇာ ဇွန် ၁**

ပါလက်စတိုင်းစုံတွဲ ၂၀၀၀ သည် ၎င်းတို့၏ စုပေါင်းထိမ်းမြားမင်္ဂလာလက်ထပ်ပွဲကို ဂါဇာကမ်းမြောင်တွင် ကျင်းပခဲ့သည်။ အဆိုပါ စုပေါင်းမင်္ဂလာလက်ထပ်ပွဲအခမ်းအနားကို ဘောလုံးကွင်းတစ်ကွင်း ဆင်ယင်ကျင်းပခဲ့ပြီး တူရကီအစိုးရက ထောက်ပံ့ကူညီခဲ့သည်။

သတို့သားနှင့် သတို့သမီးများသည် ဘောလုံးကွင်းအတွင်း တစ်ဖက်တစ်ချက်စီတွင် နေရာယူထိုင်ခဲ့ကြသည်။ ၎င်းတို့ကို ပါလက်စတိုင်းရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး ဟားမားစ်အစ္စလာမ္မစ်အဖွဲ့ ထိပ်တန်းခေါင်းဆောင်တစ်ဦးက မင်္ဂလာစုံတွဲများအတွက် ဂုဏ်ယူဝမ်းမြောက်စကားပြောကြားခဲ့သည်။

ဂါဇာဒေသရှိ စုံတွဲအတော်များများသည် လွန်ခဲ့သည့်နှစ် နွေရာသီက အစ္စရေးနှင့် ဟားမားစ်တို့အကြားစစ်ပွဲများ ဖြစ်ပွားနေသည့်အတွက် ၎င်းတို့၏ မင်္ဂလာလက်ထပ်ပွဲအစီအစဉ်များကို ရွှေ့ဆိုင်းခဲ့ကြရသည်။ သို့သော် ပဋိပက္ခများ အတော်အတန် ချုပ်ငြိမ်းသွားပြီးနောက် မင်္ဂလာပွဲများကို တက်သုတ်ရိုက် စီစဉ်ကျင်းပခဲ့ကြခြင်းဖြစ်သည်။

အဆိုပါမင်္ဂလာပွဲအတွက် တူရကီအစိုးရက ဒေါ်လာလေးသန်း ထည့်ဝင်ကူညီစီစဉ်ကျင်းပပေးခဲ့ခြင်းဖြစ်သည်။ အသက် (၂၇) နှစ်အရွယ်သတို့သားတစ်ဦးက အလွန်ဝမ်းသာပီတိဖြစ်ရသည်ဟု ပြောကြားသည်။

**အင်န်အိတ်ချ်ကေ။**

# နှစ်နိုင်ငံတပ်မတော်နှစ်ရပ်ကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာမှုရှိအောင် တိုးမြှင့်ဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဇွန် ၁**

ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ရုရှားနိုင်ငံ၏ ဆောင်ရွက်နေမှုများကို တန်ဖိုးထားပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူနှင့်အညီ ရပ်တည်လျက်ရှိပြီး ကမ္ဘာ့နိုင်ငံများနှင့် မိတ်ဝတ်မပျက်ဆက်ဆံလျက်ရှိပါကြောင်း၊ ရုရှားနိုင်ငံသည် မိမိတို့၏ မိတ်ဆွေရင်းနိုင်ငံတစ်ခုဖြစ်ကြောင်း၊ မိမိတို့တပ်မတော်အနေဖြင့်လည်း ကမ္ဘာ့နိုင်ငံအသီးသီးရှိ တပ်မတော်များနှင့် ချစ်ကြည်ရင်းနှီးမှုရရှိရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့နံနက် ၁၁ နာရီတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကြည်းတပ်ဦးစီးချုပ် Colonel General OLEG L. SALYUKOV အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံရာ**(ယာပုံ)**တွင် ထည့်သွင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကြည်းတပ်ဦးစီးချုပ် Colonel General OLEG L.SALYUKOV နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. VASILY B.POSPELOV၊ စစ်သံမှူး Colonel DMITRY S.GUROV နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတပ်မတော်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံနှင့်တပ်မတော်နှစ်ရပ်ကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာမှုရှိအောင် တိုးမြှင့်ဆောင်ရွက်ရေး၊ စစ်ဘက်နှင့်ဆေးပညာရပ်ပိုင်းဆိုင်ရာလေ့လာရေးအဖွဲ့များ အပြန်အလှန်စေလွှတ်ရေး၊ ပညာတော်သင်များစေလွှတ်ရေး၊ တပ်မတော်အချင်းချင်း အတွေ့အကြုံများဖလှယ်၍ အတတ်ပညာနှင့် နည်းပညာရပ်ပိုင်းဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**(မြဝတီ)**



## နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇွန် ၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၅ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် **မဟာမိတ်တောင်သူလယ်သမားပါတီ**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ပဲခူးတိုင်းဒေသကြီး နန်းတော်ရာရပ်ကွက် အင်းဝင်(၄)လမ်း အိမ်အမှတ်(၂၆၂၆)တွင် ပါတီရုံးချုပ်တည်ရှိသော **မဟာမိတ်တောင်သူလယ်သမားပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅အရ နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ခွင့်ပြုရန် ၁-၆-၂၀၁၅ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်းတင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**မဟာမိတ်တောင်သူလယ်သမားပါတီ၏ အလံပုံစံ**



**မဟာမိတ်တောင်သူလယ်သမားပါတီ၏ တံဆိပ်ပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**✻ ရှေ့ဖုံးမှ**

လက်မှတ်တွေလိုမဟုတ်ဘဲ ချက်ချင်းသွား ချက်ချင်းလက်မှတ်ဖြတ်တဲ့ စနစ်ပါ။ သွားမယ့်ဘူတာနဲ့ ကျသင့်ငွေ တိတိကျကျဖြစ်လာမယ့်အဆင့်ကို သွားလို့ရပါတယ်။ မြန်မာ့မီးရထားအတွက်လည်း အဆင်ပြေ၊ ခရီးသွားပြည်သူတွေလည်း အဆင်ပြေအောင် ကျွန်တော်တို့က ဝန်ဆောင်မှုပေးတာပါ”ဟု Internet Wallet ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ကွန်ပျူတာစနစ် မြို့ပတ်ရထားလက်မှတ်ရောင်းချပေးရာတွင် အထက်ပါဘူတာ ၁၅ ဘူတာရှိ ဝန်ဆောင်မှုကောင်တာများ၌ မိမိသွားရောက်မည့် ဘူတာအမည်ကို ရွေးချယ်၍ ဝယ်ယူမည့် လက်မှတ်အမျိုးအစားကိုရွေးချယ်ကာ စက္ကန့်ပိုင်းအတွင်း ကွန်ပျူတာလက်မှတ်ဖြတ်ပိုင်းကို ရရှိမည်ဟု သိရသည်။ ယင်းအပြင် မြန်မာ့မီးရထားအနေဖြင့်လည်း ယခင်ရောင်းချနေမှုပုံစံများကိုလည်း ဆက်လက်ဝန်ဆောင်မှုပေးလျက်ရှိပြီး နောင်ခေတ်မီလက်မှတ်အရောင်းစနစ်၊ ငွေပေးချေမှုစနစ်များကို ကျင့်သုံးနိုင်ရန် ရှေ့ပြေးဆောင်ရွက်မှုများဖြစ်ကြောင်း သိရသည်။

**(ဝဝ၁)**

## စွမ်းအင်ဝန်ကြီးဌာနနှင့် နိုင်ငံခြားကုမ္ပဏီများပူးပေါင်း၍ စက်သုံးဆီအရောင်းဆိုင် ၄၀ တိုးချဲ့ဖွင့်လှစ်မည်

**မန္တလေး ဇွန် ၁**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းနှင့် နိုင်ငံခြားကုမ္ပဏီများပူးပေါင်း၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စက်သုံးဆီအရောင်းဆိုင်ပေါင်း ၄၀ ထပ်မံတိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း မန္တလေးတိုင်းဒေသကြီး ရောင်းဝယ်ရေးအရာရှိရုံး(မြောက်ပိုင်း)မှ သိရသည်။

အဆိုပါ စက်သုံးဆီအရောင်းဆိုင်များကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ပြီး ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များနှင့်အပြိုင် ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ကာ ဈေးနှုန်းများကိုလည်း လျှော့ချပေးသွားမည်ဖြစ်ကြောင်း အဆိုပါရုံးမှ တိုင်းရောင်းဝယ်ရေးအရာရှိ ဦးစိုးဝင်းက ပြောသည်။

အခုလို တစ်ပြည်လုံးအတိုင်းအတာအနေနဲ့ စက်သုံးဆီအရောင်းဆိုင် ၄၀ ကို ဖွင့်လှစ်ပေးတာက ဈေးကွက်တစ်ခုအနေနဲ့ ဝင်ရောက်ခြင်းဖြစ်ပါတယ်။ ရောင်းချပေးသွားမယ့် စက်သုံးဆီဈေးနှုန်းတွေကိုလည်း အပြင်ပုဂ္ဂလိက ဆိုင်တွေရောင်းချနေတဲ့ ဈေးနှုန်းတွေ ထက်လျှော့ရောင်းသွားမှာပါ။ သူတို့ လိုအပ်တဲ့ စက်သုံးဆီတွေကိုလည်း ပြန်လည်ရောင်းချပေးဖို့ စီစဉ်ထားပါတယ်။

ဝန်ကြီးဌာနက ဖွင့်လှစ်သွားမယ့် စက်သုံးဆီအရောင်းဆိုင်တွေမှာ ဓာတ်ဆီ၊ ဒီဇယ်အပြင် အောက်တိန်းဆီနဲ့ အင်ဂျင်ဝိုင်တို့ပါ ပူးတွဲရောင်းချပေးမှာပါ။ မန္တလေးမြို့မှာ ဆိုင်အရေအတွက် ဘယ်လောက်ဖွင့်လှစ်မယ်ဆိုတာကို မသိရသေးပါဘူး။

ဆိုင်တွေ ဖွင့်လှစ်ပြီးသွားရင် ကျွန်တော်တို့အနေနဲ့ စက်သုံးဆီမှာယူမယ့်နေရာတွေကို ဆီဘောက်ဆာကားတွေနဲ့ အရောက်ပို့ဆောင်ပေးဖို့ စီစဉ်ထားပါတယ်။ လက်ရှိမှာတော့ မန္တလေးမြို့ပေါ်မှာ ဖွင့်လှစ်ဖို့နေရာရွေးချယ်နေတဲ့အနေအထားပါ”ဟု ၎င်းက ဆိုသည်။

လက်ရှိ မန္တလေးမြို့တွင် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ ဖွင့်လှစ်ထားသည့် စက်သုံးဆီအရောင်းဆိုင် ၁၃ ဆိုင်၊ ဖြန့်ဖြူးရောင်းချသည့်ဆိုင် နှစ်ဆိုင်နှင့် ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်ပေါင်း ၁၀၁ ဆိုင်ရှိကြောင်း သိရသည်။ **(အောင်ရဲသွင်)**

## မြန်မာ့ရုပ်မြင်သံကြား News Channel မှ ည ၈ နာရီသတင်းကို ည ၉ နာရီသို့ ပြောင်းလဲထုတ်လွှင့်မည်

**နေပြည်တော် ဇွန် ၁**

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲ အုပ်စု ပွဲစဉ်များဖြစ်သည့် ဇွန် ၂ ရက် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်း၊ ဇွန် ၄ ရက် မြန်မာအသင်းနှင့် စင်ကာပူအသင်း၊ ဇွန် ၇ ရက် မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်း၊ ဇွန် ၁၀ ရက် မြန်မာအသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့သည် မြန်မာစံတော်ချိန် ည ၇ နာရီတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ အဆိုပါ ပွဲစဉ်များကို MRTV News၊ Entertainment Channel နှင့် ရေဒီယိုတို့မှ တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါနေ့ရက်များတွင် မြန်မာ့ရုပ်မြင်သံကြား News Channel မှ ပုံမှန်ထုတ်လွှင့်လျက်ရှိသည့် ည ၈ နာရီသတင်းကို ည ၉ နာရီတွင် ပြောင်းလဲထုတ်လွှင့်သွားမည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## အောင်ဘာလေသိန်းဆုဖွင့်

ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ၏ (၃၁၇)ကြိမ် ၁-၆-၂၀၁၅ ရက်နေ့တွင် အောင်ဘာလေသိန်းဆုဌာနခွဲမှ ထွက်ပေါ်လာသော ဆုမဲများမှာ အောက်ပါအတိုင်းဖြစ်သည်။

**ကျပ်သိန်း(၁၅၀၀)ဆု**

င-၄၃၂၂၄၂

**ကျပ်သိန်း(၁၀၀၀)ဆု**

ဇ-၃၅၇၉၅၇
ဆ-၃၆၇၂၉၆

**ကျပ်သိန်း(၅၀၀)ဆုများ**

ည-၈၁၀၁၇၂
ဍ-၈၆၉၀၁၄
ခ-၇၉၉၂၄၈
ဗ-၅၆၂၁၈၄
ယ-၁၉၄၂၀၁

**ကျပ်သိန်း(၃၀၀)ဆုများ**

ဌ-၁၅၅၄၀၆
စ-၃၄၄၅၂၃
ဒ-၅၉၂၉၂၉
လ-၈၃၅၁၆၂
င-၄၇၄၄၃၆
ည-၅၃၀၂၉၈

**ကျပ်သိန်း(၂၀၀)ဆုများ**

ကခ-၁၆၃၇၃၅
သ-၇၆၈၇၈၉
ဆ-၉၁၂၆၁၇
ကခ-၃၂၂၇၈၇
ဇ-၂၈၇၂၃၆
န-၁၈၂၆၃၅
အ-၉၆၇၇၇၆

**ကျပ်သိန်း(၁၀၀)ဆုမဲများ**

ထ-၇၉၉၇၀၈
ဘ-၃၄၁၉၆၀
ဗ-၈၅၈၀၉၄
က-၃၁၈၃၄၁
င-၂၄၀၃၀၇
တ-၈၇၂၃၀၉
မ-၄၆၂၄၈၀
င-၄၂၀၈၈၄
ပ-၇၈၅၄၈၈
င-၆၅၁၁၂၁
န-၈၃၃၂၅၀
ယ-၇၁၃၅၉၀
င-၅၇၇၈၆၇
ကခ-၃၉၈၆၄၀
ခ-၁၂၂၆၈၉
ဟ-၄၀၇၂၅၀

ပြည်တွင်းရေးရာ

# အနာဂတ်မျိုးဆက်သစ်တို့၏ ကနဦးကျောင်းဖွင့်ရက်တွင် အဆင်ပြေချောမွေ့မှုရှိရန် စီစဉ်ဆောင်ရွက်ထား

အင်တာဗျူးနှင့် ဓာတ်ပုံ-ဥမ္မာသန့်

**ရန်ကုန် ဇွန် ၁**

၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများကို ယနေ့စတင်ဖွင့်လှစ်လိုက်သည်။ ယခုနှစ်တွင် နိုင်ငံတော်မှ ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ကြားနိုင်ရေးအတွက် မူလတန်း၊ အလယ်တန်းကို ယခင်နှစ်က အခမဲ့ပညာရေးစနစ်ဆောင်ရွက်ခဲ့ပြီး ယခုနှစ်တွင် အခြေခံပညာအထက်တန်းကိုပါ အခမဲ့ပညာရေးစနစ်ပြောင်းလဲလိုက်သည်။



ဒေါ်အေးအေးမြင့်

ပညာသင်ကြားရာတွင် ကုန်ကျစရိတ်နည်းပါးပြီး ပညာသင်ကြားသူဦးရေ များပြားလာစေရန်လည်း နိုင်ငံတော်က တစ်ဖက်တစ်လမ်းမှ ကူညီလိုက်သဖြင့် ပညာသင်ကြားသူဦးရေ များပြားလာမည်ဖြစ်သည်။ ထို့အပြင် ကျောင်းအပ်ရာတွင်လည်း ငွေကုန်ကျမှုမရှိသည့်အပြင် ဖတ်စာအုပ်များ၊ဗလာစာအုပ်များကိုပါ အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ၄၃ မြို့နယ်ရှိ အခြေခံပညာကျောင်း ၂၇၂၈ ကျောင်းကို ယနေ့တစ်ပြိုင်တည်း ဖွင့်လှစ်လိုက်ပြီဖြစ်ရာ ကျောင်းသားကျောင်းသူများ ပျော်ရွှင်လန်းဆန်းစွာ ပညာသင်ကြားလျက်ရှိကြောင်း သိရှိရသည်။

"ပန်းကလေးများပွင့်တော့မည်၊ ဖူးတံဝင့်လို့ချီ၊ နေခြည်မှာ ရွှေရည်လောင်း၊ ငါတို့စာသင်ကျောင်း"ဟူသည့် ကလေးကဗျာလေးကဲ့သို့ပင် အနာဂတ်မျိုးဆက်သစ်တို့၏ ကနဦးကျောင်းဖွင့်ရက်တွင် အဆင်ပြေချောမွေ့မှုရှိရန် စီစဉ်ဆောင်ရွက်ထားရှိမှုနှင့်စပ်လျဉ်း၍မိဘ၊ဆရာ၊ ကျောင်းသားများအား တွေ့ဆုံမေးမြန်းခဲ့သည်။

**ဒေါ်အေးအေးမြင့် (အထက(၄) ပုဇွန်တောင်)**

ကျွန်မတို့ ဆရာတွေအနေနဲ့ ကလေးတွေ ကျောင်းဖွင့်ရက်မှာ အဆင်သင့် ပညာသင်ကြားနိုင်ဖို့ ကျောင်းမဖွင့်ခင်ကတည်းက ဆောင်ရွက်ခဲ့ပါတယ်။ စာသင်ခန်းမှာ လိုအပ်တဲ့မီး၊ ပန်ကာ၊စာသင်ခုံအကုန်လုံးကို စနစ်တကျဖြစ်အောင်လုပ်ဆောင်ခဲ့ပါတယ်။ ကျောင်းက ဒီနှစ်မှာ



မအိမ့်မွန်ဖြိုး

မိုးလုံအောင် အဆောက်အအုံပြင်ဆင်ခြင်း၊ ရေအိမ်ပြုပြင်ခြင်းတွေ ဆောင်ရွက်ခဲ့တယ်။ ကလေးတွေ ကျောင်းတက်ရင် သောက်ဖို့ ရေသန့်စက်ကိုလည်း ရေစစ်တွေပြန်လဲထားပါတယ်။ ကျောင်းမဖွင့်ခင်ရက်တွေမှာ ကိုယ့်အခန်းမှာရှိတဲ့ ကလေးနဲ့ခုံ ကိုက်ရဲ့လား၊ ခုံတွေကိုလည်း အကျိုးတွေမရှိအောင်၊ အစစအရာရာ အဆင်ပြေအောင် လုပ်ထားပါတယ်။ နွေရာသီကတည်းက တစ်ကျောင်းလုံးမှာရှိတဲ့ ခုံတွေကို ပြန်လည်ပြုပြင်ထားပြီးပါပြီ။ ကျောင်းသားတွေ စာသင်ရာမှာ အခက်အခဲမရှိအောင် အားလုံးဆောင်ရွက်ထားပါတယ်။ဒီမနက် ကျောင်းဖွင့်ချိန်မှာလည်းအတန်းအလိုက် ကလေးတွေကို ဆရာမတွေက ကျောင်းရှေ့ကနေပြီး စနစ်တကျနဲ့ စာသင်ခန်းအထိ လိုက်ပို့ပေးခဲ့ပါတယ်။

**မအိမ့်မွန်ဖြိုး[အဋ္ဌမတန်း၊ အထက(၄)ပုဇွန်တောင်]**

သမီး ဒီနေ့ကျောင်းဖွင့်ရက်မှာ အတန်းသစ်တက်ရမှာရယ်၊ သမီးသူငယ်ချင်းတွေနဲ့တွေ့ရမှာရယ်ကြောင့် ပျော်ပါတယ်။ သမီးတို့ကျောင်းက ဖတ်စာအုပ်တွေ အခမဲ့ပေးပါတယ်။ သမီး အခုစာသင်ရမယ့်အခန်းကိုလည်း ဆရာမတွေက ခုံတွေ စနစ်တကျနဲ့ သန့်ရှင်းစွာ လုပ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

**မောင်ရဲသီဟထွန်း[ပဉ္စမတန်း၊ အထက(၄)ပုဇွန်တောင်]**


ဒီနေ့ ကျောင်းမှာ သူငယ်ချင်းတွေနဲ့ အတန်းတူတက်ရတဲ့အတွက် ပျော်ပါတယ်။ စာသင်ကြားရာမှာ အခက်အခဲမရှိအောင် ဆရာမတွေကလည်း စာသင်ခန်းထဲက မီးချောင်း၊ ပန်ကာ၊



မောင်ရဲသီဟထွန်း

စာသင်ခုံတွေကို အဆင်သင့် သန့်ရှင်းစွာ ပြုလုပ်ထားတာတွေ့ရပါတယ်။ ကျောင်းအပ်တော့လည်း ငွေအကုန်အကျမရှိအောင် အခမဲ့ပညာရေးစနစ်ဖြစ်တဲ့အတွက် တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါ်သင်းသင်းဆွေ[အထက(၄) ပုဇွန်တောင်]**



ဒေါ်သင်းသင်းဆွေ

ကျောင်းသားတွေအတွက် ဖတ်စာအုပ်တွေလည်း အခမဲ့ဝေငှထားပြီးပြီ၊ မူလတန်းအတွက် ဗလာစာအုပ်ခြောက်အုပ် အခမဲ့ပေးထားပြီးပြီ။ စာသင်ဖို့ကတော့ အဆင်သင့်ပါပဲ။ ကျောင်းဖွင့်ရက်မှာ အဆင်သင့် စာသင်နိုင်ဖို့အတွက် ကျောင်းမဖွင့်ခင်ကပဲ လုပ်ဆောင်ခဲ့ပါတယ်။ ယခုနှစ်စာသင်ကြားနေတဲ့ သူငယ်တန်းကျောင်းသားတွေကိုလည်း သက်ဆိုင်ရာ အခန်းအလိုက် ဆရာမတွေက လိုက်ပို့ပြီး ကလေးတွေပျော်ရွှင်အောင် လုပ်ပေးပါတယ်။ ဆရာမတွေအနေနဲ့ ကျောင်းသားတွေကို မိဘသဖွယ် ကြင်ကြင်နာနာနဲ့ ပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးနဲ့ ကျောင်းနေပျော်ပြီး စာတော်တဲ့ကလေးတွေဖြစ်အောင် လုပ်ဆောင်ပေးသွားမှာဖြစ်ပါတယ်။

**ဦးတင်ဝင်း(ကျောင်းသားမိဘ)**

နိုင်ငံတော်က အခမဲ့ပညာရေးစနစ်ကို ဖော်ဆောင်ပေးတဲ့အတွက် မိဘတစ်ယောက်အနေနဲ့ ပြောရရင် ပညာရေးစရိတ်တွေ နည်းသွားလို့ ဝမ်းသာပါတယ်။ သမီးအတွက် ကျောင်းကဗလာစာအုပ်နဲ့ ဖတ်စာအုပ် အခမဲ့ပေးပါတယ်။ ကလေးတွေအနေနဲ့ ပညာရေးစရိတ်သက်သာတဲ့အတွက် ပညာရေးအားတက်လာပါတယ်။ ဆရာမတွေကလည်း ဂရုစိုက်ပါတယ်။ ကလေးတွေရဲ့လူမှုရေး၊ နေထိုင်မှု အားလုံးကို စည်းကမ်းတကျ



ဦးတင်ဝင်း(ကျောင်းသားမိဘ)

ဖြစ်အောင် ဆရာမတွေက သွန်သင်ပေးပါတယ်။ ကလေးတွေပညာတတ်တွေဖြစ်အောင် ဆောင်ရွက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

# ရန်ကုန်တိုင်းဒေသကြီး၌ အခြေခံပညာ ကျောင်းသား ကျောင်းသူ ယနေ့အထိ ရှစ်သိန်းကျော်အပ်နှံ

**ရန်ကုန် ဇွန် ၁**

ယနေ့သည် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများစတင်ဖွင့်လှစ်သည့် နေ့ရက်ဖြစ်သည်။ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းသား ကျောင်းသူများသည် စာသင်နှစ်စ၏ ပထမဆုံးရက်တွင် တူညီဝတ်စုံများဝတ်ဆင်လျက် မိမိတို့သင်ယူရမည့်သင်ခန်းစာများ သင်ယူရန် ပျော်ရွှင်အေးချမ်းစွာဖြင့် သက်ဆိုင်ရာကျောင်းများသို့ ရောက်ရှိလာကြသည့် မြင်ကွင်းကို တွေ့မြင်ရသည်။

ရန်ကုန်တိုင်းဒေသကြီး၌ ယခုနှစ် ပညာသင်နှစ်အတွက် ယနေ့အထိ ကျောင်းအပ်နှံထားသူ ဦးရေမှာ မူလတန်း ကျောင်းသား ကျောင်းသူ ၄၃၄၅၆၃ ဦး၊ အလယ်တန်းကျောင်းသား ကျောင်းသူ ၃၀၀၉၇၃ ဦးနှင့်အထက်တန်း ကျောင်းသား ကျောင်းသူ ၁၀၀၅၁၉ ဦး စုစုပေါင်း ၈၃၆၀၅၅ ဦးရှိကြောင်း ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူးရုံးစာရင်းအရ သိရသည်။

၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အဆိုပါတိုင်းဒေသကြီး၌ မူလတန်းကျောင်းသား ကျောင်းသူ ၅၂၃၅၁၅ ဦး၊ အလယ်တန်းကျောင်းသား ကျောင်းသူ ၃၆၃၂၆၄ ဦးနှင့် အထက်တန်းကျောင်းသားကျောင်းသူ၁၃၀၁၁၀ ဦး စုစုပေါင်း ၁၀၁၆၈၈၉ ဦးရှိသည်။

ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်နှင့်တာဝန်ရှိသူများသည် ရန်ကုန်အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ်ရှိ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများနှင့်မိဘများအား တွေ့ဆုံနှုတ်ဆက်အားပေးခဲ့ကြောင်း ပညာရေးဌာနမှ သိရသည်။

**(ကြေးမုံ)**

# မုဒုံမြို့နယ်၌ အခြေခံပညာကျောင်းများဖွင့်လှစ်

**မုဒုံ ဇွန် ၁**

၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများကို ယနေ့မှစတင်ဖွင့်လှစ်ရာ မွန်ပြည်နယ် မုဒုံမြို့နယ်ရှိ အခြေခံပညာကျောင်းများ အားလုံးသည်လည်း ယနေ့နံနက်ပိုင်းမှစ၍ ဖွင့်လှစ်ကြပြီဖြစ်သည်။

ယခု ပညာသင်နှစ်တွင် မုဒုံမြို့နယ်၌ အခြေခံပညာအထက်တန်းကျောင်း ခုနစ်ကျောင်း၊ အထက်တန်းကျောင်းခွဲခြောက်ကျောင်း၊ အလယ်တန်းကျောင်း သုံးကျောင်းနှင့် မူလတန်းကျောင်း ၈၆ ကျောင်းတို့ ယနေ့တွင် တစ်ပြိုင်တည်းဖွင့်လှစ်ရာ ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးကြပြီး ကျောင်းသင်ခန်းစာများကို စတင်သင်ကြားကြသည်။

မေ ၂၅ ရက်မှ ၃၁ ရက်ထိ ကျောင်းအပ်နှံရေး သီတင်းပတ်အတွင်း တစ်မြို့နယ်လုံးရှိ အခြေခံပညာကျောင်းများ၌ အထက်တန်းဆင့်တွင် ၁၄၃၅ ဦး၊ အလယ်တန်းဆင့်တွင် ၅၁၇၄ ဦးနှင့် မူလတန်းဆင့်တွင် ၆၅၀၃ ဦး စုစုပေါင်း ကျောင်းသားကျောင်းသူ ၁၃၁၁၂ ဦး ကျောင်းအပ်နှံထားပြီးဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **ကိုချစ်(မုဒုံ)**



**မြန်မာနိုင်ငံ တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများကို ဇွန် ၁ ရက်နေ့က စတင်ဖွင့်လှစ်ရာအထက (၃)တာမွေ မြို့နယ်၌ ကျောင်းသားကျောင်းသူများ ပျော်ရွှင်စွာ ကျောင်းတက်လာကြစဉ်။**

ခင်မောင်ဝင်း (ကြေးမုံ)



**မြန်မာနိုင်ငံ တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများကို ဇွန် ၁ ရက်နေ့က စတင်ဖွင့်လှစ်ရာအထက (၆) ဗိုလ်တထောင်မြို့နယ်၌ ကျောင်းသားလေးများ ကျောင်းဝင်းသို့ဝင်ရောက်လာကြစဉ်။**

ခင်မောင်ဝင်း(ကြေးမုံ)

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ၂၀၁၂ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ဆွေးနွေး

**နေပြည်တော် ဇွန် ၁**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၅၅ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

အစည်းအဝေးတွင် ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေက **ရခိုင်ပြည်နယ်ရှိ နည်းပညာတက္ကသိုလ်များတွင် ဘာသာရပ်ပေါင်းစုံသင်ကြားနိုင်ရေးနှင့် သင်ယူခွင့်မရှိသော ဘာသာရပ်များကို တခြားဒေသရှိ နည်းပညာတက္ကသိုလ်များတွင် သွားရောက်သင်ယူခွင့်ရရှိစေရန် စီစဉ်ပေးနိုင်ခြင်းရှိ/မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်းကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဘရွှေက နည်းပညာတက္ကသိုလ်များတွင် အဓိကဘာသာရပ်ကြီးများဖြစ်ကြသော မြို့ပြအင်ဂျင်နီယာ၊ စက်မှုအင်ဂျင်နီယာ၊ အီလက်ထရွန်နစ်အင်ဂျင်နီယာနှင့် လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ သင်တန်းလေးခုကိုဖွင့်လှစ်သင်ကြားလျက်ရှိပြီး မြန်မာနိုင်ငံတစ်ဝန်းတွင် အဆိုပါ အဓိကဘာသာရပ်လေးခု သင်ကြားသော နည်းပညာတက္ကသိုလ်စုစုပေါင်း (၁၆)ခုရှိပါကြောင်း၊ နည်းပညာတက္ကသိုလ်(စစ်တွေ)အပါအဝင် အဓိကဘာသာရပ်လေးခု သင်ကြားလျက်ရှိသော အခြားနည်းပညာတက္ကသိုလ်များတွင် ဘာသာရပ်များတိုးချဲ့ဖွင့်လှစ်သင်ကြားနိုင်ရန် ကျောင်းအလိုက်တက်ရောက်မည့် ကျောင်းသားအင်အား၊ ဒေသ၏လိုအပ်ချက်၊ ဒေသ၏စီးပွားရေးစီမံကိန်းများနှင့်အညီ စိစစ်တွက်ချက်၍ ဘာသာရပ်များ တိုးချဲ့ဖွင့်လှစ်သင်ကြားနိုင်ရန် တက္ကသိုလ်အလိုက် စီစဉ်ဆောင်ရွက်ရမည့်ကိစ္စရပ်များဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။



ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ။



သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဘရွှေ။

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ၏ **တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်အတွင်း သားဖွားဆရာမသင်တန်းကျောင်းတစ်ကျောင်း ဖွင့်လှစ်သင်ကြားပေးရန်နှင့် ယခင်ကဖွင့်လှစ်သင်ကြားပေးခဲ့ဖူးသည့် အရန်သားဖွားဆရာမသင်တန်းများ ပြန်လည်ဖွင့်လှစ်သင်ကြားပေးရန် အစီအစဉ် ရှိ/မရှိ**မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက ကျွန်းစုမြို့နယ်၌ ၂၀၁၄ခုနှစ် အောက်တိုဘာ ၁ ရက်မှစတင်ပြီး GAVI နှင့် တိုင်းဒေသကြီးအစိုးရ အထောက်အပံ့ဖြင့် အရန်သားဖွားသင်တန်းပို့ချလျက်ရှိရာ သင်တန်းသူစုစုပေါင်း (၃၀)ကို ခြောက်လကြာ သင်ကြားပို့ချပြီး လိုအပ်ချက်ပေါ် မူတည်၍ အရန်သားဖွားဆရာမအသစ်များ ထပ်မံလေ့ကျင့်မွေးထုတ်သွားမည်ဖြစ်ပါကြောင်း၊ ဆေးသိပ္ပံဦးစီးဌာနအနေဖြင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် သားဖွားသင်တန်းကျောင်း (၁)ကျောင်းနှင့် ထားဝယ်မြို့တွင် သူနာပြုသင်တန်းကျောင်း (၁)ကျောင်းကို ဖွင့်လှစ်ပြီးဖြစ်ပါ၍ ကျွန်းစုမြို့နယ်တွင် သားဖွားသင်တန်းကျောင်းဖွင့်လှစ်ရန် စီစဉ်ထားမှုမရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ရေစကြိုမဲဆန္ဒနယ်မှ ဦးတင်ဌေးအောင်က **ရေစကြိုမြို့နယ်ရှိကျေးလက်ဒေသများတွင် တာဝန်ထမ်းဆောင်နေကြသည့် ကျန်းမာရေးဝန်ထမ်းအပြောင်းအရွှေ့များအတွက် လစ်လပ်နေရာကိုအစားထိုးခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာဒေါ်သိန်းသိန်းဌေးက ကျန်းမာရေးဝန်ထမ်းအပြောင်းအရွှေ့များအတွက် မြန်ဆန်စွာခန့်ထားပေးနိုင်ရန် နှစ်စဉ်ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် ရွေးချယ်ခဲ့ပြီး ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)တွင် သင်တန်းတက်ရောက်လျက်ရှိသော သစ်လွင်လက်ထောက်ဆရာဝန် ၁၇၁ ဦးကို ၂၀၁၅ ခုနှစ် မတ်လအတွင်း ခန့်ထားမည့်အချိန်တွင် လုပ်သက်ရဒေသခံဆရာဝန်များမှ ရေစကြိုပြည်သူ့ဆေးရုံရှိ လစ်လပ်နေရာများနှင့် ကြက်ဆူကျင်းတိုက်နယ် ဆရာဝန်နေရာတွင် ခန့်ထားပေးခဲ့ပြီး ၂၀၁၅ခုနှစ် ဇန်နဝါရီ ၁ရက်မှ စတင်၍လစ်လပ်သော ကြက်ဆူကျင်းတိုက်နယ်ဆရာဝန်နေရာတွင် ပခုက္ကူပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာလင်းထင်ကို ယာယီအစီအစဉ်ဖြင့် တွဲဖက်တာဝန်ချထားပြီး ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ ဘွိုင်လာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် **၂၀၁၂ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်ကအတည်ပြုခဲ့သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# စွန့်ပစ်ပစ္စည်းများထိန်းချုပ်ရေးဥပဒေပေါ်ထွက်လာနိုင်ရေးကို ကဏ္ဍများအလိုက်ဆောင်ရွက်

**နေပြည်တော် ဇွန် ၁**

ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၅၅ ရက်မြောက်နေ့ကို ယနေ့နံနက်၁၀ နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ၏ **မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် မှုခင်းကြီးများတွင် အစိုးရသက်သေအဖြစ် ထွက်ဆိုပေးနိုင်ရန်အတွက် သက်သေ၏လုံခြုံရေးကို အာမခံနိုင်သော သက်သေအကာအကွယ်ပေးမှုအစီအစဉ်များ လုပ်ဆောင်၍ မှုခင်းများဖော်ထုတ်ရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက မှုခင်းကြီးများတွင် အစိုးရသက်သေအဖြစ် ထွက်ဆိုမည့်ပုဂ္ဂိုလ်များ၏ လုံခြုံရေးစိုးရိမ်ရပါက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် အထူးကိစ္စတစ်ရပ်အဖြစ် ထည့်သွင်းစဉ်းစားပြီး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် သက်သေ၏လုံခြုံရေးကို အာမခံနိုင်သော Witness Protection Programme များကို သီးခြားရေးဆွဲဆောင်ရွက်ထားခြင်း မရှိသော်လည်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ ပြစ်မှုဆိုင်ရာဥပဒေတွင် ပြဋ္ဌာန်းထားသော လူ့ကိုယ်ကို ထိခိုက်စေသော ပြစ်မှုများနှင့် ကာကွယ်ခုခံပိုင်ခွင့်များအရ သက်သေတစ်ဦးတစ်ယောက် အပေါ် ကျရောက်လာနိုင်သည့် အန္တရာယ်များရှိပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အစွမ်းကုန် အလေးထားစောင့်ရှောက်ပေး



ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ။



ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း။

သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း၏ **ပြည်သူများ၏ ကျန်းမာရေး၊ ပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ ထိန်းသိမ်းရေးတို့အတွက် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး၊ ကင်းစင်ရေးတို့အတွက် ပြည်သူတစ်ရပ်လုံး အသိရှိရှိ ပါဝင်လာအောင် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို**နှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်က ပလတ်စတစ်ကြောင့် ထွက်ပေါ်လာသည့် စွန့်ပစ်ပစ္စည်းများကို စနစ်တကျ ထိန်းသိမ်းအသုံးချသွားရန် လိုအပ်ပါကြောင်း၊ သဘာဝပတ်ဝန်းကျင်နှင့် လူ့ကျန်းမာရေး ထိခိုက်မှုမရှိစေရန် ပြည်သူလူထုအပိုင်းကလည်း ပလတ်စတစ်ကို အတတ်နိုင်ဆုံးလျှော့ချသုံးစွဲသွားရန်နှင့် နိုင်ငံတော်အပိုင်းက စွန့်ပစ်ပစ္စည်းများကို ဥပဒေ၊ နည်းဥပဒေများ ထုတ်ပြန်ထိန်းချုပ်သွားရန် လိုအပ်သကဲ့သို့ အသိပညာပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း ဆွေးနွေးသည်။

လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က စွန့်ပစ်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေပေါ်ထွက်လာနိုင်ရေးကို ကဏ္ဍများအလိုက် ဆောင်ရွက်သင့်ပြီး ပလတ်စတစ်ပစ္စည်း စွန့်ပစ်ရေးကိစ္စကို ဥပဒေ၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ထည့်သွင်းသင့်ပါကြောင်း၊ ဥပဒေမပြုမီကာလ၌ ပြည်သူလူထုအတွင်း အသိပညာ ဖြန့်ဖြူးရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သင့်ပါကြောင်းနှင့် အဆိုကို မှတ်တမ်းတင်သင့်ပါကြောင်းဖြင့် ဆွေးနွေးရာ လွှတ်တော်က အဆိုကိုအတည်ပြုကြောင်း ဆုံးဖြတ်သည်။

**(သတင်းစဉ်)**


## Online e-Visa System လုပ်ငန်းနှင့်ပတ်သက်၍ သတိပေးကြေညာချက်

မြန်မာနိုင်ငံသို့ ဝင်ရောက်လာမည့် ကမ္ဘာလှည့်ခရီးသည် နိုင်ငံခြားသားများအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဦးဆောင်တာဝန်ယူ၍ Online e-Visa System ကို တင်ဒါစနစ်ဖြင့် ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိခဲ့သော Myanmar Ease Net Co.,Ltd သည် Online Visa ဝန်ဆောင်မှုလုပ်ငန်း (Service Provider)အနေဖြင့် ၁-၉-၂၀၁၄ ရက်နေ့မှစတင်ပြီး ဆောင်ရွက်ခဲ့ပါသည်။

ယခုအခါ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တရားဝင်ခွင့်ပြုချက်ရရှိထားသော http://evisa.moip.gov.mm ဝက်ဘ်ဆိုက်ဖြင့် နိုင်ငံပေါင်း ၁၀၀ ရှိ နိုင်ငံခြားသားများလျှောက်ထားနိုင်ရန် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်၍ အဆိုပါဝက်ဘ်ဆိုက်တွင်ရှိနေသော ဒီဇိုင်းများ၊ သတင်းအချက်အလက်များ၊ ဝက်ဘ်ဆိုက်၏ အစိတ်အပိုင်း တစ်စိတ်တစ်ဒေသ (သို့မဟုတ်)အလုံးစုံအား ကူးယူပြီး ထင်ယောင်ထင်မှားဖြစ်စေရန် မြန်မာနိုင်ငံ အတွင်းတွင်ဖြစ်စေ၊ မည်သည့်ပြည်ပတိုင်းပြည်များတွင်ဖြစ်စေ တုပ၍ အသုံးပြုသုံးစွဲပါက မြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သတိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**



သစ်တောနဲ့ သစ်ပင်
ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး

# စီအယ်လ်အမ်ဗွီနှင့် အက်မက်စ်ထိပ်သီးအစည်းအဝေးများကျင်းပနိုင်ရန် သတ်မှတ်တာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားကြရမည်ဖြစ်

**နေပြည်တော် ဇွန် ၁**

(၇)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို- မြန်မာ- ဗီယက်နမ် (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးနှင့် အဆိုပါလေးနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ပါဝင်သည့်(၆)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား- မဲခေါင်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်မက်စ်) ထိပ်သီးအစည်းအဝေး များကျင်းပရေး ဗဟိုဦးစီးကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ယနေ့ ညနေ ၃ နာရီခွဲတွင် နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အဆိုပါအစည်းအဝေးများ ကျင်းပရေး ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက် အမှာစကားပြောကြားသည်။ **(ယာပုံ)**



အဆိုပါအစည်းအဝေးသို့ စီအယ်လ်အမ်ဗွီ၊ အက်မက်စ်နှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေး ဗဟိုဦးစီးကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက စီအယ်လ်အမ်ဗွီနှင့် အက်မက်စ်ထိပ်သီးအစည်းအဝေးများကို ၂၀၁၃ခုနှစ် မတ်လက လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တွင် ကျင်းပခဲ့ပြီး (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေးနှင့် (၆)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးကို မြန်မာနိုင်ငံ၌ ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ယခင်က စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေးများကို ၂၀၀၄ ခုနှစ်တွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ လည်းကောင်း၊ ၂၀၀၈ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ လည်းကောင်း၊ ၂၀၁၀ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ လည်းကောင်း၊ ၂၀၁၃ ခုနှစ်တွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ လည်းကောင်း အသီးသီးကျင်းပခဲ့ပါကြောင်း၊ ကုန်သွယ်ရေးနှင့် စီးပွားရေး ရင်းနှီးမြှုပ်နှံမှု၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု၊ စိုက်ပျိုးရေးနှင့် စက်မှုစွမ်းအင်၊ သတ္တုရှာဖွေရေး၊ ရေအားလျှပ်စစ်၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရေး၊ ဆက်သွယ်ရေး၊ ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းအဖြစ် လေးနိုင်ငံခရီးစဉ် စသည့်ကဏ္ဍများ၌ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးကို နှစ်နှစ်လျှင်တစ်ကြိမ် ကျင်းပခဲ့ခြင်းဖြစ်ပြီး ဆက်စပ်အစည်းအဝေးများကိုလည်း ကျင်းပနိုင်ခဲ့ပါကြောင်း။

ဆက်စပ် ထိပ်သီးအစည်းအဝေးများသို့ အက်မက်စ်နိုင်ငံအသီးသီးမှ စီးပွားရေးကောင်စီနှင့် စီးပွားရေးအဖွဲ့အစည်းများ ပါဝင်တက်ရောက်ကြမည်ဖြစ်ပါကြောင်း၊ စီအယ်လ်အမ်ဗွီနှင့် အက်မက်စ်ထိပ်သီးအစည်းအဝေးများကို ယခင်က သီးခြားစီကျင်းပခဲ့သော်လည်း ၂၀၀၈ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံမှစတင်၍ ပူးတွဲကာ တစ်ဆက်တည်းကျင်းပခဲ့ပါကြောင်း၊ စီအယ်လ်အမ်ဗွီနှင့် အက်မက်စ် ထိပ်သီးအစည်းအဝေးများကျင်းပနိုင်ရန် သတ်မှတ်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးနှင့် (၆)ကြိမ်မြောက် အက်မက်စ် ထိပ်သီးအစည်းအဝေးများကျင်းပရေး ဗဟိုဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန - ၁ ၌ (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးနှင့် (၆)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးများ အောင်မြင်စွာလက်ခံကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် ဆောင်ရွက်ပြီးစီးမှုများကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း နိုင်ငံအစိုးရအဖွဲ့အကြီးအကဲများ စတင်စုစည်းခဲ့သည့် ဧရာဝတီ-ကျောက်ဖယား- မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ အက်မက်စ် ပထမအကြိမ် ထိပ်သီးအစည်းအဝေးကို ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၁၂ ရက်တွင် မြန်မာနိုင်ငံ ပုဂံမြို့၌ ပထမအကြိမ် ကျင်းပနိုင်ခဲ့ပြီး အက်မက်စ်၏ ရှေ့လုပ်ငန်းစဉ်နှင့် ပုဂံကြေညာစာတမ်းကို ထုတ်ပြန်ကြေညာနိုင်ခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် အက်မက်စ်သို့ ဗီယက်နမ်နိုင်ငံ ပါဝင်လာသဖြင့် ယခုအခါ အဖွဲ့ဝင်ငါးနိုင်ငံ ရှိလာခဲ့ပြီဖြစ်သည်။

ပထမအကြိမ် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးကို ၂၀၀၄ ခုနှစ်တွင် လာအိုနိုင်ငံ၌ကျင်းပခဲ့ပြီး CLMV အင်္ဂလိပ်အက္ခရာစဉ်အရ (၇) ကြိမ်မြောက် စီအယ်လ်အမ်ဗွီနှင့် အက်မက်စ် ထိပ်သီးအစည်းအဝေးများကို မြန်မာနိုင်ငံ၌ ကျင်းပခြင်းဖြစ်သည်။ **(သတင်းစဉ်)**

■ **ကျောဖုံးမှ**

ဦးလွင်ကိုဦးက နယုန်လပြည့်နေ့၏ မြန်မာနှင့်ထိုင်း နှစ်နိုင်ငံအတွက် အရေးပါပုံကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် မြဝတီခရိုင် အုပ်ချုပ်ရေးမှူးက ဘုရားတွင်ဆီမီးပူဇော်ခြင်း၊ နှစ်နိုင်ငံ ခရိုင်အုပ်ချုပ်ရေးမှူးများက မြန်မာ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်နှင့် ထိုင်း ဒုတိယမြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော်တို့အား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့သည်။ မြဝတီခရိုင်နှင့် တာ့(ခ်)ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ မြန်မာ-ထိုင်း ဗုဒ္ဓဘာသာဝင်ပြည်သူများက ဆရာတော်များထံမှ သီလခံယူဆောက်တည်ကြပြီး ထိုင်းသံဃာတော် ၉၉ ပါး၊ မြန်မာသံဃာတော် ၉၉ ပါး စုစုပေါင်း ၁၉၈ ပါးအား ဆွမ်းဆန်စိမ်း စုပေါင်းလောင်းလှူခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

● **ဆီးဂိမ်းမှ**

၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်တွင် တွေ့ဆုံခဲ့ဖူးပြီး မြန်မာအသင်းမှာ အိမ်ကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ကာ ပြိုင်ပွဲမှထွက်ခဲ့ရသည့် ရှုံးကြွေးကို ပြန်ဆပ်ရမည်ဖြစ်သည်။

မြန်မာယူ-၂၃ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် တစ်လကျော် အချိန်ယူပြင်ဆင်ထားပြီး ပြည်တွင်းအသင်း အများအပြားနှင့်ခြေစမ်းပွဲများကစားထားကာ ပြည်ပခြေစမ်းပွဲအဖြစ် ထိုင်း၊ ဗီယက်နမ်နှစ်သင်းသာ ကစားထားသည်။ ယခု ဆီးဂိမ်းပြိုင်ပွဲကို စင်ကာပူနိုင်ငံရောက် မြန်မာဘောလုံးပရိသတ်အများအပြား လာရောက်အားပေးရန်စီစဉ်ထားကြောင်း သိရသည်။ **(ဖိုးသော်ဇင်)**

## ပြင်သစ်အိုးပင်းလက်ရှိချန်ပီယံ ရှာရာပိုဗာ စတုတ္ထအဆင့်ဖြင့်ပင် ပြိုင်ပွဲကိုနှုတ်ဆက်ခဲ့ရ

ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ကျင်းပလျက်ရှိသည့် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ၏ အမျိုးသမီးတစ်ဦးချင်း စတုတ္ထအဆင့်ပြိုင်ပွဲတွင် ပြင်သစ်အိုးပင်းလက်ရှိချန်ပီယံ ရှာရာပိုဗာသည် ချက်တင်းနစ်မယ် ဆာဖာရိုဗာကို ရှုံးနိမ့်ခဲ့ရခြင်းကြောင့် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲကို စတုတ္ထအဆင့်ဖြင့်ပင် လက်ပြနှုတ်ဆက်ခဲ့ရပြီဖြစ်သည်။

ရုရှားတင်းနစ်မယ် မာရီယာရှာရာပိုဗာသည် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ၏ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို သုံးနှစ်ဆက်တိုက်တက်လှမ်းခဲ့ရာတွင် နှစ်ကြိမ်ချန်ပီယံဆုဖလားကို ဆွတ်ခူးနိုင်ခဲ့သော်လည်း ယခုယှဉ်ပြိုင်လျက်ရှိသည့် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင်မူ စတုတ္ထအဆင့်၌ ချက်တင်းနစ်မယ် ဆာဖာရိုဗာကို ၇-၆(၇-၃)၊ ၆-၄ ဖြင့် ရှုံးနိမ့်ခဲ့ရခြင်းကြောင့် ပြိုင်ပွဲမှ ထွက်ခဲ့ရပြီဖြစ်သည်။

ချက်တင်းနစ်မယ် ဆာဖာရိုဗာသည် ယခင်နှစ်များက ယှဉ်ပြိုင်ခဲ့သည့် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲများတွင် စတုတ္ထအဆင့်ကို ကျော်ဖြတ်နိုင်စွမ်းမရှိခဲ့သော်လည်း လက်ရှိတွင်မူ ပြင်သစ်အိုးပင်းလက်ရှိချန်ပီယံ ရှာရာပိုဗာကိုပင် အနိုင်ကစားနိုင်ခဲ့ပြီး နောက်တစ်ဆင့်တွင် စပိန်တင်းနစ်မယ် မူဂူရူဇာနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

"ရှာရာပိုဗာဟာ စိတ်ကူးယဉ်ဆန်တဲ့တင်းနစ်မယ်တစ်ဦးပါ။ အခုယှဉ်ပြိုင်ခဲ့တဲ့ ရှာရာပိုဗာနဲ့ ပွဲစဉ်ဟာလည်း စိတ်လှုပ်ရှားစရာပွဲတစ်ပွဲ ဖြစ်ခဲ့ပါတယ်။ ရှာရာပိုဗာကို အနိုင်ရလိုက်တာကြောင့် အလွန်ပဲဝမ်းသာမိပါတယ်"ဟု ပြိုင်ပွဲအပြီးတွင် ချက်တင်းနစ်မယ် ဆာဖာရိုဗာက ရင်ဖွင့်ပြောကြားခဲ့သည်။

ဆာဖာရိုဗာသည် ရှာရာပိုဗာနှင့် ယခင်ငါးကြိမ် ထိပ်တိုက်တွေ့ဆုံခဲ့ရာတွင်လည်း တစ်ကြိမ်သာလျှင် ရှာရာပိုဗာကို အနိုင်ရရှိထားခဲ့သူဖြစ်သည်။ **(နိုင်လင်းကြည်)**

## လားရှိုး၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

**လားရှိုး ဇွန် ၁**

လားရှိုးမြို့ အမှတ်(၁၀)ရပ်ကွက်အတွင်းရှိ နယ်မြေ (၉)သို့ မိုးပွင့်အထူးစီမံချက်အရ မေ (၇၊ ၈) ရက်တို့တွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များက ရပ်ကွက်အတွင်းရှိ ရှမ်း၊ ပလောင်၊ ကချင်စသော တိုင်းရင်းသားပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိသူ ၁၈၁ ဦးအား မေ ၃၀ ရက်က ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးခန်း၌ မြို့နယ်ဦးစီးဌာနမှူး ဦးလေးမောင်နှင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားများအား ကာယကံရှင်များထံပေးအပ်ခဲ့ကြောင်း သိရသည်။**ဇော်လွင်(လားရှိုး)**

**မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန် ၁ ရက်မှစ၍ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်သဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်ရှိ ပညာသင်ကျောင်းများတွင်လည်း ကျောင်းသား ကျောင်းသူများ ပြန်လည်သက်ဝင်နိုးကြား စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။**

စိုင်း(သီပေါ)






# စင်ကာပူ-မြန်မာသက်မွေးပညာသင်တန်းကျောင်း (SMVTI) စက်တင်ဘာလအတွင်း ဖွင့်လှစ်မည်

**နေပြည်တော် ဇွန် ၁**

နိုင်ငံတော်သမ္မတ၏ စင်ကာပူနိုင်ငံခရီးစဉ်အတွင်း သဘောတူဆွေးနွေးချက်အရ စင်ကာပူ-မြန်မာသက်မွေးပညာသင်တန်းကျောင်း (Singapore Myanmar Vocational Training Institute-SMVTI)ကို ရန်ကုန်မြို့ နတ်မောက်လမ်းရှိ အမှတ်(၁) စက်မှုလက်မှုအထက်တန်းကျောင်း၌ ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ခဲ့ရာ လာမည့်စက်တင်ဘာလအတွင်း သင်တန်းများကို စတင်ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာနှင့်သက်မွေးပညာဦးစီးဌာနမှ သိရသည်။

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဒေါက်တာကိုကိုဦးတို့သည် ယမန်နေ့နံနက်ပိုင်းက မြန်မာ သက်မွေးပညာသင်တန်းကျောင်း (SMVTI) အဆောက်အအုံ အကြီးစားပြင်ဆင်ရာ နေရာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာ ဆောက်လုပ်ရေးကုမ္ပဏီတို့က မိမိတို့ ဆောင်ရွက်နေသော လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးများက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ စင်ကာပူ-မြန်မာသက်မွေးပညာသင်တန်းကျောင်း (SMVTI) တွင် ဟိုတယ်နှင့်ခရီးသွားလာရေးဆိုင်ရာသင်တန်းများ (Hospitality and Tourism)၊ လျှပ်စစ်ဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများ (Electrical and Electronic)၊ ဝန်ဆောင်မှုဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းများ (Facility Management)၊ အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်းများ (Engineering Services) စသည့် သင်တန်းများကို စင်ကာပူနိုင်ငံ ITE ကျောင်း၏ သင်ရိုးများနှင့်အညီ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၌ မဟာသမယအခါတော်နေ့ အခမ်းအနားကျင်းပ

**ရန်ကုန် ဇွန် ၁**

ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် နယုန်လပြည့် မဟာသမယအခါတော်နေ့အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် စေတီတော်ပရိဝုဏ်ရှိ အာရုံခံတန်ဆောင်းအပေါ်ထပ်၌ ကျင်းပသည်။

အခမ်းအနားတွင် ဂေါပကအဖွဲ့ဝင် အလှည့်ကျသဘာပတိ ဦးထွန်းဝင်းက နယုန်လပြည့် မဟာသမယအခါတော်နေ့ ဖြစ်ပေါ်လာပုံ မင်္ဂလာထောမနာစကားကို ရှင်းလင်းပြောကြားပြီး စေတီတော်ဝေယျာဝစ္စဝတ်အသင်း ၁၉ သင်းမှ အသင်းသား အသင်းသူများက မဟာသမယသုတ်တော် အမွှမ်းကို စုပေါင်းရွတ်ဆိုပူဇော်ခဲ့ကြသည်။

**(ကိုချစ်)**



မေ ၃၁ ရက် မွန်းလွဲ ၁ နာရီက မွန်ပြည်နယ် မုဒုံမြို့နယ် ကျောက်တလုံးကျေးရွာအုပ်စု မြိုင်ကုန်းကျေးရွာရှိ ဝင်းစိန်တောရကျောင်း အတောင် ၄၀၀ ပြည့် ဇိနသုခရန်အောင်ချမ်းသာ လျောင်းတော်မူဘုရားကြီး ဦးစီးပဓာနနာယက ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဥာဏ်ကေသရ၏ ဥတုဇရုပ်ကလာပ်တော်အား ယာယီထားရှိမည့်စံကျောင်းတော်သို့ ပင့်ဆောင်သည့်အခမ်းအနားကျင်းပစဉ်။

မိုးစန္ဒာ(ပြန်/ဆက်)



# တပ်မတော်နှစ်ရပ်အကြား ဆက်ဆံမှုတိုးမြှင့်ဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဇွန် ၁**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိလာသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကြည်းတပ်ဦးစီးချုပ် Colonel General OLEG L.SALYUKOV အား ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ကျင်းပရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကြည်းတပ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကြည်းတပ်ဦးစီးချုပ်သည် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အတူ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ဆက်လက်ပြီး ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကြည်းတပ်ဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။ **(အပေါ်ပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဋ္ဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကြည်းတပ်ဦးစီးချုပ် Colonel General OLEG L.SALYUKOV နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. VASILY B.POSPELOV ၊ စစ်သံမှူး Colonel DMITRY S.GUROV နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တပ်မတော်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံမှုတိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံတပ်မတော်အရာရှိကြီးများ ချစ်ကြည်ရေးခရီး အပြန်အလှန်သွားရောက်ခဲ့မှုကိစ္စရပ်များ၊ နည်းပညာနှင့် ဘာသာစကားပညာရပ်ဆိုင်ရာများ ပူးပေါင်းသင်ကြားပို့ချရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**(မြဝတီ)**

# နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံခြားပညာတော်သင်စေလွှတ်

**နေပြည်တော် ဇွန် ၁**

နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် နိုင်ငံတကာအတွေ့အကြုံများရရှိပြီး မိခင်နိုင်ငံသို့ ပြန်လည်ရောက်ရှိသည့်အခါ ဌာနအတွက် အကျိုးရှိစွာ အသုံးချနိုင်ရန်ရည်ရွယ်လျက် ပြည်ပအဖွဲ့အစည်းများ၏ ပညာသင်ဆုကမ်းလှမ်းမှုအစီအစဉ်အရ ပညာသင်ဆုများကို ဝန်ကြီးဌာနများနှင့် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးသို့ စနစ်တကျခွဲဝေသတ်မှတ်ပေးပြီး အဆိုပြုချက်များကို စိစစ်၍ နိုင်ငံခြားပညာတော်သင်များ စေလွှတ်ပေးလျက်ရှိသည်။

၂၀၁၅ ခုနှစ် မေလအတွင်း ပါရဂူဘွဲ့သင်တန်းသို့ ပညာသင် သုံးဦးနှင့် ဘွဲ့မယူသော သင်တန်း(Training)သို့ ပညာသင် ၂၂၅ ဦး စုစုပေါင်း ပညာသင် ၂၂၈ ဦးကို ပြည်ပနိုင်ငံ ၁၈ နိုင်ငံသို့ သွားရောက်ပညာသင်ယူဆည်းပူးနိုင်ရေး စီမံဆောင်ရွက်ပေးခဲ့သည်။ မေလအတွင်း နိုင်ငံ့ဝန်ထမ်းများအား ဂျပန်နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မလေးရှားနိုင်ငံတို့သို့ ပညာသင်အများဆုံး စေလွှတ်ခဲ့ကြောင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့က သတင်းထုတ်ပြန်ထားသည်။

**(ကြေးမုံ)**

## ဇွန် ၂ ရက် မြန်မာဘောလုံးအသင်းများ ယှဉ်ပြိုင်မှု MRTV News, Entertainment Channel နှင့် ရေဒီယိုတို့မှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**ယူ-၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ**

(မြန်မာနှင့် ယူကရိန်း)

နံနက် ၇ နာရီ ၁၀ မိနစ်

**ယူ-၂၃ အရှေ့တောင်အာရှဘောလုံးပြိုင်ပွဲ**

(မြန်မာနှင့် အင်ဒိုနီးရှား)

ညနေ ၆ နာရီ ၃၅ မိနစ်

ယူ - ၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ည ၈ နာရီ သတင်းအပြီးတွင် ထပ်မံထုတ်လွှင့်ပြသမည်။

(သတင်းစဉ်)

# အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုခြင်း – ၄

**တက္ကသိုလ်ဆရာတစ်ဦး**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (ကော်မရှင်)သည် အခြေခံမဲဆန္ဒရှင်စာရင်းများအား ကပ်ထားကြေညာသည့်အခါတွင် မဲဆန္ဒရှင်များ လာရောက်ကြည့်ရှုစေရေးအတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၏ ပူးပေါင်းကူညီမှုကို ရယူ၍လည်းကောင်း၊ မီဒီယာပေါင်းစုံမှ နည်းမျိုးစုံဖြင့်လည်းကောင်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ဤသို့ ဆောင်ရွက်ရာတွင် မဲဆန္ဒရှင်များ မဲစာရင်းများကို လွယ်ကူလျင်မြန်စွာ ကြည့်ရှုနိုင်ရေးအတွက် Desktop၊ Laptop၊ Notebook၊ Tablet နှင့် မိုဘိုင်းဖုန်းများဖြင့် online မှ ကြည့်ရှုနိုင်ရေးအတွက် IFES (International Foundation for Electoral System)မှ IT ပညာရှင်များ၏ အကူအညီဖြင့် ကြိုးပမ်းခဲ့ရာ ယခုအခါ ရန်ကုန်တိုင်းဒေသကြီးမှ ဒဂုံမြို့သစ်တောင်ပိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ မြောက်ဥက္ကလာပ၊ သဃ်န်းကျွန်း၊ သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်း၊ အင်းစိန်၊ မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ လှိုင်သာယာနှင့် ထန်းတပင် ၁၄ မြို့နယ်မှ အခြေခံမဲဆန္ဒရှင် စာရင်းများကို online မှ စမ်းသပ်ကြည့်ရှုနိုင်ပြီဖြစ်ပါသည်။ စိတ်ဝင်စားသူများအနေဖြင့် online မှ ကြည့်ရှုနိုင်မည့် procedure ကို အောက်တွင်ဖော်ပြလိုက်ပါသည်။

(၁) မိမိ၏ ကွန်ပျူတာ/မိုဘိုင်းဖုန်းတွင် Web Browser မှတစ်ဆင့် Website address - checkvoterlist.uecmyanmar.org ကို ရိုက်ထည့်ပါ။ ထိုအခါ ပုံ(က)တွင် ပြထားသည့်အတိုင်း ပေါ်လာမည်ဖြစ်သည်။




ပုံ(က)

(၂) ယင်းစာမျက်နှာမှ “စတင်မည်” ဆိုသော နေရာကို နှိပ်ပါ။ ထိုအခါ ပုံ(ခ)တွင် ပြထားသည့်အတိုင်း ပေါ်လာပါမည်။ ထို့နောက် ပုံ(ခ) မှ မြန်မာပြည်မြေပုံတွင် သင်ကြည့်ရှုလိုသော တိုင်းဒေသကြီး/ပြည်နယ်ကို နှိပ်ပါ။ သင်ကြည့်လိုသော မြို့နယ်မှ မဲစာရင်းသည် online တွင် တင်ထားပြီဆိုပါက အစိမ်းရောင်ဖြင့် ပြသမည်ဖြစ်ပြီး မတင်ရသေးပါက မီးခိုးရောင်ဖြင့် ပြသမည်ဖြစ်သည်။ ထို့ပြင် မြေပုံ၏ ဘယ်ဘက်မှ မြို့နယ်အမည်ဖြင့် ပြသထားသည့် စာရင်းတွင်လည်း online တွင် တင်ပြီးသည့် မြို့နယ်ကို အမှန်ခြစ်ဖြင့်လည်းကောင်း၊ မတင်ရသေးသည့် မြို့နယ်ကို ကြက်ခြေခတ်ဖြင့်လည်းကောင်း ပြသမည်ဖြစ်သည်။

(၃) သင်ကြည့်ရှုလိုသည့် မြို့နယ်မှ မဲစာရင်းသည် online တွင် တင်ထားပြီဆိုပါက မြေပုံ၏အောက်တည့်တည့်တွင်ရှိသော “မိမိအမည်ကို စစ်ပါ” ဟုရေးသားထားသည့် အစိမ်းရောင်အကွက်ကို နှိပ်ပါ။ ထိုအခါ ပုံ(ဂ) တွင် ပြထားသည့်အတိုင်း ပေါ်လာမည်ဖြစ်သည်။

## သင်၏ မြို့နယ် မဲဆန္ဒရှင်စာရင်းတွင် ပါဝင်ပြီလား စစ်ဆေးပါ။




ပုံ(ခ)

(၄) ထို့နောက် ပုံ(ဂ)တွင် သင်ကြည့်လိုသူ၏ အမည်နှင့် မှတ်ပုံတင်နံပါတ်ကို ရိုက်ထည့်ပါ။ ပြီးလျှင် “ရှာဖွေပါ” ဟု ရေးသားထားသည့် အပြာရောင်

rqE&ipm&i;y rr\ tcu t vurm;u unrn/




ပုံ(ဂ)

အကွက်ကိုနှိပ်ပါ။ ထိုအခါ ပုံ(ဃ)တွင် ဖော်ပြထားသည့်အတိုင်း သင်၏ ကိုယ်ရေးအချက်အလက်များကို မဲစာရင်းတွင်ပါရှိသည့်အတိုင်း ပြသမည်ဖြစ်သည်။

(၅) အကယ်၍ မှတ်ပုံတင်မရှိလျှင်သော်လည်းကောင်း၊ မှတ်ပုံတင်နံပါတ်ကို မေ့နေလျှင်သော်လည်းကောင်း မှတ်ပုံတင်နံပါတ်အစား မွေးသက္ကရာဇ်ကို ထည့်လျှင်လည်းရသည်။ မွေးသက္ကရာဇ်ဖြင့် ကြည့်ရှုလိုပါက ပုံ(ဂ) တွင် ပါရှိသည့် မွေးနေ့ရှေ့မှ စက်ဝိုင်းကွက်ကလေးကို နှိပ်လိုက်ပါ။ ထိုအခါ ပုံ(င)တွင် ပြထားသည့်အတိုင်း ပေါ်လာပါမည်။ ထို့နောက်

## မဲဆန္ဒရှင်၏ အချက်အလက်များ



ပုံ(ဃ)

မိမိ၏ မွေးနေ့၊ မွေးလနှင့် မွေးသည့်နှစ်ကို ရွေးချယ်လိုက်ပါ။ ထိုအခါ ပုံ(ဃ)တွင် ပြထားသည့်အတိုင်း သင်၏ကိုယ်ရေးအချက်အလက်များကို ပြသမည်ဖြစ်သည်။

ယခုစမ်းသပ်မှုများ ချောမောအဆင်ပြေခြင်းကြောင့် နေပြည်တော် ကောင်စီနယ်မြေမြို့နယ် ရှစ်မြို့နယ်၏ အခြေခံမဲဆန္ဒရှင်များကို online တွင် တင်နိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိရာ ယခုလာမည့် ဇွန်လ ပထမပတ်အတွင်း ကြည့်ရှုနိုင်မည်ဖြစ်ပါသည်။ ဆက်လက်၍ မကွေးတိုင်းဒေသကြီးရှိ မြို့နယ်များ၊ မန္တလေးတိုင်းဒေသကြီးရှိ မြို့နယ်များနှင့်

rqE&ipm&i;y rr\ tcu t vurm;u unrn



ပုံ(င)

ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်များမှ အခြေခံမဲဆန္ဒရှင်စာရင်းများကို online မှ ကြည့်ရှုနိုင်စေရေးအတွက် ကော်မရှင်က ဆက်လက်ဆောင်ရွက်မည်ဖြစ်သည့်အပြင် မဲဆန္ဒရှင်များ မိုဘိုင်းဖုန်းများဖြင့် ပိုမိုလွယ်ကူလျင်မြန်စွာ ကြည့်ရှုနိုင်ရေးအတွက် appsနှင့် ပြသနိုင်ရန် IT ပညာရှင်များက ဆက်လက်ကြိုးပမ်းလျက်ရှိပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

# ရိဒ်ခေါဒါရ်မြို့၌ တောင်ယာကြွက်မြီးတန်းစနစ်ဖြင့် စိုက်ပျိုး

**ရိဒ်ခေါဒါရ် ဇွန် ၁**

ချင်းပြည်နယ် ရိဒ်ခေါဒါရ်မြို့ စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် ရိဒ်ခေါဒါရ်မြို့ရှိ ကျေးရွာသုံးရွာတွင် တောင်ယာကြွက်မြီးတန်းစနစ် စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ တောင်ယာကြွက်မြီးတန်း စိုက်ပျိုးခြင်းကို ကျေးရွာသုံးရွာရှိ တောင်သူခြောက်ဦးတို့က မေလကုန်အထိ စိုက်ဧက ၅ ဒသမ ၅၀ ဧကအား ကြွက်မြီးတန်းတစ်ပေခြားတစ်နှစ်ဖြင့် စိုက်ပျိုးဆောင်ရွက်ခြင်းဖြစ်သည်။

တောင်ယာကြွက်မြီးတန်းစိုက်ပျိုးခြင်းများကို ယခင်နှစ်များကလည်း စိုက်ပျိုးခဲ့ရာ ဒေသထုံးစံ စိုက်ပျိုးခြင်းများထက် အထွက်တိုးနှုန်းပိုမိုမြင့်မားပြီး တောင်သူများကလည်း ပိုမိုစိတ်ဝင်စားလျက်ရှိသည်။

ရိဒ်ခေါဒါရ်မြို့ရှိ ကျေးရွာများသည် အများအားဖြင့် တောင်ယာစိုက်ပျိုးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြကြောင်း သိရသည်။ **ဇိုဟောဆာ**

# ဒီးမော့ဆိုမြို့နယ်တွင် နှစ်ရှည်ပျိုးပင်နှင့် သီးနှံမျိုးစေ့များ ပေးအပ်

**ဒီးမော့ဆို ဇွန် ၁**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် လိုဘာခိုကျေးရွာအုပ်စု ဆောင်ဒူကျေးရွာတွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် လူထုလှုပ်ရှားမှု နှစ်ရှည်ပျိုးပင်၊ နှစ်ချင်းသီးနှံမျိုးစေ့နှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များပေးအပ်ပွဲကို မေ ၃၁ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးပိုးရယ်ရန်အောင်၊ စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဌေးဝင်းနှင့် စိုက်ပျိုးရေးဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်လှိုင်နှင့် ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူလယ်သမားများ တက်ရောက်ကြသည်။

ထို့နောက် တာဝန်ရှိသူများက လက်ဖက်ပျိုးပင်၊ ကော်ဖီပျိုးပင်၊ ပုလဲသွယ်စပ်မျိုးစပါး၊ အစေ့ထုတ်ပြောင်းမျိုးစေ့များနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ပြည်တွင်းရေးရာ

# စာသင်ကျောင်းဝန်းကျင် ယာဉ်ကြောပိတ်ဆို့မှု ပြန်လည်မြင်တွေ့လာရ



**ရန်ကုန် ဇွန် ၁**

ဇွန် ၁ ရက်မှစ၍ မြန်မာပြည်တစ်ဝန်း အခြေခံပညာစာသင်ကျောင်းများတွင် ပညာသင်ကြားမှု စတင်လာရာ ကျောင်းပတ်ဝန်းကျင်များတွင် သုံးလတာ တိတ်ဆိတ်ငြိမ်သက်နေရာမှ ကျောင်းသားများ၊ မိဘအုပ်ထိန်းသူများ၊ ဆရာ ဆရာမများ၊ ကျောင်းကြိုယာဉ်များဖြင့် စည်ကားလာသည်ကို မြင်တွေ့လာရသည်။

ပြီးခဲ့သော စာသင်နှစ်ကာလအတွင်း ကျောင်းပတ်ဝန်းကျင် ယာဉ်ကြောပိတ်ဆို့မှုနှင့် ပတ်သက်၍ သက်ဆိုင်ရာမှ အစီအစဉ်များ ရေးဆွဲမှုများ ပြုလုပ်ခဲ့သော်လည်း ယခုစာသင်နှစ် အစပိုင်းတွင် အကောင်အထည်ဖော်မှု မရှိသေးသဖြင့် ယခင်ကြုံတွေ့နေကျ အခြေခံပညာကျောင်းများအနက် ရန်ကုန်မြို့တွင်း အချို့သော ကျောင်းဝန်းကျင်တွင် သုံးလတာ ပျောက်ကွယ်ခဲ့သော ယာဉ်ကြောပိတ်ဆို့မှု ပြန်လည်မြင်တွေ့လာရသည်ဟု ပြည်လမ်းတစ်လျှောက် မောင်းနှင်သော လိုင်းကားစီးခရီးသည်ကိုသူရက ပြောသည်။

ဒဂုံမြို့နယ် ပြည်လမ်းအတွင်း အရောင်းစင်တာ ကုန်တိုက်နှစ်ခုအနီးတည်ရှိသော အခြေခံပညာကျောင်းတစ်ကျောင်းတွင် နံနက် ၇ နာရီမှ ကျောင်း စတင်တက်ရောက်သော်လည်း နံနက် ၆ နာရီကျော်မှစ၍ ကိုယ်ပိုင်ယာဉ်အချို့ ယာဉ်မရပ်ရ လမ်းညွှန်အသိပေး ဆိုင်းဘုတ်များအနီး လမ်းဘေးတစ်လျှောက် ရပ်ထား၍ ကျောင်းပို့လာကြသည်။ ကျောင်းတက်ချိန် ၇ နာရီကျော်မှ ပြန်လည်မောင်းနှင်သည်ကို မြင်တွေ့ရသည်။

လိုင်းကား၊ တက္ကစီ၊ ကိုယ်ပိုင်ယာဉ်၊ ကျောင်းကြိုယာဉ်နှင့် ခြေကျင်လာကြသည့် ကျောင်းသားများအနက် ခြေကျင်၊ လိုင်းကား၊ တက္ကစီယာဉ်များဖြင့် ကျောင်းလာရာတွင် ယာဉ်ပိတ်ဆို့မှု မဖြစ်စေပါ။ ကိုယ်ပိုင်ယာဉ်များဖြင့် ကျောင်းကြို/ပို့ရာတွင် ရပ်ချ(သို့) ရပ်တင်ထွက်မဟုတ်ဘဲ အချိန်ယူရပ်နားနေကြသည်ကို မြင်တွေ့ရသည်။ ကျောင်းရှေ့တွင် ကိုယ်ပိုင်ကားအရေအတွက်များပြားစွာ ရပ်နားထားသည်ကိုလည်း မြင်တွေ့ရသည်။

ဗိုလ်ချုပ်လမ်းမပေါ်တွင် နာမည်ကြီး ကျောင်းနှစ်ကျောင်း အနီးကပ်တည်ရှိရာ တစ်လမ်းမောင်းလမ်းမကြီးပေါ်တွင် ယာဉ်ကြော ခြောက်ကြောရှိသော်လည်း ယာဉ်ကြောပိတ်ဆို့မှု မြင်တွေ့နေရသည်ဟု လမ်းမတော်မြို့နယ်နေ ကျောင်းသားမိဘတစ်ဦးက ပြောသည်။

ကျောင်းကြိုယာဉ် အမျိုးအစားပြောင်းလဲမှုရှိနိုင်သည် ဆိုသော်လည်း ဇွန် ၁ ရက်တွင် ယခင်ပြေးဆွဲမှုအများဆုံးဖြစ်သော လိုက်ထရပ်ယာဉ်ငယ်များ ပြေးဆွဲလျက်ရှိနေဆဲဖြစ်သည်ကို မြင်တွေ့နေရသည်။ ကျောင်းရှေ့များတွင် အိမ်စီးယာဉ်များအပြင် လိုက်ထရပ်ကျောင်းကြိုယာဉ်များပါ ရပ်နားမှုကြောင့် လမ်းမများပေါ်ရှိ ယာဉ်ကြောနှစ်ကြောသည် ယာဉ်ရပ်နားရာနေရာများဖြစ်လာကြသည်။

ပြည်လမ်းမရှိ အရောင်းစင်တာကုန်တိုက်နှစ်တိုက်အနီးရှိ အခြေခံပညာကျောင်းရှေ့ မြို့ထဲမှလာသောယာဉ်ကြောပေါ်တွင် ယာဉ်ကြောပိတ်ဆို့မှုကြောင့် အသွားအလာနည်းသော နံနက် ၇ နာရီဝန်းကျင်မှာပင် လိုင်းကားကြီးအချို့ အပါအဝင် ယာဉ်အချို့လမ်း ပြောင်းပြန်မောင်းနှင်၍ ယင်းနေရာကို ဖြတ်ကျော်သွားနေရသည်ကို မြင်တွေ့နေရသည်။

ယာဉ်ကြောပြောင်းပြန်မောင်းနှင်လျှင် ထောင်ဒဏ်ပါ ချမှတ်အရေးယူနေသော်လည်း မြို့လယ်ဆက်စပ်နေရာများတွင် မောင်းနှင်နေသည်ကို ဇွန် ၁ ရက် နံနက်ပိုင်းတွင် မြင်တွေ့နေရဆဲ ဖြစ်သည်ဟု ကျောင်းသား မိဘတစ်ဦးက ပြောသည်။

**(မောင်စေအောင်)**

# မကွေးမြို့နယ်၌ အိမ်သာကျင်းတူးရာမှ ရိုင်ဖယ် ကျည်တောင့် ၁၀၀ တွေ့ရှိ

**မကွေး ဇွန် ၁**

မကွေးမြို့နယ် မကျည်းကန်ကျေးရွာအုပ်စု နွားကူးကျေးရွာတွင် မေ ၃၁ ရက် မွန်းလွဲပိုင်းက အိမ်သာကျင်းတူးစဉ် ကျည်တောင့် ၁၀၀ တွေ့ရှိခဲ့ကြောင်း သိရသည်။**(ယာပုံ)**

ဖြစ်စဉ်မှာ နွားကူးကျေးရွာနေ လှိုင်မင်းဦး (၃၁)နှစ်သည် မေ ၃၁ ရက် မွန်းလွဲ ၁ နာရီက အိမ်ဝိုင်းလွတ်အတွင်း ညီဇော်အောင် မေတ္တာ(ဘီ) (၅)လမ်း မကွေးမြို့နေသူက အိမ်သာကျင်းတူးစဉ် အနက်လေးပေခွဲ အရောက်တွင် သံချေးတက်နေသည့် ကျည်တောင့် ၁၀၀ အား တွေ့ရှိသဖြင့် မကွေးနယ်မြေရဲစခန်းသို့ အကြောင်းကြားခဲ့သည်။ ကျည်ဆန်တောင့်အဟောင်းများ တွေ့ရှိရာနေရာသို့ မကွေးနယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ကျော်သူက သိမ်းဆည်းခဲ့ပြီး မကွေးနယ်မြေရဲစခန်း စခန်းမှူး ရဲအုပ်မင်းညိုက မကွေးမြို့ နယ်မြေခံ တပ်နယ်မှူးရုံးသို့ ဆက်သွယ်အကြောင်းကြားခဲ့ပြီး ယင်းနေ့ ညနေ ၄ နာရီက တပ်မတော်မှ တာဝန်ရှိသူများက စစ်ဆေးရာ အဆိုပါသံချေးတက်ကျည်များမှာ ရိုင်ဖယ်ကျည် (DM-42) အမျိုးအစား သုံးမရကျည်များဖြစ်ကြောင်း သိရှိရပြီး သက်ဆိုင်ရာသို့ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**(ကျော်ဇေယျ)**



# ပုဂံဘုရားစောင်းတန်းများ၌ ယွန်းထည်ပစ္စည်းများရောင်းအားကောင်း

**မလှိုင် ဇွန် ၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်၌ တည်ထားကိုးကွယ်ထားသည့် ရွှေစည်းခုံဘုရားစောင်းတန်းပေါ်၌ ရှေးဟောင်းယဉ်ကျေးမှုလက်ရာများအနက် ယွန်းထည်ပစ္စည်းများအရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ယွန်းထည်ပစ္စည်းများ ရောင်းချနေသည့် ဆိုင်ရှင်တစ်ဦးက ရှေးမင်းအဆက်ဆက် တည်ထားကိုးကွယ်ခဲ့သည့် ပုဂံညောင်ဦးဘုရားစောင်းတန်းများ၌ ယဉ်ကျေးမှုပစ္စည်းများ ရောင်းချသည့်ဆိုင်များအနက် ယွန်းထည်ပစ္စည်းများမှာ ပုဂံညောင်ဦးမြို့သို့ လာရောက်ဘုရားဖူးလည်ပတ်သည့် ခရီးသွားနိုင်ငံခြားသားများအတွက် စိတ်ဝင်စားစရာပစ္စည်းတစ်ခု ဖြစ်ကြောင်း၊ လက်ရှိရောင်းချနေတဲ့ ယွန်းထည်ပစ္စည်းများသည် အဘိုးအဘွားလက်ထက်ကတည်းက ရောင်းချခဲ့သော ယဉ်ကျေးမှုပစ္စည်းများဖြစ်ပြီး တန်ဖိုးအနေဖြင့် သုံးထောင်ကျပ်မှ တစ်သိန်းကျော်အထိပါရှိပြီး အရောင်း အဝယ်လည်းဖြစ်လျက်ရှိကြောင်း၊ ခရီးသွားဘုရားဖူးနိုင်ငံခြားသားများ အများဆုံးလာရောက်ဝယ်ယူကြကြောင်း ပြောသည်။

**ကျော်ကျော်(မလှိုင်)**

## ကျေးလက်လူငယ် စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်

**သန်လျင် ဇွန် ၁ ။** ။ သန်လျင်မြို့နယ် လက်ယက်စမ်း၊ ပျဉ်ထောင်ကျောင်း၊ ထန်းပင်ဆိပ်၊ ကျိုက်အင်း၊ ကျောင်းကန်ကွင်း၊ အလယ်ရွာ၊ မြယာရိုး(ကွက်သစ်) ထားမလုံကျေးရွာ ရှစ်ရွာမှ ကျေးလက်လူငယ် ၄၀ အား လက်ယက်စမ်းကျေးရွာတွင် ကျေးလက်လူငယ်စွမ်းဆောင်ရည်မြှင့်တင်ရေး(ဆင့်ပွား)သင်တန်းကို မေ ၂၇ ရက်မှ ၂၉ ရက်အထိ ပို့ချခဲ့ကြောင်း သိရသည်။

**(ကျေးလက်ဦးစီး)**

# ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်အဆင့်လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုရလဒ်များမှ ဖော်ထုတ်ရရှိခဲ့သော သန်းခေါင်စာရင်းမှ ညွှန်းဆိုသည့် မြန်မာ့ပုံရိပ်အကျဉ်းချုပ်

**(ယမန်နေ့မှအဆက်)**

**မွေးဖွားခြင်းဆိုင်ရာကိန်းဂဏန်းများ**

- ❖ အမျိုးသမီးတစ်ဦး၏ စုစုပေါင်းကလေးမွေးနှုန်း (Total Fertility Rate -TFR) သည် ၂ ဒသမ ၃ ဖြစ်၍ အိမ်ထောင်ကျဖူးသူ အမျိုးသမီးတစ်ဦး၏စုစုပေါင်းကလေးမွေးနှုန်းမှာ ၄ ဒသမ ၀၃ ဖြစ်သည်။
- ❖ မြန်မာနိုင်ငံအတွင်းရှိ အမျိုးသမီးတစ်ဦး၏ စုစုပေါင်းကလေးမွေးနှုန်းသည်အရှေ့တောင်အာရှနိုင်ငံများ၏ ကလေးမွေးနှုန်းနှင့် တူညီသည်။ အရှေ့တောင်အာရှနိုင်ငံများ၏ ပျမ်းမျှစုစုပေါင်း ကလေးမွေးနှုန်းသည် ၂ ဒသမ ၅ ဖြစ်ပြီး မြန်မာနိုင်ငံ၏ပျမ်းမျှစုစုပေါင်း ကလေးမွေးနှုန်းသည် ၂ ဒသမ ၃ ဖြစ်သည်။
- ❖ မွေးနှုန်းအများဆုံးသည် ချင်းပြည်နယ်ဖြစ်ပြီး ၄ ဒသမ ၃၄ ရှိ၍ မွေးနှုန်းအနည်းဆုံးမှာ ရန်ကုန်တိုင်းဒေသကြီးဖြစ်ပြီး ၁ ဒသမ ၇၁ ဖြစ်သည်။
- ❖ အသက်(၁၅)နှစ်မှ (၄၉)နှစ်အတွင်းရှိ အမျိုးသမီးများ၏ ကလေးမွေးနှုန်းသည် မြို့ပြထက် ကျေးလက်တွင် ပိုမိုမြင့်မားသည်။

**သေဆုံးခြင်းအကြောင်းအရာများ**

- ❖ နိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် ၆၆ ဒသမ ၈ နှစ်ဖြစ်သည်။ မျှော်မှန်းသက်တမ်းအမြင့်ဆုံးမှာ မွန်ပြည်နယ်ဖြစ်ပြီး ၇၁ ဒသမ ၇ နှစ်ဖြစ်၍ မျှော်မှန်းသက်တမ်းအနိမ့်ဆုံးမှာ မကွေးတိုင်းဒေသကြီး ၆၀ ဒသမ ၆ နှစ်ဖြစ်သည်။
- ❖ တစ်နှစ်အောက်ကလေးသေနှုန်း (Infant Mortality Rate -IMR) သည်အရှင်မွေးကလေး ၁၀၀၀ တွင် ၆၂ ဦးဖြစ်ပြီး ငါးနှစ်အောက်ကလေးသေနှုန်း(Under 5 Mortality Rate - U5MR) သည် အရှင်မွေးကလေး ၁၀၀၀ တွင် ၇၂ ဦးဖြစ်သည်။
- ❖ တစ်နှစ်အောက်ကလေးသေနှုန်းအမြင့်ဆုံးမှာ မကွေးတိုင်းဒေသကြီးဖြစ်ပြီး အနိမ့်ဆုံးမှာမွန်ပြည်နယ်ဖြစ်သည်။ ငါးနှစ်အောက်ကလေးသေနှုန်းအမြင့်ဆုံးမှာ မကွေးတိုင်းဒေသကြီးဖြစ်ပြီး အနိမ့်ဆုံးမှာ မွန်ပြည်နယ်ဖြစ်သည်။

**နိုင်ငံ၏မသန်စွမ်းမှုအခြေအနေ**

- ❖ နိုင်ငံတွင်မသန်စွမ်းရာခိုင်နှုန်း ၄ ဒသမ ၆ ရာခိုင်နှုန်းရှိသည်။
- ❖ မသန်စွမ်းရာခိုင်နှုန်းသည် အသက် (၄၀)အရွယ်တွင် စတင်မြင့်တက်ပြီး အသက်(၆၅)နှစ်အထက်တွင် သိသာထင်ရှားစွာ မြင့်တက်လာသည်။
- ❖ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် မသန်စွမ်းမှုရာခိုင်နှုန်း အမြင့်ဆုံးဖြစ်ပြီး မသန်စွမ်းမှုရာခိုင်နှုန်းအနိမ့်ဆုံးမှာ နေပြည်တော်ဖြစ်သည်။
- ❖ မသန်စွမ်းမှုအမျိုးအစားများအနက် အမြင့်ဆုံးမှာ အမြင်အာရုံမသန်စွမ်းမှုဖြစ်သည်။

**အိမ်အကြောင်းအရာနှင့် အိမ်အသုံးအဆောင် ပစ္စည်းများသုံးစွဲမှုအခြေအနေ**

- ❖ နိုင်ငံတစ်ဝန်း အိမ်ပိုင်ဆိုင်မှု (၈၆)ရာခိုင်နှုန်း၊ အိမ်ငှား (၇) ရာခိုင်နှုန်း၊ အစိုးရဝန်ထမ်းအိမ်ရာတွင် နေထိုင်သူ(၃)ရာခိုင်နှုန်းရှိသည်။ အိမ်ပိုင်ဆိုင်သူများမှာ သစ်အိမ်၊ ဝါးအိမ်ဖြင့် နေအိမ်ပိုင်ဆိုင်ထားသူများကိုပါ ထည့်သွင်းတွက်ချက်ထားသည်။
- ❖ နေအိမ်အားလုံး၏(၇၉) ရာခိုင်နှုန်းခန့်သည် သစ်(သို့)ဝါးဖြင့် ဆောက်လုပ်ထားကြသည်။
- ❖ အိမ်ထောင်စု (၃၂)ရာခိုင်နှုန်းသည် အလင်းရောင်အတွက် လျှပ်စစ်မီးကို အသုံးပြုကြပြီး မြို့ပြတွင်လျှပ်စစ်မီးသုံးသော အိမ်ထောင်စုမှာ(၇၈) ရာခိုင်နှုန်း၊ ကျေးလက်တွင် လျှပ်စစ်မီးသုံးသော အိမ်ထောင်စု(၁၅) ရာခိုင်နှုန်းသာရှိသည်။
- ❖ အလင်းရောင်အတွက် လျှပ်စစ်မီးအသုံးပြုသော အိမ်ထောင်စုများတွင် အမြင့်ဆုံးမှာ ရန်ကုန်တိုင်းဒေသကြီးဖြစ်ပြီး (၆၉)ရာခိုင်နှုန်းသုံးစွဲ၍ အနိမ့်ဆုံးမှာ တနင်္သာရီတိုင်းဒေသကြီးဖြစ်ပြီး (၈)ရာခိုင်နှုန်းသာ သုံးစွဲသည်။
- ❖ အိမ်ထောင်စု (၈၁)ရာခိုင်နှုန်းသည်အစားအစာချက်ပြုတ်စားသောက်ရန်အတွက် သစ်သား၊ ထင်းနှင့် ဆက်စပ်လောင်စာများကို အသုံးပြုကြသည်။
- ❖ အိမ်ထောင်စု(၃၁)ရာခိုင်နှုန်းခန့်သည် သောက်ရေအတွက် အဓိကအရင်းအမြစ်မှာ အဝီစိတွင်းဖြစ်ပြီး မြို့ပြအိမ်ထောင်စု (၃၁)ရာခိုင်နှုန်းသည် ရေသန့်စက်၊ ရေသန့်ဘူးကို အသုံးပြုသည်။
- ❖ အိမ်ထောင်စု(၇၀)ရာခိုင်နှုန်းခန့်သည် သောက်ရေအတွက် ရေကောင်း၊ ရေသန့်ကိုအသုံးပြုကြသည်။
- ❖ အိမ်ထောင်စု(၇၄)ရာခိုင်နှုန်းခန့်သည် သန့်ရှင်းသော ယင်လုံအိမ်သာကို ဆောက်လုပ်သုံးစွဲကြသည်။
- ❖ အိမ်သာမရှိသော အိမ်ထောင်စု (၁၄)ရာခိုင်နှုန်းရှိသည်။



## ဟွန်းကီပြောတဲ့ သော့နှစ်ချောင်းရဲ့အဓိပ္ပာယ်

တောင်ကိုရီးယားပေါ့ပ်ဂီတအဖွဲ့ F.T.Island မှ အဖွဲ့ဝင်ဟွန်းကီက သူ့ရဲ့ ညာဘက်ပခုံးပေါ်မှာထိုးထားတဲ့ တက်တူးသော့နှစ်ချောင်း၏ပုံကို အင်စတာဂရမ်စာမျက်နှာပေါ်တွင် ဖော်ပြခဲ့ပြီး အဓိပ္ပာယ်ကိုပါ တစ်ပါတည်း ဖွင့်ဟခဲ့သည်။

ယခင်က တက်တူးများထိုးခဲ့ခြင်းမျိုးရှိခဲ့ပြီး ယခုသော့နှစ်ချောင်းပုံကို ထပ်မံထိုးခဲ့ခြင်းကာ အဆိုပါသော့များမှာ သူ၏ ဂီတလမ်းကြောင်းတစ်လျှောက် အဆင့်ဆင့်တက်လှမ်းသွားနိုင်ရန် တွေ့ကြုံရမည့် အသစ်အသစ်သော ပြောင်းလဲခြင်းတံခါးများကို ဖွင့်နိုင်သည့် ဝိဇ္ဇာသော့များကို ရည်ညွှန်း၍ထိုးခဲ့ခြင်း ဖြစ်ကြောင်း ရှင်းပြခဲ့သည်။

တက်တူးထိုးခြင်းအလေ့အကျင့်သည် ယခုနှစ်များတွင် သိသိသာသာ ရေပန်းစားလာပြီး အနုပညာရှင်များသည်လည်း ရည်ရွယ်ချက်အမျိုးမျိုးဖြင့် တက်တူးများထိုးကြရာ အမျိုးသားများသာမက အမျိုးသမီးများပါ စွဲမက်သော အလေ့အကျင့်ဖြစ်လာသည်။ အနောက်နိုင်ငံများတွင် တက်တူး(ဆေးမင်ကြောင်) ပြပွဲများပင် ကျင်းပကာ မျက်လုံးအိမ်အတွင်း တက်တူးထိုးခြင်းများပင် ရှိလေသည်။

**အေးပြည့်**



## အက်ဒ်ရှီးရန်ရဲ့ သီချင်းသစ် Sweet Mary Jane


အမေရိကန်ပေါ့ပ်အဆိုတော် အက်ဒ်ရှီရန်သည် မေ ၂၉ ရက်ညက အမေရိကန်နိုင်ငံ ကွင်းစ်စီရင်စု Forest Hills အားကစားကွင်း၌ ပြုလုပ်ခဲ့သောသူ၏ မြောက်အမေရိကနယ်လှည့်ဖျော်ဖြေပွဲတွင် သီချင်းသစ်တစ်ပုဒ်ဖြင့် ဖျော်ဖြေခဲ့သည်။

အဆိုပါ သီချင်းကို ရှီရန်က Sweet Mary Jane ဟု မိန်းကလေး တစ်ဦး၏ နာမည်ကို ထည့်သွင်းပေးထားခဲ့ပြီး သူကိုယ်တိုင် ဂီတာတီး၍ ဖျော်ဖြေခဲ့သည်။

သီချင်းအမည်အရ အမျိုးသမီးတစ်ဦးကို ရည်ရွယ်ရေးဖွဲ့သည်ဟု ထင်ရသော်လည်း လူတစ်ဦး၏ စိတ်လှုပ်ရှားမှု၊ ဒေါသ၊ ရှုပ်ထွေးမှုများနှင့်ဘုရားသခင်ပေးအပ်သော အပြစ်ဒဏ်ခံစားရမှုများကို ဖွဲ့ဆိုခဲ့ခြင်းဖြစ်ကြောင်း အသက် (၂၄) နှစ်အရွယ် အဆိုတော်နှင့် တေးရေးဆရာရှီရန်က ပြောခဲ့သည်။

**အေးပြည့်**

## ချန်ယွန်ဟွာ တစ်ကိုယ်တော်ဖျော်ဖြေပွဲ ပြုလုပ်မည်



သရုပ်ဆောင်အဆိုတော် ချန်ယွန်ဟွာ၏တစ်ကိုယ်တော် သီဆိုဖျော်ဖြေပွဲကို တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ အိုလံပစ်ပန်းခြံ၌ ဇူလိုင်၁၈ရက်နှင့် ၁၉ ရက်တို့တွင် ကျင်းပရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

မေ ၂၉ ရက်တွင် FNC Entertainment မှ တာဝန်ရှိသူတစ်ဦးက အဆိုတော် ချန်ယွန်ဟွာ၏တစ်ကိုယ်တော်ဖျော်ဖြေပွဲနှင့် ပတ်သက်၍ "သူ့ရဲ့ အာရှခရီးစဉ်ဖျော်ဖြေပွဲပြီးတဲ့နောက်မှာ ပရိသတ်တွေက တောင်းဆိုကြတဲ့အတွက် One More Fine Day တစ်ကိုယ်တော်ဖျော်ဖြေပွဲကို ဆိုးလ်မြို့မှာ ကျင်းပဖြစ်တာပါ" ဟုပြောကြားခဲ့သည်။

အဆိုတော် ချန်ယွန်ဟွာသည် မတ်လအတွင်းက တောင်ကိုရီးယား၊ ဂျပန်၊ ဟောင်ကောင်၊တရုတ်၊ထိုင်းနှင့် ထိုင်ဝမ်တို့တွင် အာရှခရီးစဉ်အဖြစ် ဖျော်ဖြေပွဲများ ကျင်းပခဲ့ပြီး ယခု ပြုလုပ်မည့်တစ်ကိုယ်တော်ပွဲကိုလည်း သူ၏ နောက်ဆုံးထွက်ရှိထားသည့် အခွေဖြစ်သည့် One Fine Day အမည်ဖြင့်ပြုလုပ်မည်ဖြစ်သည်။

**ပန်းသော်တာ**



## Super Junior-M အဖွဲ့မှ အဆိုတော်ဟင်နရီအတွက် ပရိသတ်များစိတ်ပူခဲ့ရ

Super Junior-M အဖွဲ့မှ အဆိုတော်ဟင်နရီသည် မေ၃၁ ရက်က လေ့ကျင့်ခန်းလုပ်ရာမှ ညာဘက်ခြေထောက်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အဆိုပါဒဏ်ရာရထားသည့်ပုံကို သူ၏လူမှုကွန်ရက်တွင်တင်လိုက်သဖြင့် ပရိသတ်များက စိုးရိမ်ပူပန်လျက်ရှိကြောင်းသိရသည်။

ဟင်နရီ၏ဒဏ်ရာမှာ အနည်းငယ်သာဖြစ်ပြီး မစိုးရိမ်ရသော်လည်း ပရိသတ်များက စိတ်မကောင်းဖြစ်ကာ ဂရုစိုက်နေထိုင်ရန်ရေးသားပေးပို့ခဲ့ကြသည်ဟုဆိုသည်။

**ဆုမြတ်**

## ရုပ်မြင်သံကြားအစီအစဉ်

2 - 6 -2015 ( t *jae)

### မြဝတီ

၆း၀၃ တရားတော်
၆း၁၅ မေတ္တာပို့
၆း၂၀ ဓမ္မပူဇာတေး
၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၈း၁၀ စိုက်ပျိုးသုတ
၈း၂၅ မြတ်နိုးစရာရိုးရာလက်မှုပညာ
၈း၃၅ ခရီးလည်းသွားစကားလည်းဆို
၉း၀၀ တည်ဆောက်ပြုပြင် မြို့တော်တစ်ခွင်
၄း၂၀ မျိုးချစ်တပ်မတော်
၄း၂၅ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅ အင်္ဂလိပ်စာသုတ
၄း၄၅ မြန်မာသံစဉ်ချိုနားဝင်
၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၁၅ သူတို့အကြောင်း
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ဂန္ဓဝင်မြောက်အမုန်း
(အပိုင်း-၂၅)
၆း၃၅ Dream Team
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ရာဇဝင်ထဲကတော်ဝင်သမားတော်
(အပိုင်း-၅၀)
- VOA အင်္ဂလိပ်စာသင်ခန်းစာ
- ဟာသရုပ်စုံ
- ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- မှော်ဝင်စီးချင်း
(အပိုင်း-၁၂)

### MRTV - 4

၅း၀၀ ပဌာန်းပါဠိတော်၊ မေတ္တာသုတ်
၈း၃၅ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ
၉း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၈၆)
၉း၃၅ အနုပညာမိုးကောင်းကင်
၁၀း၀၅ ခေတ်သစ်ပျိုမေ
၁၁း၀၀ သွားမယ်စားမယ် (Foodfare)
၁၁း၃၀ Forever Music Tribute
လပြည့်ဝန်းသို့တမ်းချင်းည [ကိုနေဝင်းမဖွဲ့မလှိုင်း နှစ် (၃၀)ခရီး] (အပိုင်း-၂) (ဒုတိယပိုင်း)
၁၁း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရာဇဝင်ထဲကရင်ခုန်သံ" (အပိုင်း-၁၉)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝိညာဉ်ရှိုက်သံ" (အပိုင်း-၄၄)
၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၂၈)
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၂၉)
၇း၁၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝိညာဉ်ရှိုက်သံ"(ဇာတ်သိမ်းပိုင်း)
၈း၁၅ ရသစုံညွှန်းတမ်းများ
၈း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၈၇)
၉း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရာဇဝင်ထဲကရင်ခုန်သံ" (အပိုင်း-၂၀)
၉း၅၀ အနုပညာမိုးကောင်းကင်
၁၀း၁၅ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀း၅၀ MRTV-4 Stage
၁၁း၁၀ World of Knowledge (Secret Military Report : Churchill German Army)
၃း၄၅ အဘိုးအဘွားများ အေးချမ်းစွာနားခိုရာ ချမ်းမြေ့သာယာစံတော်သာ

### mitv

- Live: U-20 World Cup 2015 (Myanmar Vs. Ukraine)
- Insight Myanmar: Migration Positive Phenomenon?"
- Kindhearted Pet Lovers
- Size Does Matter (Ep-2) Human-Elephant Conflict, "Avoid Collision"
- A Historic Town: 9 Pagodas
- The Storytellers
- The Strokes of Myanmar
- Chaung Tha Souvenir Business
- Those Who Never Give Up (Ep-1) Aung Thamar Di Gold Shop
- Egg Shell
- To The Land Of Countless Temples - Bagan Trip (EP-1)
- Today Myanmar "Fast-food Franchise: Lotteria"
- Taste Of Myanmar (Kho Taung Noodle Soup)
- MONASTERY (Shwe In - Pin Kyaung)
- Chef Life "Oliver E Soe Thet"
- Tapestry - A Unique Combination Of Painting and Craftsmanship
- My Life & My Art
- Temple Stalls
- Size Does Matter (Ep-1) Human-Elephant Conflict
- A Pilgrimage To Prominent Pagoda In Pakokku
- The Treasures in a Small Village (Part-1)
- Sweet Delicacy Of Pathein
- Cosplayer
- Youth Of the Future (Ep-4) (Puppet)
- Culture Show: Theatrical Make Up




# တိုက်စစ်မှူး ဘန်တီကီ အား အက်စ်တွန်ဗီလာ၌ ဆက်ရှိရန် တစ်ပတ်လုပ်ခပေါင် ၇၅၀၀၀ ပေးရန် တင်ရှားဝုဒ် အသင့်ရှိနေ

အက်စ်တွန်ဗီလာအသင်းနည်းပြ တင်ရှားဝုဒ်သည် တိုက်စစ်မှူး ဘန်တီကီအား အက်စ်တွန်ဗီလာအသင်း၌ ဆက်ရှိနေစေရေးအတွက် ဘန်တီကီ၏ ယခုလက်ရှိလုပ်ခလစာထက် တိုးမြှင့်ရရှိမည့် စာချုပ်သစ်တစ်ရပ်အား ချုပ်ဆိုသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

တိုက်စစ်မှူး ဘန်တီကီအား လီဗာပူးအသင်းက ခေါ်ယူရန် ပြင်ဆင်နေခြင်းကြောင့် အာဆင်နယ်အသင်းအား ရှုံးနိမ့်ခဲ့သည့် အက်ဖ်အေဖလားနောက် ဆုံးဗိုလ်လုပွဲသည် တိုက်စစ်မှူး ဘန်တီကီအနေဖြင့် အက်စ်တွန်ဗီလာအသင်း အတွက် နောက်ဆုံးပွဲဟုပင် သတင်းများထွက်ပေါ်ခဲ့မှုများရှိခဲ့ပြီး ပြောင်းရွှေ့ကြေး ပေါင် ၃၂ သန်းဖြင့် အက်စ်တွန်ဗီလာအသင်းမှ ထွက်ခွာဖွယ်လည်း ရှိနေသည်။

ထို့ကြောင့် အက်စ်တွန်ဗီလာအသင်းက ဘန်တီကီအား ယခုလက်ရှိလစာ အပေါ် ၅၀ ရာခိုင်နှုန်းတိုးမြှင့်ရရှိမည့် တစ်ပတ်လုပ်ခလစာပေါင် ၇၅၀၀၀ ဖြင့် စာချုပ်သစ်ထပ်တိုးချုပ်ဆိုရန် ဆွေးနွေးမှုများ ပြုလုပ်သွားရန်ရှိနေကြောင်း သိရသည်။

အက်ဖ်အေဖလားနောက်ဆုံးဗိုလ်လုပွဲတွင် အာဆင်နယ်အသင်းအား ရှုံးနိမ့်ခဲ့ခြင်းကြောင့် အက်စ်တွန်ဗီလာအသင်းမှာ ယူရိုပါလိဂ်ပြိုင်ပွဲဝင်ခွင့်အိပ်မက် ပျက်ပြယ်ခဲ့ရသည်။ ထို့ကြောင့် အသက်(၂၄)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဘန်တီကီသည် ဥရောပပြိုင်ပွဲများတွင် ပါဝင်ကစားရန် လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေခြင်းဖြစ်သည်။

တိုက်စစ်မှူး ဘန်တီကီသည် လက်ရှိတွင် တစ်ပတ်လုပ်ခလစာပေါင် ၅၀၀၀၀ ဖြင့် စာချုပ်သက်တမ်း နှစ်နှစ်ကျန်ရှိနေသေးသည်။ သို့ရာတွင် အက်စ်တွန်ဗီလာအသင်း အနေဖြင့် တိုက်စစ်မှူး ဘန်တီကီအား စာချုပ်သစ်ချုပ်ဆိုရန်ရှိနေခြင်းကြောင့် ယင်း စာချုပ်ချုပ်ဖြစ်ခဲ့ပါက ဘန်တီကီမှာ အက်စ်တွန်ဗီလာအသင်း၏ ဝင်ငွေအကောင်းဆုံး ကစားသမားများအနက် တစ်ဦးအပါအဝင်ဖြစ်လာမည်ဖြစ်သည်။

**ငွေကြယ်**




# ချယ်လ်ဆီးအသင်းသို့ ပြောင်းရန် ဖယ်လ်ကာအို ဆွေးနွေးလျက်ရှိ

မန်ယူအသင်းသို့ အငှားစာချုပ်ဖြင့် ရောက်ရှိနေသည့် မိုနာကိုအသင်းမှ ကိုလံဘီယာ တိုက်စစ်မှူး ဖယ်လ်ကာအိုသည် ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားရန် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

တိုက်စစ်မှူး ဖယ်လ်ကာအိုသည် ပရီမီယာလိဂ်ချန်ပီယံချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားရန် ပစ်မှတ်ထားလျက်ရှိသည်။ ထို့ပြင် ဖယ်လ်ကာအိုအနေဖြင့် လုပ်ခလစာတိုးမြှင့်ရရှိရန် ဆန္ဒရှိနေပြီး တိုက်စစ်မှူး ဖယ်လ်ကာ အို၏ လက်ရှိ မိုနာကိုအသင်းနှင့် တစ်ပတ်လုပ်ခလစာပေါင် ၂၆၅၀၀၀ ဖြင့် စာချုပ်သက်တမ်းမှာကျန်ရှိနေသေးသည်။

ဖယ်လ်ကာအိုသည် ပြီးခဲ့သည့်ဘောလုံးရာသီက မိုနာကိုအသင်းမှ မန်ယူအသင်းသို့ အငှားစာချုပ်ဖြင့် လာရောက်ကစားခဲ့ပြီး မိုနာကိုအသင်းအနေဖြင့် ၎င်းတို့၏ ဘဏ္ဍာရေးပြဿနာကို ဖြေရှင်းရန် ရောင်းချဖွယ်ရှိနေကြောင်း သိရသည်။

ထို့ကြောင့် ကိုလံဘီယာတိုက်စစ်မှူး ဖယ်လ်ကာအိုသည် လာမည့်ဘောလုံးရာသီတွင် ချယ်လ်ဆီးအသင်း၏ အရေးပါသည့်ကစားသမားတစ်ဦးဖြစ်လာရန် ပစ်မှတ်ထားနေပြီး ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုကလည်း တိုက်စစ်မှူး ဖယ်လ်ကာအိုအား စာချုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

ဖယ်လ်ကာအိုသည် ကိုပါအမေရိကပြိုင်ပွဲမတိုင်မီ ၎င်း၏အနာဂတ်နှင့်ပတ်သက်၍ အပြီးအပြတ်ပြန်လည်ဖြေရှင်းသွားရန်လည်း ဆန္ဒရှိနေသည်။

**ငွေကြယ်**

## အားကစားသတင်းအတိုအထွာများ

- မန်စီးတီးကွင်းလယ်လူ ဂျိမ်းစ်မီနာအား အာဆင်နယ်နှင့် လီဗာပူးတို့က ခေါ်ယူရန်ကမ်းလှမ်းထားသော်လည်း ၎င်း၏ အနာဂတ်အား အင်္ဂလန်အသင်း ယူရို ၂၀၁၆ ခြေစစ်ပွဲအောင်မြင်ပြီးမှသာလျှင် ဆုံးဖြတ်သွားမည်ဟု ဆိုခဲ့သည်။
- ပီအက်စ်ဂျီအသင်းမှ တိုက်စစ်မှူး လာဗက်ဇီအားခေါ်ယူချင်လျှင် အနည်းဆုံး ယူရို ၁၄ သန်းဖြင့် ကမ်းလှမ်း မှသာ စဉ်းစားပေးမည်ဟု တုံ့ပြန်ထားသည်။
- ဘိုင်ယန်ဂိုးသမား ပီပီရေနာက ၎င်းအား ဆရာဟောင်း လက်ရှိရီးယဲလ်နည်းပြ ဘင်နီတက်ဇ်က ရီးယဲလ်သို့ ခေါ်ယူရန် မျှော်လင့်နေသည်။
- ဗြိတိန်နံပါတ်(၁) တင်းနစ်ကစားသမား အင်ဒီမာရေးသည် ပြင်သစ်အိုးပင်း ကွာတားဖိုင်နယ်၌ ပြင်သစ်မှ ဂျာရယ်မီချာဒီနှင့် တွေ့ဆုံယှဉ်ပြိုင်ရမည်ဖြစ်သည်။
- ရီးယဲလ်တောင်ပံတိုက်စစ်မှူး ဂါရတ်ဘေးလ်က ပရီမီယာလိဂ်သို့ပြန်လည်သွားရောက်ကစားရန် ဆန္ဒမရှိဘဲ ရီးယဲလ်တွင်သာ ဆက်ရှိနေမည်ဟုပြောကြားခဲ့သည်။
- မန်ယူဂိုးသမား ဒီဂီယာက အပြောင်းအရွှေ့ကာလပြီးဆုံးမှသာ ၎င်းအနေဖြင့် မည်သည့်အသင်းတွင်ရှိနေမည်ဆိုသည့်ကိစ္စရပ်မှာ အဖြေထွက်မည်ဟု ဆိုခဲ့သည်။

# မန်စီးတီးမှာပဲ ဆက်ရှိနေဖို့ သေချာတဲ့ ယာယာတိုရေး



မန်စီးတီး ကွင်းလယ်ကစားသမား ယာယာတိုရေးသည် အစောပိုင်းက အင်တာသို့ပြောင်းရွှေ့ရန် အလားအလာများနေခဲ့သော်လည်း ယခုမူ ၎င်းအနေဖြင့် နောက်နှစ်ဘောလုံးရာသီတွင် မန်စီးတီး၌သာ ဆက်လက် ရှိနေရန်သေချာသည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။ တိုရေးက မန်စီးတီးနှင့် ချုပ်ဆိုထားသော စာချုပ်သက်တမ်းကုန်ဆုံးသည်အထိ မန်စီးတီးတွင်သာ ဆက်လက်ရှိနေရန် ဆုံးဖြတ်ထားသည်ဟု ဆိုခဲ့သည်။

အစောပိုင်းကာလက တိုရေး၏ ကိုယ်စားလှယ် ဒီမီထရီဆီးလက်စ်က ယခုနှစ်နွေတွင် တိုရေးအနေဖြင့် မန်စီးတီးမှ ထွက်ခွာရန် ၉၀ ရာခိုင်နှုန်း သေချာကြောင်းဆိုခဲ့သေးသည်။

တိုရေးက "ကျွန်တော် မန်စီးတီးမှာပဲ ဆက်ရှိနေဖို့ သေချာပါတယ်။ ပရိသတ်တွေ ဒီကိစ္စနဲ့ပတ်သက်ပြီး စိတ်ပူပန်စရာမလိုတော့ပါဘူး။ အသင်းတိုးတက်ဖို့နဲ့ ရလဒ်ကောင်းဖို့ ကျွန်တော်စွမ်းဆောင်နိုင်သမျှ ကြိုးစားပေးသွားမှာပါဗျာ။ ဒီနှစ်ဘောလုံးရာသီထက် နောင်နှစ်မှာ ရလဒ်ပိုင်းတိုးတက်လာစေဖို့က ကျွန်တော်ရဲ့ဦးစားပေးအလုပ်ပါ။ နောက်နှစ် အနည်းငယ်အကြာမှာ ဘာတွေဆက်ဖြစ်မယ်ဆိုတာ မသိပေမယ့် စာချုပ်သက်တမ်း ကုန်ဆုံးတဲ့အထိ မန်စီးတီးမှာ ရှိနေမှာတော့ သေချာတဲ့ကိစ္စရပ်ပါ"ဟု ပြောကြားခဲ့သည်။

အဆိုပါ အိုင်ဗရီကို့စ် ကွင်းလယ်လူက ဆရာဟောင်း မန်စီနီကြောင့် အင်တာသို့ သွားရောက်ကစားချင် သော်လည်း ၎င်း၏ တစ်ပတ်လုပ်ခ လစာပေါင် ၂၅၀၀၀၀ ကိုပေးချေရန် အင်တာဘက်မှ အခက်အခဲတစ်ရပ်ဖြစ်နေခဲ့ရာ အပြောင်းအရွှေ့မှာ ပျက်ပြယ်ခဲ့ရသည်။ တိုရေး၏ မန်စီးတီးနှင့် ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ ၂၀၁၇ ခုနှစ်အထိ ဖြစ်သည်။ **ရိုင်ယန်ဟောဒင်**

# ဗီဒယ်လ်အား ခေါ်ယူခွင့်ရရန် အာဆင်နယ်နိုးစပ်နေ




ပြီးခဲ့တဲ့ မေ ၃၀ ရက်က ဗီလာနဲ့ အာဆင်နယ်တို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ အက်ဖ်အေဖလားဗိုလ်လုပွဲကို ဂျူဗင်တပ်ကွင်းလယ်လူ ဗီဒယ်လ်ရဲ့ ကိုယ်စားလှယ် လာရောက်ကြည့်ရှုခဲ့တာကြောင့် အာဆင်နယ်အနေနဲ့ ဗီဒယ်လ်ကို ခေါ်ယူဖို့ ပိုပြီးနီးစပ်လာနေပြီလို့ ဒေးလီးစတားက ဖော်ပြခဲ့ပါတယ်။

ဝင်းဂါးက ဗီဒယ်လ်အတွက်ပြောင်းရွှေ့ကြေးပေါင် ၂၅ သန်းလောက်သုံးပြီးခေါ်ယူဖို့ကမ်းလှမ်းထားသလို ကစားသမားကိုယ်တိုင်က အတွေ့အကြုံအသစ်တွေလိုချင်တဲ့အတွက် အီတလီမြေကနေထွက်ဖို့ရှိနေတယ်လို့ ပြောထားပါတယ်။ အာဆင်နယ်က ဗီဒယ်အပြင် ဆောက်သမ်တန်ကွင်းလယ်လူ ရှနိုက်ဒါလင်၊ ရီးယဲလ်တိုက်စစ်မှူး ဘင်ဇီမာတို့ကို ခေါ်ယူဖို့ ချိတ်ဆက်နေပါတယ်။ အာဆင်နယ်ရဲ့ အဓိက အားနည်းချက်က ဂီရော့ဒ်တစ်ယောက်တည်းကိုပဲ အားကိုးနေရတဲ့ တိုက်စစ်ပိုင်းဖြစ်ပြီး မန်ယူက ခေါ်ထားတဲ့ တိုက်စစ်မှူး ဝဲလ်ဘက်က လည်း ခြေစွမ်းမမှန်တာကြောင့် သွင်းဂိုးရရှိဖို့ ကွင်းလယ်ကစားသမားတွေကို မှီခိုနေရတာဖြစ်ပါတယ်။

ဒါပေမယ့် မန်ယူကလည်း ရှနိုက်ဒါလင်နဲ့ ဗီဒယ်လ်တို့ကို ခေါ်ယူချင်တဲ့ လမ်းကြောင်းထဲဝင်လာခဲ့တာကြောင့် နည်းပြဝင်းဂါးက မန်ယူဟာ အာဆင်နယ်ပစ်မှတ်ထားတဲ့ ကစားသမားတိုင်းကို ကြားဖြတ်ခေါ်ယူဖို့ ကြိုးပမ်းနေတယ်လို့ စွပ်စွဲလိုက်ပါတယ်။

ဂျူဗင်တပ်ကလည်း ဒီနှစ်နွေရာသီအပြောင်းအရွှေ့ကာလမှာ အသင်းကနေ ပေါ့ဘာ၊ တီဗက်ဇ်နဲ့ ပီယာလိုတို့ ထွက်ခွာဖို့ အလားအလာရှိနေတဲ့အတွက် ဗီဒယ်လ်ကို ထွက်ခွာခွင့်မပေးလိုဘဲ ဗီဒယ်လ်ဟာ ရောင်းချမယ့် ကစားသမားမဟုတ်ဘူးလို့ တုံ့ပြန်ခဲ့ပါတယ်။ ဒါပေမယ့် အခုမှ အသက် (၂၈)နှစ်သာရှိသေးတဲ့ ဗီဒယ်လ်ကို မန်ယူ၊ အာဆင်နယ်နှစ်သင်းစလုံးက အလိုရှိနေတဲ့အတွက် ဗီဒယ်လ်ရဲ့ကိုယ်စားလှယ်က အဆိုပါ အင်္ဂလန် ကလပ်နှစ်သင်းလုံးရဲ့ တာဝန်ရှိသူတွေနဲ့ဆုံဆွေးနွေးဖို့ အင်္ဂလန်မြေကိုရောက်ရှိနေပြီဖြစ်ပါတယ်။

# ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းရန်သွားသူ အမျိုးသားတစ်ဦး ယာခင်းအတွင်း မီးလောင်ဒဏ်ရာများဖြင့် သေဆုံး

**တောင်တွင်းကြီး ဇွန် ၁**

တောင်တွင်းကြီးမြို့နယ် အိုးပေါက်ရွာမရွာအရှေ့ဘက် တစ်မိုင်ခန့်အကွာရှိ ယာခင်းအတွင်း မေ ၂၉ ရက် နံနက်ပိုင်းက လူသေအလောင်းတစ်လောင်း တွေ့ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၉ ရက် နံနက် ၅ နာရီက တောင်တွင်းကြီးမြို့နယ် ရွာမကျေးရွာ အရှေ့ဘက် တစ်မိုင်ခန့်အကွာရှိ ဦးညွန့်တင် (၆၀)နှစ် အိုးပေါက်ရွာမရွာနေသူ၏ ယာခင်းထဲ၌ လူသေအလောင်း တစ်လောင်း တွေ့ရှိကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးက ဖုန်းဆက်အကြောင်းကြားချက်အရ တောင်တွင်းကြီး မြို့နယ် ကုက္ကိုကုန်း နယ်မြေရဲစခန်းမှ ရဲအုပ်စိုင်းထွန်းကျော်နှင့်အဖွဲ့ သွားရောက်စစ်ဆေးခဲ့သည်။

သေဆုံးသူမှာ ဦးညွန့်တင် (၆၀)နှစ် အိုးပေါက်ရွာမရွာနေသူဖြစ်ပြီး ယာခင်းအတွင်း ပက်လက်အနေအထားဖြင့် ဝဲလက်ဖျံ၊ ဝဲလက်မောင်း၊ ဝဲခြေသလုံး၊ ပေါင်တို့တွင် မီးဟပ်ထားသော ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့သည်။ အဆိုပါသေဆုံးသူ၏ဇနီးဖြစ်သူ ဒေါ်တင်ဥ၏ ပြောပြချက်အရ သေဆုံးသူမှာ မေ ၂၈ ရက် နေ့လည် ၁၂ နာရီခန့်က ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းရန် နေအိမ်မှ ထွက်သွားခဲ့ပြီး ပြန်မလာကြောင်းနှင့် ၎င်းတွင် သွေးတိုးရောဂါရှိကြောင်း သိရှိခဲ့သည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ တောင်တွင်းကြီးမြို့နယ် ကုက္ကိုကုန်းနယ်မြေရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၄/၂၀၁၅ ဖြင့် အမှုဖွင့်ထားသည်။

**(ကြေးမုံ)**

# ဆေးလိပ် မီးအပူပေး (ကျပ်တင်) ရာမှ မီးလောင်



**မြင်းခြံ ဇွန် ၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ်(၁၀)ရပ်ကွက်တွင် ဇွန် ၁ ရက် နံနက် ၂ နာရီ မိနစ် ၅၀ ခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။**(ယာပုံ)**

ဖြစ်စဉ်မှာ အမှတ်(၁၀) ရပ်ကွက်ရှိ ဒေါ်မြတ်သူထွေး၏ တစ်ထပ်တိုက်နေအိမ်မှ ဆေးလိပ်များကို မီးအပူပေး(ကျပ်တင်)ရာမှ မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း၊ မီးလောင်မှုကြောင့် တစ်ထပ်တိုက်နေအိမ်နှစ်လုံး၊ သွပ်မိုး၊ ထရံကာနေအိမ်တစ်လုံး၊ ပစ္စည်းသိုလှောင်ရာဂိုဒေါင်နှစ်လုံး လောင်ကျွမ်းပျက်စီးခဲ့သည် ။

မီးလောင်မှုဖြစ်ပွားရာသို့ မြင်းခြံခရိုင် အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး၊ စည်ပင်အမှုဆောင်အရာရှိတို့မှ အနီးကပ်ကြီးကြပ်၍ မီးသတ်ဦးစီးမှူး ကျော်သူရနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံအရံမီးသတ်တပ်ဖွဲ့ဝင်များ၊ မြင်းခြံမြို့နယ်မီးသတ်တပ်ဖွဲ့က မီးသတ်ယာဉ် ခြောက်စီး၊ သံမဏိစက်ရုံမှ မီးသတ်ယာဉ် နှစ်စီး၊ စက်မှုဇုန်မှ မီးသတ်ယာဉ်တစ်စီး၊ စည်ပင်သာယာရေးအဖွဲ့မှ ရေသယ်ယာဉ် သုံးစီး၊ တောင်သာမြို့နယ်နှင့် နွားထိုးကြီးမြို့နယ်တို့မှ မီးသတ်ယာဉ်နှစ်စီးတို့ဖြင့် ငြိမ်းသတ်ခဲ့ရာ နံနက် ၃ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် လူ၊ တိရစ္ဆာန် ထိခိုက်သေဆုံးမှု မရှိကြောင်းနှင့် ဆေးလိပ် မီးအပူပေး (ကြပ်တင်)သူ အလုပ်သမားခေါင်းဆောင် ကိုမောင်နိုင် (၃၃) နှစ်အား မြင်းခြံမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည် ။

**ဇော်မင်းနိုင်(မြင်းခြံ)**

# လူသတ်ပြီး ပစ္စည်းလုယူသူများကို ဖော်ထုတ်အရေးယူထား

**နေပြည်တော် ဇွန် ၁**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့ ဈေးပိုင်း ရပ်ကွက်နေ ကိုအေးမင်း (၄၆)နှစ်သည် မေ ၂၅ ရက် ညနေ ၆ နာရီ ၄၅ မိနစ်က၎င်း၏အလုပ်ပြင်ဆိုင်၌ရှိနေစဉ် နေအိမ်တွင်ကျန်ခဲ့သော ဖခင်ဖြစ်သူ ဦးကျော်ရှိန်နှင့် အစ်မဖြစ်သူ ဒေါ်စန်း စန်းအေးတို့ထံ လူလေးဦးက ဝင်ရောက်လာပြီး ဦးကျော်ရှိန်နှင့် ဒေါ်စန်းစန်းအေးတို့ကို သတ်၍ ဒေါ်စန်းစန်းအေး ဝတ်ဆင်ထားသည့် ကျောက်နီလက်စွပ် တစ်ကွင်း၊ ကျောက်ဖြူနားကပ် တစ်ရံနှင့်အိမ်ခန်းအတွင်းရှိ လက်ဆွဲအိတ်ထဲမှ ငွေကျပ် နှစ်သိန်းတို့အား လုယူသွားခဲ့ကြောင်း၊ ဒေါ်စန်းစန်းအေးနှင့် ဦးကျော်ရှိန်တို့မှာ ရရှိသော ဒဏ်ရာဖြင့် သေဆုံးသွားခဲ့၍ သနပ်ပင်မြို့မရဲစခန်း (ပ)၁၂၇/၂၀၁၅၊ ပြစ်မှုပုဒ်မ ၃၀၂/၃၉၄ (လူသတ်မှု/ လုယက်မှု) ဖြင့် အမှုဖွင့်ဆောင်ရွက် ခဲ့သည်။

ယင်းအမှုမှ ပြစ်မှုကျူးလွန်သူနှင့် သက်သေခံပစ္စည်းများ အမြန်ဆုံး ပြန်လည်ရရှိရန်အတွက် သနပ်ပင်မြို့မရဲစခန်းမှ အမှုစစ်အဖွဲ့ ဖွဲ့စည်းစုံစမ်းဆောင်ရွက်ခဲ့ရာ အမှုအား ကျူးလွန်ရာတွင် ပါဝင်ကြောင်း သတင်းရရှိသူ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်နေ ရန်နိုင်စိုး(ခ) ဂီးဂီး(၁၈)နှစ် (ဘ)ဦးထွန်းဒန်နှင့် အောင်ခန့်ဇော်(ခ)တွတ်ပီ(၁၈)နှစ် (ဘ)ဦးအောင်နိုင်တို့အား ဖြူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမိုင်တိုင် အမှတ်(၁၁၅) ယာဉ်ရပ်နားစခန်းတွင် မေ ၂၈ ရက် နံနက် ၃ နာရီ ၄၅ မိနစ်က အာကာသခရီးသည်တင် ယာဉ်ပေါ်မှ ဖမ်းဆီးရမိခဲ့သည်။ ၎င်းတို့ထွက်ဆိုချက်အရ မေ ၂၅ ရက်က ဝေယံထွန်းနှင့် ခင်မင်ရင်းနှီးသူ ကိုအေးမင်း၏နေအိမ်မှ ငွေနှင့် ပစ္စည်းများလုယူရန် မင်္ဂလာဒုံမြို့နယ် ပတ္တမြားရပ်ကွက်နေ မဝါဝါဝင်း(၂၁)နှစ် (ဘ)ဦးတင်ဆန်း၊ ရန်နိုင်စိုး(ခ)ဂီးဂီး၊ အောင်ခန့်ဇော်(ခ) တွတ်ပီ၊ ဝေယံထွန်း (ဘ)ဦးစိုးသိန်းနှင့် သက်ဝေတို့သည် မဝါဝါဝင်း၏ခင်ပွန်းဖြစ်သူ သက်ဇော်ဦး(၂၇)နှစ်၊ (ဘ) ဦးဘိုကျော် မောင်းနှင်သည့် DD/... ဆူဇူကီးယာဉ်ဖြင့် သွားခဲ့ကြောင်း၊ သက်ဇော်ဦး၊ ရန်နိုင်စိုး(ခ)ဂီးဂီး၊ အောင်ခန့်ဇော်(ခ) တွတ်ပီနှင့် သက်ဝေတို့ လေးဦးမှာ ကိုအေးမင်း၏ နေအိမ်အတွင်းသို့ သွားရောက်ခဲ့ကြောင်း၊ နေအိမ်ရှေ့တွင်တွေ့ရှိသည့် ကိုအေးမင်း၏ဖခင်ဖြစ်သူ ဦးကျော်ရှိန်နှင့် နေအိမ်အတွင်းရှိ ဒေါ်စန်းစန်းအေးတို့အား သတ်ဖြတ်ပြီး ဒေါ်စန်းစန်းအေး ဝတ်ဆင်ထားသည့် ကျောက်နီလက်စွပ် တစ်ကွင်း၊ ကျောက်ဖြူနားကပ်တစ်ရံနှင့် အိမ်ခန်းအတွင်းရှိ လက်ဆွဲအိတ်ထဲမှ ငွေကျပ်နှစ်သိန်းတို့အား လုယူခဲ့ကြောင်း၊ ပြစ်မှုကျူးလွန်ရခြင်းမှာ ငွေကြေးရယူလိုသည့်အတွက် ဖြစ်ကြောင်း၊ သိရသည်။ မှော်ဘီမြို့နယ် ဂျပန်ဘုရားသွား ကားလမ်းပေါ်မှ မဝါဝါဝင်းအား မေ ၂၈ ရက် နံနက် ၉ နာရီခွဲက ဖမ်းဆီးရမိခဲ့ပြီး အမှုမှသက်သေခံပစ္စည်း နားကပ်တစ်ရံ၊ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် DD/...ဆူဇူကီးယာဉ်ကို သိမ်းဆည်းကာ တိမ်းရှောင်နေသူ သက်ဝေ၊ ဝေယံထွန်းနှင့် သက်ဇော်ဦးတို့အား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကြေးမုံ**

❑❑❑

# ယာဉ်တိမ်းမှောက်ရာမှ ပစ္စည်းများပိ၍ အမျိုးသားနှစ်ဦးသေဆုံး

**ထီးလင်း ဇွန် ၁**

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ဇင်းဇယ်-ရေပုတ်ကျေးရွာအနီးတွင် မေ ၃၁ ရက် ညနေ ၃ နာရီခွဲက ယာဉ်တစ်စီးလဲနေကြောင်း သတင်းအရ ထီးလင်းမြို့နယ် ရေမျက်နီရဲကင်းစခန်းမှ ရဲတပ်ကြပ်တင်ထွန်းနှင့်အဖွဲ့ သွားရောက်စစ်ဆေးခဲ့ရာ ပုလဲ-ဂန့်ဂေါကားလမ်း မိုင်တိုင်အမှတ် (၈၀/၀) နှင့် (၈၀/၁) အကြားတွင် မန္တလေးမှ ကလေးဘက်သို့ ဌေးအောင် အသက်(၃၇)နှစ် မောင်းနှင်သည့် UD ခြောက်ဘီးယာဉ် ရှေ့ခန်းတွင် Irrawaddy Green Towers ကုမ္ပဏီမှ တာဝန်ခံ ဦးသောင်းနိုင်ဦးနှင့် ယာဉ်နောက်လိုက်တို့လိုက်ပါလာပြီး အဆိုပါယာဉ်နောက်တွင် တယ်လီနောတာဝါတိုင်များ တပ်ဆင်ရာတွင် အသုံးပြုမည့် မီးစက်၊ ဘက်ထရီအိုးများနှင့် တပ်ဆင်ရေးလုပ်သားများ တင်ဆောင်မောင်းနှင်လာခဲ့စဉ် အဆိုပါနေ့ ညနေ ၃ နာရီခန့်တွင် ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်းချော်ကာ လမ်းယာဘက်သို့ တိမ်းစောင်းပြီး တောင်ကမ်းပါးယံတွင် မှီနေခဲ့ရာ ယာဉ်နောက်ခန်းမှ စီးနင်းလိုက်ပါလာသူ သုံးဦးအနက် ကျော်လင်းအောင် (၃၃)နှစ် တာဝါတိုင်တပ်ဆင်ရေးလုပ်သား ဖြူးမြို့နယ် နေသူနှင့် မျိုးမင်းခိုင်(ခ)ကရင် (၃၈)နှစ် တာဝါတိုင်တပ်ဆင်ရေးလုပ်သား ရန်ကုန်မြို့နေသူတို့သည် ပစ္စည်းများပိမိ၍ ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိခဲ့သည်။

ထိုယာဉ်တိမ်းမှောက်မှုနှင့်ပတ်သက်၍ ယာဉ် မောင်း ဌေးအောင်အား ထီးလင်းမြို့နယ် ဆေးမင်းတောနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

**ကျော်ဇေယျ**

# မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လျှပ်စစ်ကြိုးနှင့်ဖုန်းကြိုးများပေါ်သို့ သစ်ပင်ပြိုလဲ



**နေပြည်တော် ဇွန် ၁**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်အတွင်း မေ ၃၀ ရက် ညနေ ၄ နာရီ ၁၅ မိနစ်က မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် မင်းဘူး-ပဒါန်းကားလမ်း၏ တောင်ဘက်(၂၅) ပေခန့်အကွာရှိ လုံးပတ်(၂၅)ပေခန့် အမြင့်(၄၅) ပေခန့်ရှိ လက်ပံပင်ခြောက်မှာ ကားလမ်းမြောက်ဘက်၊ ရွှေတိုးချဲ့ရပ်ကွက်သို့ သွယ်တန်းထားသည့် ဗို့အား(၄၀၀)ရှိ လျှပ်စစ်ကြိုးနှင့် ဖုန်းကြိုးများပေါ်သို့ လဲပြိုကျခဲ့သဖြင့် ကွန်ကရစ်ဓာတ်တိုင် တစ်တိုင် အခြေမှ ကျိုးကျခဲ့သည်။

ယင်းသို့ လက်ပံပင်ခြောက်လဲပြိုပြီး ကွန်ကရစ်ဓာတ်တိုင်ကျိုးကျမှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် အဆိုပါနေရာအား မင်းဘူးမြို့နယ် ရဲတပ်ဖွဲ့မှူးဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်/စည်ပင်သာယာတို့မှ ဝန်ထမ်းများ၊ အမှတ်(၄)ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က ဝိုင်းဝန်းရှင်းလင်းခဲ့ရာ ညနေ ၄ နာရီ မိနစ် ၅၀ တွင် ရှင်းလင်းပြီးစီးခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

**ကြေးမုံ**

မူးယစ်အန္တရာယ် လူ့ရန်စွယ်
ကာကွယ်တိုက်ဖျက် လက်ချင်းဆက်

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း
အရောင်းဆိုင်ခန်းများ နေရာချထားရေးကော်မတီ
အရောင်းဆိုင်များနှင့် စားသောက်ဆိုင်ခန်းများ လျှောက်ထားရန်
အသိပေးကြေညာချက်
၂၀၁၅ ခုနှစ်၊ မေလ ၂၉ ရက်

၁။ (၅၂) ကြိမ်မြောက်၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမတွင် ၂၄-၆-၂၀၁၅ ရက်မှ ၆-၇-၂၀၁၅ရက်အထိကျင်းပပြုလုပ်ပါမည်။
၂။ ဖော်ပြပါပြပွဲတွင် ကျောက်မျက်နှင့်လက်ဝတ်ရတနာအချောထည် အရောင်းဆိုင်ခန်းများ၊ အခြားကြော်ငြာအရောင်းဆိုင်များ၊ စားသောက်ဆိုင်ခန်းများ၊ ပြပွဲခန်းမပြင်ပဝင်းဧရိယာအတွင်း ရေသန့်နှင့်အအေးဆိုင်များ ဖွင့်လှစ်ရောင်းချလိုသူများသည် ဆိုင်ခန်းနေရာရရှိရေးအတွက် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်အသင်း (ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်) ရုံးများတွင်လျှောက်ထားနိုင်ပါသည်။
၃။ ဆိုင်ခန်းနေရာများကို ၁၀-၆-၂၀၁၅ ရက်နောက်ဆုံးထား၍ တင်ပြလျှောက်ထားရမည်ဖြစ်ပြီး မဏိရတနာကျောက်စိမ်းခန်းမ (နေပြည်တော်)၌ ၁၅-၆-၂၀၁၅ ရက်တွင် မဲစနစ်ဖြင့်ချထားပေးပါမည်။
၄။ ဆိုင်ခန်းနေရာချထားရေးနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါဖုန်း၊ ဖက်စ်နံပါတ်များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဖုန်း-၀၁-၆၅၈၁၄၈၊ ၀၁-၆၅၈၁၅၀၊ ၀၆၇-၄၃၂၃၈၁၊ ၀၂-၂၄၇၇၉
ဖက်စ်- ၀၁-၆၆၃၁၁၉၊ ၀၁-၆၆၃၀၈၀၊ ၀၆၇-၄၃၂၃၈၄
အရောင်းဆိုင်ခန်းများ နေရာချထားရေးကော်မတီ

"ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-(ရန်ကုန်စက်မှုဇုန်) မြေကွက်အမှတ်(၁၄) မြေဧရိယာ(၃. ၀၆၅)ဧကရှိနှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်အမည်ပေါက်လက်ဝယ် ပိုင်ဆိုင်သူ ဦးဟုန်ဦးဖန်(ခ)ဦးကျော်ကျော်အောင် (၁၃/လရန(နိုင်)၀၈၄၃၈၀) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအားစရန်ငွေပေးချေထားပြီးဖြစ်ပါသည်။သို့ပါ၍ အဆိုပါ မြေကွက် နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြေညာချက်ပါသည့် နေ့မှစ၍ (၇)ရက်အတွင်းခိုင်လုံသော အထောက်အထား စာရွက်စာတမ်းများဖြင့် ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါသည်၊ ၎င်းရက်နေ့နောက်ပိုင်းတွင် စာချုပ်စာတမ်းများကို ဥပဒေနှင့်အညီ တရားဝင်ပြုလုပ်ချုပ်ဆိုမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ-
အထက်တန်းရှေ့နေ — တရားလွှတ်တော်ရှေ့နေ
ဒေါ်နန်းဆင့်ဆင့်ထွန်း (LL.B)
ဦးမင်းလွင်ထူး (LL.B)
ဒေါ်မိုးမိုးအေး (LL.B,D.B.L,D.M.L,D.I.L) WIPO,DL.101Switzerland
ဒေါ်တင်ဇာနည်နေဝင်း (LL.B,D.I.L) DL-101(WIPO)Geneva
မီးအားရှ အိမ်၊ ခြံ၊ မြေ အကျိုးဆောင်ကုမ္ပဏီ
အမှတ်(၄၇-က)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့၊
ရုံးဖုန်း - ၀၉-၇၃၀၅၄၅၄၂ ၊၀၉-၇၃၄၉၄၃၄၃၊ ၀၉-၇၃၁၆၁၆၇၂

# ငြိမ်းချမ်းရေးတံတား ငြိမ်းချမ်းရေးစကား

ကိုညက်

၁။ ဇေကံ သမယံ-အခါတပါး၌

မြတ်ဗုဒ္ဓသည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်မှ တစ်ကိုယ်တော်တည်းဖြင့် ရောဟိဏီမြစ်သို့ ကြွလာတော်မူခဲ့သည်။ တစ်ကိုယ်တော်တည်း ကြွလာခြင်းသည် အကျိုးဆက်များစွာကို ရည်ရွယ်၍ ဖြစ်၏။

ရောဟိဏီသည် ချောင်းသာသာကလေးဖြစ်ပါ၏။ နယုန်လအခါ ရေခမ်းချိန်ဖြစ်၍ ရောဟိဏီရေသည် ကောလိတပြည်သားလယ်သမားများနှင့် ကပိလဝတ်ပြည်သား လယ်သမားတို့အတွက် စိုက်ပျိုးရေခွဲဝေသုံးစွဲရန် မလုံလောက်ပေ။ ရေခွဲဝေရန် မကျေလည်သည်ကစ၍ နှစ်ပြည်ထောင်သားတို့ စကားများရန်ဖြစ်ကြကုန်သည်။ ဤသို့ဖြင့် ရောဟိဏီမြစ်ကမ်း၌ နှစ်ပြည်ထောင် စစ်သည်အများတို့ စစ်ခင်းရန် စုရုံးလျက်ရှိကြသည်။

နှစ်ပြည်ထောင်သားတို့ ကြည်ညိုလေးစားရင်းစွဲရှိပြီးဖြစ်သည့် မြတ်ဗုဒ္ဓသည် နှစ်ဖက်သောစစ်သည်တို့၏ အလယ်သို့ ရောက်ရှိလာပါပြီ။ နှစ်ဖက်စစ်သည်တို့သည် အခြားတစ်ဖက်က သတ်လိုလည်း သတ်စေတော့။ မိမိတို့ကမူ အခြားသူတစ်ဦးအား မြတ်ဗုဒ္ဓရှေ့မှောက်၌ မသတ်ပြီ” ဟု စဉ်းစားကြ၍ မိမိတို့ကိုင်စွဲထားသော ဓား၊ လက်နက်တို့ကို ချထားကြကုန်သည်။ ထိုသို့နှစ်ဘက်စစ်သည်တို့သည် မိမိတို့ အသိစိတ်ဖြင့်သာ (တစ်စုံတစ်ရာ စေ့စပ်ညှိနှိုင်းခြင်း၊ အပေးအယူလုပ်ခြင်း၊ ကြားခံစေ့စပ်ရေးရှာဖွေခြင်းမရှိဘဲ) စစ်ကို ရပ်ဆိုင်းလိုက်ကြသည်။

ဤသို့ဖြင့် မြတ်ဗုဒ္ဓသည် ငြိမ်းချမ်းရေးတံတား အောင်မြင်စွာ ဖွင့်လိုက်ပါပြီ။ (ငြိမ်းချမ်းရေးတရား တစ်စုံတစ်ရာမဟောဖြစ်သေး။) မြတ်ဗုဒ္ဓအား ကြည်ညိုစိတ်ဖြင့် စစ်ကို မေ့လိုက်ကြကုန်ပြီ။

၂။ ဖြစ်လုဆဲဆဲ ရောဟိဏီစစ်ပွဲကြီး ငြိမ်းသွား လေပြီးသောအခါ မြတ်ဗုဒ္ဓသည် မင်းပရိသတ်အား နှုတ်ဆက်တော်မူပါ၏။

မြတ်ဗုဒ္ဓ　မင်းအပေါင်းတို့ ဤအရပ်၌ ဤမျှသောသူတို့မည်သည့်အတွက် စုရုံးကြသနည်း။

အဖြေ　ရောဟိဏီမြစ်ရေခွဲဝေ မရသည်ကို အကြောင်းပြုသဖြင့် စစ်ခင်းကြရန် ရောက်ရှိနေကြကြောင်းပါဘုရား။

မြတ်ဗုဒ္ဓ　ရေသည် မည်မျှအဖိုးထိုက်သနည်း။ မင်းအပေါင်းတို့၏သွေးသည် မည်မျှ အဖိုးထိုက်သနည်း။

အဖြေ　ရေသည်အဖိုးမများပါ။ မင်းအပေါင်းတို့၏သွေးသည် အဖိုးအလွန်များလှပါ၏ဘုရား။

မင်းအပေါင်းတို့သည် ရန်မီးငြိမ်းစေတော်မူသော မြတ်စွာဘုရားအား အလွန်ကျေးဇူးတင်ကြသည်။ ကပိလဝတ်ပြည်သား မြတ်ဗုဒ္ဓသည် ဖန်ဝါဆင် မြန်း ရဟန်းပြုမသွားပါက စကြဝတေးစည်းစိမ်ဖြင့် အလွန်ပြီးပြည့်စုံသော ချမ်းသာကို စံစားတော်မူရ မည်။ ယခုမူကား တစ်ပါးတည်း အချွေအရံမဲ့ဖြစ် နေပေပြီဟု တိုင်ပင်ကြပြီးလျှင် တစ်ပြည်ထောင်လျှင် ၂၅၀ စီဖြင့် (ဒုလ္လဘ) ၅၀၀ ကို မြတ်ဗုဒ္ဓထံ ရဟန်းပြုစေကြကုန်ပြီ။

နှစ်ပြည်ထောင် တရားနာပရိသတ်တို့အား အမှန်ကို မစုံစမ်းမဆင်ခြင်ဘဲ သစ်သီးကြွေကျသည်ကို ကမ္ဘာမြေကြီးပြိုလေပြီဟု ယုန်တစ်ကောင်၏ ပြောစကားဖြင့် တောတွင်းတိရစ္ဆာန်တို့ ပြေးလွှားခဲ့ရသောဇာတ်စသည့် ဇာတ်ငါးခုဖြင့် ယုံလွယ်ခြင်း၏အပြစ် ကုန်းတိုက်သူတို့ ပျက်စီးရပုံ၊ စည်းလုံးခြင်း၏ အင်အား။ တစ်ဦးတည်းတည်း မနေသင့်ကြောင်းတို့ကို ဟောကြားခြင်းဖြင့် ဒုလ္လဘရဟန်းတို့အား စောင့်ရှောက်ထားတော်မူရသည်။ ရဟန်းတော် အသိညာဉ်တန်ခိုးတော်ဖြင့် ရဟန်းတော် ၅၀၀ အား ဟိမဝန္တာသို့ ခေါ်ဆောင်ခဲ့သည်။ ဟိမဝန္တာ၌ ကုဏ္ဍလ(ငှုံး)တို့အပေါ် စွဲလမ်းခြင်းရာဂကိုပယ်သတ်ရန် ကုဏာလ(ငှုံး) ဇာတ်ကို ဟောကြားတော်မူသည်။ ထိုရဟန်းအားလုံး အဘိညာဉ်နှင့်ပြည့်စုံသော ရဟန္တာများဖြစ်ကြကုန်ပြီးလျှင် ကပိလဝတ်ပြည် မဟာဝုန်တောသို့ ပြန်ကြွကြ ကုန်သည်။

**နှုတ်ဆက်ရာတွင် အဆင့်နိမ့်နတ်ဗြဟ္မာတို့အား အမျိုးအမည်အားဖြင့် နှုတ်ဆက်တော်မူပြီးမှ တစ်ဆင့် တစ်ဆင့်တိုးသွားပြီးလျှင် အဆင့်မြင့် နတ်ဗြဟ္မာတို့အား နှုတ်ဆက်**

၃။ မြတ်ဗုဒ္ဓနှင့် ရဟန္တာငါးရာတို့အား မဟာဝုန်တောအတွင်းရှိ နတ်တို့သည် အလွန်ကြည်ညိုကြကုန်သဖြင့် ဖူးမြော်ရန် စုရုံးကြသည်။ ထိုသတင်းကို အဆင့်ဆင့်ကြားသိကြသော နတ်အပေါင်း၊ ဗြဟ္မာအပေါင်း တို့သည် ဘုရားရှင်နှင့် ရဟန္တာငါးရာတို့အား ဖူးမြော်ရန် စုရုံးကြကုန်ပြီ။ အရေအတွက်များပြားလှသော နတ်ဗြဟ္မာတို့၏ စုံညီ ၅၀၀ နှင့်အတူ တစ်ခါတစ်ရံ ကပိလဝတ်ပြည်ဘက်သို့၊ တစ်ခါတစ်ရံ ကောလိယပြည်ဘက်သို့ ဆွမ်းခံကြွတော်မူ၍ ရဟန်းများအား မိမိတို့ဇနီးဟောင်းများနှင့် တွေ့မြင်စေခြင်းဖြင့် စိတ်ကို အတန်အသင့် နှစ်သိမ့်တော်မူရ၏။

သာသနာ့ဘောင်၌ ပျော်ပိုက်ခြင်းမရှိသေးသော သူတို့အား (သင်္ကန်းဝတ်ထားပြီးပြီဟု အလွယ်သဘောထား၍)ကမ္မဋ္ဌာန်းတရား ပွားများရန်သာ အချိန်ပြည့်လမ်းညွှန်တော်မမူသေးသော မြတ်ဗုဒ္ဓ၏ အလွန်ကြည်ညိုဖွယ် ရာသော စည်းရုံးရေးစွမ်းဆောင်ရည်ကား အံ့သြဖွယ်ရာတကား။

မြတ်ဗုဒ္ဓသည် ရဟန်းတော်တို့၏ သာသနာ့ဘောင်၌ မပျော်ပိုက်သည်ကို သိတော်မူသဖြင့် ကိုယ်တော်မြတ်၏ အစည်းအဝေးကြီး၌ တစ်ဦးသော ဗြဟ္မာကြီးက မြတ်ဗုဒ္ဓအား ဤသို့ လျှောက်ထားပါ၏။

**မဟာသမယော ပဝနသ္မိံ၊ ဒေဝကာယာ သမာဂတာ အာဂတမှာ ဣမံ ဓမ္မ သမယံ၊ ဒက္ခိတာယေ အပရာဇိတသံဃံ။**

ပဝနသ္မိံ မဟာဝုန်တောကြီး၌ ဒေဝကာယာ နတ်ဗြဟ္မာအပေါင်းတို့သည် သမာဂတာ ရောက်လာကြပါကုန်၏။ မဟာသမယော ကြီးမားသော ပရိသတ်တို့ စုံညီ စည်းဝေးကြခြင်းပါဘုရား။ အပရာဇိတသံဃံ-ကိလေသာရန်သူကို အောင်ပွဲယူ(ရဟန္တာ)အရှင်တို့အား၊ ဒက္ခိတာယေ- ပူဇော်ရန်အလို့ငှာ၊ ဣမံ -မွမယံ ဤ တရားသဘင်သို့ အာဂတမှာ ရောက်လာကြခြင်းပါဘုရား။

မြတ်ဗုဒ္ဓသည် မဟာရာဇ (မင်းမြတ်)၊ ဘိက္ခဝေ (ရဟန်းတို့) စသည်ဖြင့် ပဋိသန္ထာရ (နှုတ်ဆက်စကားဖြင့်) တရားနာသူအား တန်ဖိုးထားဆက်ဆံတော်မူပြီးမှ တရားဟောတော်မူလေ့ရှိပါသည်။လက်ငင်းရောက် ရှိနေသော ပရိသတ်ကား အတန်းအစားစုံသည်။ နတ်လည်း နတ်အလျောက်၊ ဗြဟ္မာလည်း ဗြဟ္မာအလျောက် စုံလှသည်။ ပဋိသန္ထာရပြုရန်အတွက် မြတ်ဗုဒ္ဓသည် အလွန်မှတ်သားဖွယ်နည်းကို အသုံးပြုတော်မူလိုက်ပါသည်။

နှုတ်ဆက်ရာတွင် အဆင့်နိမ့်နတ်ဗြဟ္မာတို့အား အမျိုးအမည်အားဖြင့် နှုတ်ဆက်တော်မူပြီးမှ တစ်ဆင့်တစ်ဆင့်တိုးသွားပြီးလျှင် အဆင့်မြင့်နတ်ဗြဟ္မာတို့အား နှုတ်ဆက်တော်မူပါသည်။

အဆင့်နိမ့်နတ်တို့ကလည်း မြတ်ဗုဒ္ဓက မိမိတို့အား ဦးစားပေးသည်ဟု ကျေနပ်ပီတိဖြစ်ကြသလို၊ အဆင့်မြင့်ဗြဟ္မာကြီးတို့က မြတ်ဗုဒ္ဓက သူတို့ကို နှုတ်ဆက်လိုက်သည်ကို အလွန်ကြည်နူးကြပြီးလျှင် ရဟန္တာအဖြစ်သို့ ကုဋေတစ်သိန်းမျှ ရရှိသွားကြသည်။ သောတာပန်စသည့် အရိယာတို့ကား မရေမတွက်နိုင်အောင် အကျွတ်တရားရကြကုန်သတည်း။

မြတ်ဗုဒ္ဓသည် နတ်ဗြဟ္မာတို့အား တစ်စုံတစ်ရာ တရားမဟောပါပဲလျက် ဤသို့ အကျွတ်တရားရစေနိုင်ခြင်းသည် ထူးခြားသော ငြိမ်းချမ်းရေးတရားဖြစ်ပါပေသည်။ ပီတိသမ္မောဇဉ်၊ ပဿဒ္ဓိသံမ္ဗောဇဉ်တို့ကို နိုးကြားနိုင်သော အစွမ်းကား ကြီးမားလေစွ။

၄။ မဟာဗြဟ္မာကြီး၏ မှတ်ချက်အတိုင်း “မဟာသမယ” အချိန်ကျရောက်သော နယုန်လပြည့်နေ့ကို မဟာသမယနေ့ဟု အစဉ်အလာထားရှိခဲ့ကြသည်။ တစ်သိမ့်သိမ့်တွေး၍ ဝမ်းသာကြည်နူးစရာနေ့ထူးကြီးပင် မဟုတ်ပါလား။ နတ်ဗြဟ္မာတို့နည်းတူ အာရုံပြု၍ ကြည်နူးနိုင်ကြပါစေကုန်။

၅။ နတ်ဗြဟ္မာတို့အား ရာဂစရိုက်၊ ဒေါသစရိုက်၊ မောဟစရိုက်၊ သဒ္ဓါစရိုက်၊ ဝိတက်စရိုက်၊ ဗုဒ္ဓိစရိုက်ဟူသော စရိုက်ခြောက်မျိုးနှင့်ဆိုင်သော တရားခြောက်ပုဒ်ကို ဆက်၍ဟောတော်မူပြီ၊ အချိုပေါ်သကာလောင်း သကဲ့သို့သာတည်း။

ရန်ပြိုခြင်း၏ အဓိပ္ပာယ် ငြိမ်းချမ်းတဲ့အခါ သိလိမ့်မယ်။





Pun Hlaing Golf Estate Avenue,
Hlaing Thayar Township, Yangon, Myanmar
Tel: +95 1 684 321, 684 325, 684 336,

## Immediate Vacancies for Pun Hlaing Siloam Hospitals

Pun Hlaing Siloam Hospitals have been delivering the international standard quality care and having leading facilities, education and latest equipment and technology. We are planning for further expansion of the existing hospitals and healthcare delivery institutions in Myanmar.

It is a great, once in a life time opportunity to work in a wonderful health care environment with the lasting social, financial, professional and academic impact. We are currently looking for the experienced and dynamic people to join at our hospitals national network across Myanmar.

(Fresh graduates are also welcome)

### Immediate Vacancies for

- Specialists
- Senior Medical Officers
- Resident Medical Officers
- Staff Nurses (OT, ICU, OPD, Ward, ED, CSD)
- Midwives
- Radiographers
- Pharmacists
- Medical Technologists
- Physiotherapists
- Health Care Assistants
- Chief Engineer
- Chief Cook
- IT Officer
- Financial (Accounts, Cashiers)
- Administrative Secretary
- Human Resources Assistant
- Customer Support Services Assistants

Our hospital will offer a competitive remuneration package and career development opportunities based on experience and ability. Those interested can send their applications in person within two weeks together with their CVs and 2 recent passport photos, copies of relevant certificates, NRC card, Labor registration form, and police station recommendation.

Human Resources Department

email: hr.phih@spa-mm.com

Only short-listed applicants will receive a reply.

# ကျောက်ပန်းတောင်းမြို့ကျန်းမာရေးဝန်ကြီးဌာနနှင့် GAVIHSS တို့မှ ပူးပေါင်းဖွင့်လှစ်သော လူထုကျန်းမာရေးလုပ်သား သင်တန်းဆင်း

**ကျောက်ပန်းတောင်း ဇွန် ၁**

ကျန်းမာရေးဝန်ကြီးဌာနနှင့် GAVI HSS တို့မှ ပူးပေါင်းဖွင့်လှစ်သော လူထုကျန်းမာရေးလုပ်သား သင်တန်းဆင်းပွဲအခမ်းအနားကို မေ ၂၈ ရက် ညနေ ၃ နာရီက မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမတွင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုးစိုးနိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

မြို့နယ်လူဦးရေ၏ ၇၀ ရာခိုင်နှုန်းရှိသော ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်းများကို ပိုမို၍ ထဲထဲဝင်ဝင်နှင့်ထိထိရောက်ရောက် ဆောင်ရွက်နိုင်စေရန် ကျေးလက်ကျန်းမာရေးလုပ်သားသင်တန်း ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ ဒေသတွင်း နီးစပ်ရာကျန်းမာရေးဝန်ထမ်းများနှင့်ပူးပေါင်း၍ ကူးစက်ရောဂါကာကွယ်ခြင်း၊ ကုသခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းများ၊ ပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်နိုင်စေရန် ဖွင့်လှစ်ပို့ချရခြင်းဖြစ်ကြောင်း ဒေါက်တာစိုးစိုးနိုင်ကပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များနှင့် လူထုကျန်းမာရေးလုပ်သား (Kit) ပုံးများကို သင်တန်းသားတစ်ဦးချင်းထံ ပေးအပ်ခဲ့ကြသည်။

အဆိုပါသင်တန်းသို့ ကျေးလက်ကျန်းမာရေးဌာနနှင့် အလှမ်းကွာဝေးပြီး သားဖွားဆရာမ မရှိသေးသော ကျေးရွာ ၁၅ ရွာမှ သင်တန်းသား၊ သင်တန်းသူ ၁၅ ဦးတက်ရောက်ခဲ့ကြပြီး ကူးစက်ရောဂါများအကြောင်း၊ တိရစ္ဆာန်မှ လူသို့ကူးစက်ရောဂါ၊ လိင်မှတဆင့်ကူးစက်ရောဂါနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများအကြောင်း၊ ကူးဆက်ရောဂါမဟုတ်သော နာတာရှည်ရောဂါများ၏လက္ခဏာနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းလုပ်ငန်းများ၊ အခြေခံတိုင်းရင်းဆေးပညာများ၊ ဖွားစာရင်း၊ သေစာရင်းနှင့် ကျန်းမာရေးအချက်အလက် ရေးသွင်းခြင်းလုပ်ငန်းများ၊ ပညာပေးဟောပြောခြင်းများကို တစ်လတာသင်ကြားပို့ချခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ် ကျန်းမာရေးဦးစီးဌာနအနေဖြင့် မေ ၂၀ ရက်မှ ၂၄ ရက်အထိ အရန်သားဖွားဆရာမ ၃၀ ဦးတို့အား ရက်တိုမွမ်းမံသင်တန်းဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ဆက်လက်၍ အရန်သားဖွားဆရာမ (အသစ်) ၂၀ ဦးတို့အား ခြောက်လသင်တန်း ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

# မြင်းခြံတွင် ပလတ်စတစ်အမှိုက်များကောက်ယူရှင်းလင်းခြင်း စုပေါင်းဆောင်ရွက်



**မြင်းခြံ ဇွန် ၁**

မြင်းခြံမြို့၏ မြင်းခြံ-တံတားဦးလမ်း မြို့အဝင် လယ်သစ်ကျေးရွာအနီးတွင် ကြွပ်ကြွပ်အိတ်နှင့် ပလတ်စတစ်များကောက်ယူရှင်းလင်းခြင်းကိုမေ ၃၀ ရက်က စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြင်းခြံမြို့အဝင် လယ်သစ်ကျေးရွာ ပတ်ဝန်းကျင်၌ ကြွပ်ကြွပ်အိတ်နှင့် ပလတ်စတစ်များကောက်ယူရှင်းလင်းခြင်းကို မြင်းခြံခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင်ရဲတပ်ဖွဲ့နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ၊ အခြားဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းဆောင်ရွက်ခဲ့ကြသည်။


ယင်းအပြင် မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်က ကြွပ်ကြွပ်အိတ်နှင့် ပလတ်စတစ်များ၏ ဆိုးကျိုးများနှင့် အမှိုက်များစနစ်တကျစွန့်ပစ်ရေးကိုလည်း ဆွေးနွေးပြောကြားခဲ့သည်။ **စော်မင်းနိုင်(မြင်းခြံ)**

# မြန်မာ့စီးပွားရေးဘဏ်တွင် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ဆောင်ရွက်

**ကျွန်းလှ ဇွန် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့ မြန်မာ့စီးပွားရေးဘဏ်သည် နိုင်ငံတော်တွင်ကျင့်သုံးလျက်ရှိသော ဈေးကွက်စီးပွားရေးစနစ်နှင့် လိုက်လျောညီထွေစွာ ဆောင်ရွက်လျက်ရှိပြီး ကူးသန်းရောင်းဝယ်ရေးဘဏ်လုပ်ငန်း၊ ငွေတိုက်လုပ်ငန်း၊ ငွေစုလုပ်ငန်းများနှင့် အမြန်ငွေလွှဲစနစ်ဖြင့် ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းတို့ကို ဆောင်ရွက်ပေးနေကြောင်း သိရသည်။

အဆိုပါဘဏ်လုပ်ငန်းများမှ အမြန်ငွေလွှဲစနစ်ကိုအခုလွှဲအခုရောက် ဖက်စ် (Fax) ငွေလွှဲစနစ်ဖြင့်လည်းကောင်း၊ ကြေးနန်းဖြင့်လည်းကောင်း ဆောင်ရွက်ပေးပြီး ပြည်တွင်းငွေလွှဲခနှုန်းများကို ငွေကျပ် ၁၀၀ လျှင် ၁၀ ပြားနှုန်း၊ ဖက်စ် (Fax) ကြေးနန်း (TUT) ဆောင်ရွက်ခ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းကောက်ခံ၍တာဝန်ယူ ဆောင်ရွက်ပေးနေကြောင်း မြို့နယ်မန်နေဂျာ ဒေါ်တင်တင်ဝင်းက ပြောကြားသည်။ **မျိုးဝင်းညို(ကျွန်းလှ)**
















# လေပြင်းတိုက်ခတ်၍ လောကမာရဇိန်စေတီ ထီးတော်မြေခ

**ထီးလင်း ဇွန် ၁**

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ကျားခဲကျေးရွာနှင့် အကြည်ဘန်းကျေးရွာတို့တွင် မေ ၃၀ ရက် ညနေက လေပြင်းတိုက်ခတ်မှုဖြစ်ပွားခဲ့ရာ နေအိမ်၊ အဆောက်အအုံအချို့ ပျက်စီးခဲ့ပြီး အကြည်ဘန်းကျေးရွာရှိ လောကမာရဇိန်စေတီ၏ ထီးတော် မြေခသွားခဲ့ကြောင်း သိရသည်။

ယင်းလေပြင်းတိုက်ခတ်မှုကြောင့် ကျားခဲကျေးရွာတွင် သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း နေအိမ် ၁၀ လုံး၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးအပါအဝင် သက်ငယ် မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းနေအိမ် သုံးလုံးတို့မှ အမိုးများလန်ကာ ပျက်စီးသွားခဲ့သည်။

အကြည်ဘန်းကျေးရွာတွင် လောကမာရဇိန်စေတီတော် ထီးတော်မြေခသွားကာ ဘုရားအာရုံခံသွတ်မိုးဆောင်တစ်ဆောင်၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းဆွမ်းစားဆောင်တစ်ဆောင်၊ သွပ်မိုး၊ အုတ်ညှပ် အ. ထ. က (ခွဲ) နှစ်ထပ်ကျောင်းဆောင်တစ်ဆောင်၊ ပျဉ်ကာ၊ ပျဉ်ခင်း သက်ငယ်မိုးဆောင်တစ်ဆောင်၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း လူနေအိမ် လေးလုံး၊ သက်ငယ်မိုး၊ ထရံကာ၊ ပျဉ်ခင်းနေအိမ် ၄၄ လုံး၊ သုသာန်ဇရပ်သွပ်မိုးတို့ အမိုးလန်ပျက်စီးသွားကြောင်း သိရသည်။ **(၄၆၅)**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

# ၂၀၁၅–၂၀၁၆ ပညာသင်နှစ် မူလတန်းကျောင်းသား/သူများအား ဗလာစာအုပ်နှင့်ကျောင်းဝတ်စုံများ ပေးဝေ

**မန္တလေး ဇွန် ၁**

၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ပညာရေးစေတနာအလှူရှင်များ ကလှူဒါန်းသော အလှူငွေ၊ ဗလာစာအုပ်၊ စာရေးကိရိယာများ လှူဒါန်းလျက်ရှိရာ တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးက လက်ခံရယူခဲ့ပြီး မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်နှင့် တာဝန်ရှိသူများသည် အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံနေမှုများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကာ အခြေခံပညာကျောင်းသား၊ ကျောင်းသူများအားလုံးအတွက် တစ်ဦးလျှင် ဗလာစာအုပ်ခြောက်အုပ်နှင့် ကျောင်းဝတ်စုံတစ်စုံစီ အခမဲ့ပေးဝေခဲ့ကြောင်း သိရသည်။



ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေး၊ ပြည်သူအားလုံးပါဝင်ဆောင်ရွက်ပေးဟူသောဆောင်ပုဒ်နှင့်အညီ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် မေ ၂၅ ရက်မှ ၃၁ ရက်အထိ ကျောင်းအပ်နှံရေးသီတင်းပတ်သတ်မှတ်ပြီး မန္တလေးတိုင်းဒေသကြီးအတွင်း ရာနှုန်းပြည့်ကျောင်းအပ်နှံရေး၊ ကျောင်းနေမြဲရေး၊ မူလတန်းပညာ ပြီးဆုံးသည်အထိ အတန်းစဉ်တက်ရောက်နိုင်ရေး တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အခမဲ့မူလတန်းပညာရေးအပြင် အခမဲ့မသင်မနေရ အလယ်တန်းပညာရေးကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သည်။

၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ပဉ္စမတန်းမှ အဋ္ဌမတန်းအထိ အခြေခံပညာအလယ်တန်း ကျောင်းသား၊ ကျောင်းသူများကို ပုံနှိပ်စာအုပ်များ အခမဲ့ပေးဝေခဲ့ပြီး ကျောင်းလခ၊ မိဘဆရာအသင်းရန်ပုံငွေ၊ စာကြည့်တိုက်အားကစား၊ စာရေးကိရိယာ ရန်ပုံငွေများလည်း ကောက်ခံခြင်းမရှိဘဲ နဝမတန်း၊ ဒသမတန်းကျောင်းသား၊ ကျောင်းသူများကို ပုံနှိပ်စာအုပ်များအား သတ်မှတ်နှုန်းထားအတိုင်း ရောင်းချပေးပြီး မိဘဆရာအသင်းရန်ပုံငွေ၊ ကျောင်းလခသတ်မှတ်နှုန်းမှလွဲ၍ အခြားမည်သည့်ကြေးမှ ကောက်ခံခြင်းမရှိကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# ဒုက္ခသည်စခန်းများသို့ မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးဝါး ကုန်ပစ္စည်းများထောက်ပံ့

**မြစ်ကြီးနား ဇွန် ၁**

ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ကျန်းမာရေးဌာနတို့ပူးပေါင်း၍ ဩစတြေးလျ AIDS အဖွဲ့မှ ကူညီထောက်ပံ့မှုဖြင့် မြစ်ကြီးနားခရိုင်အတွင်းရှိ ဒုက္ခသည်စခန်းများသို့ အရေးပေါ်အခြေအနေတွင် ဘေးအန္တရာယ်ကျရောက်စဉ် မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအတွက် ဆေးပစ္စည်းများ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို မေ ၂၇ ရက် နံနက် ၉ နာရီတွင် မြစ်ကြီးနားမြို့ သီတာရပ်ကွက်ရှိ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြစ်ကြီးနားခရိုင် ဒုတိယကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနော်ရှဲလ်တာက ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ကျန်းမာရေးဌာနတို့ပူးပေါင်း၍ ဩစတြေးလျ AIDS အဖွဲ့မှကူညီထောက်ပံ့မှုဖြင့် မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်များအတွင်းရှိ ဒုက္ခသည်စခန်းများသို့ အရေးပေါ်အခြေအနေတွင် ဘေးအန္တရာယ်ကျရောက်စဉ် မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအတွက် ဆေးပစ္စည်းများ၊ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနများသို့ သန္ဓေတားပစ္စည်းများကိုလည်းကောင်း၊ သားဖွားခန်းများအတွက် ရေနွေးပေါင်းအိုးနှင့် မီးဖွားသုံးပစ္စည်းများကိုလည်းကောင်း၊ အခြေခံကျန်းမာရေးဌာနများသို့ Sprint ki များကိုလည်းကောင်း၊ ဒုက္ခသည်စခန်းမိသားစုများအတွက် Diginitykit များကိုလည်းကောင်း ပြည်နယ်ဒုတိယကျန်းမာရေးဦးစီးဌာနမှူး၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ အတွင်းရေးမှူးနှင့်တာဝန်ရှိသူများက ဒုက္ခသည်စခန်း တာဝန်ခံများထံ အသီးသီးပေးအပ်ခဲ့သည်။

အဆိုပါစီမံချက်အရ မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်များအတွင်းရှိ ဒုက္ခသည်စခန်း ၃၈ ခုသို့ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စခန်းတာဝန်ခံများ စုစုပေါင်း ၁၁၅ ဦးတို့က အဖွဲ့ငယ် ၁၂ ဖွဲ့ခွဲ၍ သုံးလတာကာလအတွင်း အရေးပေါ်အခြေအနေကျရောက်စဉ် မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုနှင့်ပတ်သက်၍ ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ **စိန်ဝင်း(ပြန်/ဆက်)**


## ဂုဏ်ယူဝမ်းမြောက်ခြင်း

Victoria University College သည် HND အောင်ချက်အမြင့်မားဆုံးနှင့် University of Wolverhampton, UK နှင့် ပူးတွဲပြီး QAA (UK) ၏နိုင်ငံတကာအဆင့်ရှိတက္ကသိုလ်အဖြစ်အသိအမှတ်ပြုခံရခြင်းအတွက်များစွာဂုဏ်ယူဝမ်းမြောက်ပီတိဖြစ်ရပါသည်။

မိမိတို့သားသမီးများ Victoria University College ၏ ကျောင်းသားကျောင်းသူများ ဖြစ်ရခြင်းအတွက်လည်း ဂုဏ်ယူမိပါသည်။

VUC ကျောင်းသားမိဘများ



# စားသုံးသူအကာအကွယ်ပေးရေး ဆွေးနွေး

**တောင်ကြီး ဇွန် ၁**

စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများသည် အများပြည်သူ၏ အသက်ကိုလုံခြုံစိတ်ချရမှုရှိအောင် ဆောင်ရွက်ပေးနေသည့် ကုသိုလ်ဖြစ်ပရဟိတလုပ်ငန်းဖြစ်ပြီး နိုင်ငံသူနိုင်ငံသားများအတွက် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများအား အမျိုးသားရေးအမြင်ဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန်လိုကြောင်း ဗဟိုကော်မတီတွဲဖက်အတွင်းရေးမှူး(၁) ဦးဟန်က ပြောကြားခဲ့သည်။

ရှမ်းပြည်နယ်ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနအစည်းအဝေးခန်းမတွင် မေ ၂၉ ရက် နံနက် ၁၀ နာရီက ကျင်းပပြုလုပ်သည့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီနှင့် ရှမ်းပြည်နယ်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ လုပ်ငန်းကော်မတီမှ အဖွဲ့ဝင်များနှင့်တွေ့ဆုံဆွေးနွေးပွဲတွင် တွဲဖက်အတွင်းရေးမှူး(၁) ဦးဟန်က ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်၍ ရှမ်းပြည်နယ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့အတွင်းရေးမှူး ဦးစိုးအောင်က အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ လုပ်ဆောင်ချက်များနှင့် တောင်ကြီး၊ လွိုင်လင်၊ အင်းလေး၊ ကလောနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဖွင့်လှစ်သည့် သင်တန်းများတွင် ပညာပေးလုပ်ငန်းဆောင်ရွက်ခဲ့မှုများအားရှင်းလင်းတင်ပြပြီး ထုတ်ကုန်များ လုံခြုံစိတ်ချရမှုလုပ်ငန်းကော်မတီ၊ စားသုံးသူရေးရာတိုင်တန်းမှု လက်ခံဆောင်ရွက်ရေးကော်မတီနှင့် တက်ရောက်လာကြသူများ၏ တင်ပြချက်များအပေါ် ဗဟိုကော်မတီအတွင်းရေးမှူး (၂) ဦးခင်ဇော်ကဖြည့်စွက်ရှင်းလင်း ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ယင်းနောက် ဗဟိုကော်မတီတွဲဖက်အတွင်းရေးမှူး (၁) ကတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။ **နိုင်ထွန်း(TGI)**

# ၂၀၁၅– ၂၀၁၆ ပညာသင်နှစ် မြို့နယ်အဆင့်ကျောင်းအပ်နှံရေးနှင့် ကျောင်းဝတ်စုံ၊ ပုံနှိပ်စာအုပ်နှင့် ကျောင်းသုံးဗလာစာအုပ်များပေးအပ်

**ဝိုင်းမော် ဇွန် ၁**

၂၀၁၅-၂၀၁၆ ပညာသင်နှစ် ဝိုင်းမော်မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားနှင့် ကျောင်းသူ၊ ကျောင်းသားများအား ပုံနှိပ်စာအုပ်၊ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးဗလာစာအုပ်များပေးအပ်ပွဲကို မေ ၂၈ ရက် နံနက်ပိုင်းတွင် ဝိုင်းမော်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ရတနာခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းချမ်းအောင်နှင့် မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်ပညာရေးမှူးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ယင်းအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးဦးထွန်းဝင်းက နိုင်ငံတော်၏ အနာဂတ်ပညာရေးမျှော်မှန်းချက်များ၊ ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက အခြေခံပညာအလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးပြဋ္ဌာန်းချက် ပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးဗလာစာအုပ်များနှင့် ကျောင်းဝတ်စုံများကို အသီးသီးပေးအပ်ခဲ့ကြသည်။ ယင်းနောက် စေတနာရှင်အလှူရှင်များက ပညာရေးရန်ပုံငွေများပေးအပ်ကြရာ မြို့နယ်ပညာရေးမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **နိုင်သက်မွန်(ပြန်/ဆက်)**

# ကျီခါးမြို့တွင် ပုလဲသွယ်စပ်မျိုး စပါးမျိုးစေ့ ပေးအပ်ပွဲကျင်းပ

**ကျီခါး ဇွန် ၁**

ချင်းပြည်နယ် ကျီခါးမြို့ မြန်မာ့စိုက်ပျိုးရေးဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ၂၀၁၅ ခုနှစ် မိုးရာသီ၌ လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်နိုင်ရန်ရည်ရွယ်၍ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ပေးအပ်ပွဲကို မေ ၂၉ ရက် နံနက် ၉ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ စခန်းမှူးဦးဝင်းဌေးနှင့် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဂင့်ဇဆွင့်တို့က အမှာစကားပြောကြားပြီး ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့ ၁၀၅ ကီလို(တစ်ဧကစာ)အား ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာတောင်သူ ၁၁ ဦးထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဓိုဟေဆာ**

# ညောင်ရင်းကျေးရွာ၌ ဒုတိယအကြိမ် အခြေခံကွန်ပျူတာ အခမဲ့သင်တန်းဖွင့်လှစ်

**မြင်းမူ ဇွန် ၁**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ညောင်ရင်းကျေးရွာ ပွင့်လင်းရောင်ခြည်ပိဋကတ်စာကြည့်တိုက်နှင့် ဉာတိသင်္ဂဟ ကျန်းမာရေးနှင့် လူမှုကူညီရေးအသင်းတို့က ကြီးမှူး၍ ဒုတိယအကြိမ် နွေရာသီအခြေခံကွန်ပျူတာအခမဲ့သင်တန်းကို မေလစတုတ္ထပတ်က ဖွင့်လှစ်ခဲ့ပြီး ပထမအကြိမ်နွေရာသီသင်တန်းမှ ထူးချွန်သင်တန်းသားများအား ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

နွေရာသီ အခြေခံကွန်ပျူတာအခမဲ့သင်တန်းတွင် ဆရာတော် ဦးသြဘာသ(မတ္တရာ)က ကွန်ပျူတာပညာရပ်များကို သင်ကြားပေးပြီး သင်တန်းသားများအား စာရေးကိရိယာပစ္စည်းများကို ထောက်ပံ့ပေးခဲ့သည်။

“ဒီကွန်ပျူတာသင်တန်းမှာ သင်တန်းသားတွေ အမှန်တကယ်ကျွမ်းကျင်တတ်မြောက်စေဖို့အတွက် နံနက် ၁၀ နာရီကနေ ၁၁ နာရီထိ တစ်ကြိမ်၊ ညနေ ၃ နာရီကနေ ၆ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီကနေ ၉ နာရီထိ တစ်ကြိမ်၊ တစ်နေ့ကို သုံးကြိမ်သင်ကြားပေးပါတယ်။ ကျွန်တော်တို့ရွာမှာ ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်း၊ အခြေခံအင်္ဂလိပ်စာသင်တန်းနဲ့ ကွန်ပျူတာသင်တန်းတွေကို နှစ်စဉ်ဖွင့်လှစ်ပေးလို့ လူငယ်တွေအတွက် များစွာအကျိုးရှိစေပါတယ်” ဟု ညောင်ရင်းကျေးရွာ ပွင့်လင်းရောင်ခြည်ပိဋကတ်စာကြည့်တိုက်ကော်မတီဝင် ဦးဝင်းနိုင်က ပြောသည်။

အဆိုပါ နွေရာသီအခြေခံကွန်ပျူတာအခမဲ့သင်တန်းသို့ ညောင်ရင်းကျေးရွာမှ သင်တန်းသား ၄၀ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ တစ်လကြာမည်ဖြစ်သည်။ ညောင်ရင်းကျေးရွာတွင် ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်း၊ အခြေခံအင်္ဂလိပ်စာသင်တန်းနှင့် ကွန်ပျူတာသင်တန်းတို့ကို နှစ်စဉ် နွေရာသီကျောင်းပိတ်ရက်များတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **အောင်စိုးဖေ**




## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထကခွဲ(၁)၊ ဒသမတန်း(B)မှ မအေးအေးသိမ့်၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်းထွန်း ဖြစ်ပါသည်။

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(ခွဲ) လ-၄၊ အဌမတန်း(B)အောင်မှ မရွှန်းလဲ့ဝေနှင့် ဆဌမတန်း(A)အောင်မှ မစန်းစန်းနိုင်တို့၏ ဖခင်အမည် မှန်မှာ ဦးအောင်ကျော်မိုးဖြစ်ပါသည်။





## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀ ဘီ)၊ မြေကွက်အမှတ်(၄၀၀ အေ/၂ အေ)၊ မြေကွက်တည်နေရာအမှတ်(၂၄၁)၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ် ဦးငြိမ်းမောင်[၁၂/ဗဟန(နိုင်) ၀၈၄၂၀၁]၊ ဒေါ်ခင်သူဇာ[၁၂/ဗဟန(နိုင်)၀၄၈၃၉၇]အမည်ပေါက် မြေပိုင်မြေအားအမည်လပေါက်(ခင်ပွန်း)ဦးငြိမ်းမောင်ကွယ်လွန်သဖြင့် ဒေါ်ခင်သူဇာ[၁၂/ဗဟန(နိုင်)၀၄၈၃၉၇]မှ တရားဝင် (ဇနီး)တော်စပ်ကြောင်း သေစာရင်း၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်းအသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ




## ၂၀၁၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်း စာစီစာကုံးပြိုင်ပွဲ တွင် အထူးဆုသုံးဆုချီးမြှင့်ခဲ့ကြောင်း ထပ်မံသိရ

**နေပြည်တော် ဇွန် ၁**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ၂၀၁၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲကျင်းပခဲ့ရာ အလွတ်တန်းဆောင်းပါး ပထမဆုကို ဒေါ်ဝေဝေလှိုင်၊ ဒုတိယဆုကို ဦးစိန်ဝင်း၊ တတိယဆုကို ဦးစန်းအောင်တို့မှ ရရှိခဲ့ပြီး ဒေါ်ယုယုနိုင်၊ သူရမြင့်မောင်နှင့် ဒေါ်စမ်းမော်တို့က အထူးဆုများရရှိခဲ့သည်။

အလွတ်တန်းစာစီစာကုံးပြိုင်ပွဲတွင် မစန္ဒီဟိန်းလတ်က ပထမဆု၊ မထက်ထက်လင်းက ဒုတိယဆု၊ ဒေါ်သက်ဝေနှင်းမြူက တတိယဆုရရှိခဲ့ပြီး ဦးဝင်းထွန်း၊ မဆွေကမ္ဘာအောင်၊ မလှယမင်းကိုကိုတို့က အထူးဆုများရရှိခဲ့ကြောင်း သိရသည်။

ဆုရရှိသူများသည် ၂၀၁၅ ခုနှစ် ဇွန် ၅ ရက်တွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) MICC(II)၊ နေပြည်တော်၌ ကျင်းပမည့် အခမ်းအနားသို့ တက်ရောက်၍ဆုယူရမည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက ဒေါ်ကြည်ကြည်မြင့် ညွှန်ကြားရေးမှူး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဖုန်းအမှတ် ၀၉-၂၅၀၇၉၄၄၄၂၊ ဦးမင်းမော် ဒုတိယညွှန်ကြားရေးမှူး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဖုန်းအမှတ် ၀၉-၄၂၅၂၇၅၃၆၁ နှင့် ရုံးဖုန်းအမှတ် ၀၆၇-၄၃၁၃၁၉၊ ၀၆၇-၄၃၁၃၂၀၊ ၀၆၇-၄၃၁၃၂၁ တို့ကို ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

## မူလတန်းပြများ စွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဆင်း

**လိပ်သို ဇွန် ၁**

ကရင်ပြည်နယ် ဘားအံခရိုင် လိပ်သိုမြို့ ကျေးရွာ ၁၇၅ ရွာရှိ အခြေခံပညာမူလတန်းကျောင်းများတွင် ပညာသင်ကြားပေးရမည့် နေ့စားလပေး ဆရာ၊ ဆရာမ ၂၉၆ ဦးအား စွမ်းဆောင်ရည်မြင့်မားရေးသင်တန်း တစ်လသင်ကြားပေးပြီးနောက် သင်တန်းဆင်းပွဲကို မေ ၃၀ ရက်က လိပ်သိုမြို့အခြေခံပညာ အထက်တန်းကျောင်းတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ လိပ်သိုမြို့ အမှတ်(၁)စစ်ဗျူဟာမှူး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစောဂျေအေဝင်းမြင့်နှင့် သံတောင်ကြီးမြို့နယ် ပညာရေးမှူး ဒေါ်မိုးပုလဲစိုးတို့က တက်ရောက်အမှာစကားပြောကြားပြီး သင်တန်းတွင် သင်ခန်းစာအလိုက် ပထမ၊ ဒုတိယနှင့် တတိယဆုများရရှိသော သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **မနွယ်(ပြန်/ဆက်)**

# မင်းသမီးမီရှဲယိုနှင့်အဖွဲ့ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွှေလျှားစာကြည့်တိုက်သို့ လာရောက်လေ့လာ

**ကော့မှူး ဇွန် ၁**

ကော့မှူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ဖွင့်လှစ်ထားသော ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းရွှေလျှားစာကြည့်တိုက်သို့ မေ ၃၀ ရက် နံနက် ၉ နာရီ၌ ကုလသမဂ္ဂအဖွဲ့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသံအမတ်အဖြစ် ခန့်အပ်ထားသည့် နာမည်ကျော်မင်းသမီး မီရှဲယိုနှင့်အဖွဲ့ လာရောက်လေ့လာကြရာ စီမံကိန်းဒါရိုက်တာဒေါက်တာသန့်သော်ကောင်းက လုပ်ငန်းများဆောင်ရွက်နေမှုကို ရှင်းပြခဲ့သည်။



မင်းသမီးမီရှဲယိုနှင့်အဖွဲ့သည် အခြေခံကွန်ပျူတာသင်တန်းတက်ရောက်နေသော သင်တန်းသား၊သင်တန်းသူများကို တွေ့ဆုံ၍အားပေးစကားပြောကြားခဲ့ပြီး ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဖွင့်လှစ်ထားသည့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းကျောင်း (HCTA) သို့ ရောက်ရှိပြီး သင်တန်းသား၊ သင်တန်းသူများနှင့် တွေ့ဆုံခဲ့သည်။

ယင်းနောက် ၎င်းပါဝင်ရိုက်ကူးထားသည့် ယာဉ်အန္တရာယ်ကင်းရှင်းရေးဗီဒီယိုပြသခဲ့ပြီး ဆိုင်ကယ်စီးဦးထုပ်များလှူဒါန်းခဲ့သည်။ ဆက်လက်၍ ဆင်ခြံကျေးရွာ အောင်ဇမ္ဗူ လူငယ်ပရဟိတဂေဟာတွင် ရွှေလျှားစာကြည့်တိုက်ငှားရမ်းဆောင်ရွက်မှုကို လေ့လာခဲ့ကြသည်။ **ကျော်သူရ(ကော့မှူး)**

# ရိတ်သိမ်းခြွေလှေ့စက်ဖြင့် စံကွက်ရိတ်သိမ်းရာ ၂၁၇ ဒသမ ၁၉ တင်းထွက်ရှိ

**အောင်လံ ဇွန် ၁**

အောင်လံမြို့နယ် အင်းကုန်းကျေးရွာအုပ်စု ကွင်းအမှတ်၇၆ (ခ) ဦးပိုင်အမှတ် (၁၆၁) တောင်သူဦးမြင့်ကြိုင်၏ ၂၀၁၄-၂၀၁၅ နွေစပါးကွင်းတွင် မေ ၃၀ ရက် နံနက် ၈ နာရီက စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် စံကွက်သရုပ်ပြ ရိတ်သိမ်းခဲ့ကြောင်း သိရသည်။

ယင်းစံကွက်ရိပ်သိမ်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်၊ မြို့နယ်အထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ ဦးကံထွန်းနှင့် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စက်မှုလယ်ယာဦးစီးဌာနမှဝန်ထမ်းများ၊ ပတ်ဝန်းကျင်ကျေးရွာအုပ်စုငါးအုပ်စုမှ တောင်သူများတက်ရောက်ခဲ့ကြပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းဖေက စံကွက်ရိတ်သိမ်းရခြင်း၏ ရည်ရွယ်ချက်၊ အထွက်နှုန်းမိတ်ဖက်များ၏အားသာချက်၊ အားနည်းချက်နှင့် စက်ဖြင့်ရိတ်သိမ်းခြွေလှေ့ရခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းစံကွက်အား စက်ဖြင့်ရိတ်သိမ်းရာ ၂၁၇ ဒသမ ၁၉ တင်းထွက်ရှိခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

**ဂဟာဒ်းမျိုးစုံ**
(Alphard/Hiace ၇၊၉၊၁၃ယောက်စီး/ Saloon/ ၂၅၊၃၃၊၄၅ယောက်စီး)များကိုခရီးစဉ်အမျိုးမျိုးအတွက်ယာဉ်ပိုင်ရှင်များကိုယ်တိုင် ချိုသာသောစျေးနှုန်းဖြင့်အငှားလိုက်သည်။
Ph:09-5418126

**ဟိန်း**
01-293159
01-9000293
09-5160048
ခရီးစဉ်အမျိုးမျိုးနှင့် လချုပ်/နှစ်ချုပ်ကားများစုံငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။
www.heincarrental.com

**အမည်မှန်**
(အဖ)ဦးစိုးနေဇာမြင့်[၅/စကန(နိုင်)၁၇၈၈၀၇]၏သမီး စစ်ကိုင်းမြို့၊ ချင်းစုရပ်နေ မပြည့်ဖူးဖူးသွယ်၏ အမည်မှန်မှာ မဟေသာစိုးမိုးဖြစ်ပါကြောင်း။
မဟေသာစိုးမိုး

**ယာဉ်မောင်းအမြန်အလိုရှိသည်**
-ရန်ကုန်မြို့တွင်းကျွမ်းကျင်စွာမောင်းနှင်နိုင်သူဖြစ်ရမည်။
-ဆက်သွယ်ရန်ဖုန်းနံပါတ်-
၀၉-၄၂၀၃၁၅၆၆၄




**O.T.S(85)**

**သီဟတပ်ခွဲကျောင်းဆင်းသူငယ်ချင်းများသို့**

ကျောင်းဆင်း(၂၂)နှစ်မြောက် မိတ်ဆုံစားပွဲနှင့် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ကျဆုံး၊ သေဆုံးသွားသော သူငယ်ချင်းများအား ရည်စူး၍ကုသိုလ်ကောင်းမှုများကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါသဖြင့် သူငယ်ချင်းများတက်ရောက်နိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

| နေပြည်တော် | ရန်ကုန် |
|---|---|
| ၇-၆-၂၀၁၅ရက်၊ ၀၉း၃၀နာရီ (မိသားစုပါ) | မိတ်ဆုံဂေါက်သီးရိုက်ပြိုင်ပွဲ ၆-၆-၂၀၁၅ရက် |
| သီရိဂန္ဓမာသပြေအေးကျောင်းတိုက်၊ဇမ္ဗူသီရိမြို့နယ် | ၀၆း၀၀နာရီ၊တပ်မတော်ဂေါက်ကွင်း၊မင်္ဂလာဒုံ |
| ၇-၆-၂၀၁၅ရက်၊၁၈း၃၀နာရီ(မိသားစုပါ) | ၇-၆-၂၀၁၅ရက်၊ ၁၀း၀၀နာရီ(မိသားစုပါ) |
| မန္တလေးယူနန်စားသောက်ဆိုင် | ဓမ္မဝိဟာရစာသင်တိုက်၊သယ်န်းကျွန်းမြို့နယ် |
| ဆက်သွယ်ရန်လိပ်စာ | ၇-၆-၂၀၁၅ရက်၊ ၁၈း၀၀နာရီ(မိသားစုပါ) |
| ကျော်ကျော်ဦး ၀၉-၅၁၃၃၁၉၆ | ရွှေရှမ်းကန်စားသောက်ဆိုင်၊အင်းလျားလမ်း |
| စန်းဌေး ၀၉-၂၅၃၁၀၅၉၆၄ | ကိုလေး ၀၉-၅၀၈၄၄၉၃ |
| မျိုးဇော်ဇော် ၀၉-၄၃၁၃၁၀၅၄ | လှမိုးဇော် ၀၉-၅၀၂၅၄၃၈ |
| မျိုးသန့်အောင် ၀၉-၈၆၂၆၄၂၃ | လွင်မိုး ၀၉-၅၀၈၂၇၇၂ |

နိုင်ငံ့အထင်ကရပုဂ္ဂိုလ်ဖြစ်လာသူ ပြည့်တန်ဆာအမျိုးသမီးတစ်ဦး၏ မယုံနိုင်စရာ ကိုယ်တွေ့မှတ်တမ်း

**သံမဏိနှင်းဆီ**

မင်းကျော်စွာ

The Road of Lost Innocence
Somaly Mam

ထွက်ပြီ

လောကသစ်စာပေ ၂၅၁၃၅၉၊ ၄၀၁၃၈၇၊ ၀၉၇၉၉၈၇၆၈၃၀

ဆောင်းပါး

# "ဆေးလိပ်သောက်ချင်စိတ်ကို ချိုးနှိမ်နည်း"

à ပေါက်ပေါက်

ဆေးလိပ်တစ်လိပ်မှာ ဓာတုပစ္စည်းပေါင်း ၄၀၀၀ ကျော်ပါဝင်ပြီး ၄င်းတို့အနက် ၄၃ မျိုးသော ဓာတုပစ္စည်းများဟာ ကင်ဆာရောဂါအမျိုးမျိုးကို ဖြစ်စေနိုင်ကြောင်း၊ ဆယ်ကျော်သက်နှင့် သက်လတ်ပိုင်းအရွယ်ကတည်းက ဆေးလိပ်စသောက်လာသူတွေဟာ ဆေးလိပ် (လုံးဝ) မသောက်သူထက် အသက် ၂၄ နှစ်အသက် ပိုတိုနိုင်ကြောင်း၊ ဆေးလိပ်ငွေ့ဟာ ကာဗွန်မိုနောက်ဆိုက်ဖြစ်ပြီး ၎င်းဟာ အဆိပ်ငွေ့ဖြစ်ကြောင်း၊ ထိုအဆိပ်ငွေ့က ဆေးလိပ်သောက်သုံးသူရော၊ တဆင့်ခံစီးကရက်မီးခိုးငွေ့ရှူရှိုက်သူတွေပါ မြောက်များစွာသော ကျန်းမာရေးဘေးထွက်ဆိုးကျိုးတွေဖြစ်စေကြောင်း စသည့်ဆိုးကျိုးများကြောင့် ကျန်းမာရေးသုတေသီတွေက မကြာခဏဆိုသလို အသိပညာပေးနှိုးဆော်လျက်ရှိပါတယ်။

ဒါ့ပြင် ကမ္ဘာတစ်ဝန်းက ဆေးလိပ်ရဲ့ဆိုးပြစ်များကို သိမြင်လာကြပြီး ဆေးလိပ်တိုက်ဖျက်ရေးလုပ်ငန်းကို တစ်စထက်တစ်စ ဆောင်ရွက်လာရာမှ နှစ်စဉ် မေလ ၃၁ ရက်နေ့ကို 'ကမ္ဘာ့ဆေးလိပ်တိုက်ဖျက်ရေးနေ့(ဆေးလိပ်မသောက်ရနေ့)' သတ်မှတ်ကာ ဆေးလိပ်တိုက်ဖျက်ရေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လာကြပါတယ်။

သို့သော် ဆေးလိပ်သောက်သူဦးရေ လျော့ကျမလာဘဲ ပို၍သာတိုးပွားလို့နေပါတယ်။ အကြောင်းရင်းမှာ ပတ်ဝန်းကျင်မှာ ဆေးလိပ်ကို အလွယ်တကူရခြင်း၊ ဈေးနှုန်းချိုသာခြင်း၊ စီးပွားရေးသမားများ၏ ဈေးကွက်မြှင့်တင်မှုကြော်ငြာအားကောင်းခြင်း၊ အခကြေးငွေဖြင့် ကြော်ငြာပေးသော သရုပ်ဆောင် မော်ဒယ်လ်များကို အားကျမိကာ အတုခိုးမှားခြင်း၊ စူးစမ်းလေ့လာမိရာမှစ၍ စွဲလမ်းသွားခြင်း၊ အတုမြင်အတတ်သင်ခြင်း၊ သူငယ်ချင်းအပေါင်းအသင်းများ၏ အဆွယ်ကောင်းခြင်း၊ အုပ်စုလိုက်အဖွဲ့လိုက်အပေါင်းအသင်းအချို့၏ ဖိအားပေးမှုခံရခြင်း၊ ကျန်းမာရေးဗဟုသုတနည်းကာ မိရိုးဖလာ လက်ဆင့်ကမ်းသောက်သုံးခြင်း စသည့်အကြောင်းများကြောင့် ဆေးလိပ်စသောက်လာဖြစ်ကြပါတယ်။ နီကိုတင်းဓာတ်ဟာ လူကိုစွဲလမ်းစေတတ်သော ဂုဏ်သတ္တိရှိပြီး စိတ်ကိုပါပြောင်းလဲစေတတ်ပါတယ်။ လေ့လာမှုမှတ်တမ်းများအရ နီကိုတင်းကို စွဲလမ်းမှုဟာ အရက်ကိုစွဲလမ်းမှုထက် ခြောက်ဆမှ ရှစ်ဆအထိ ပိုပါတယ်။



## မည်သူမျှ မွေးကတည်းက ဆေးလိပ်မသောက်တတ်ကြပါ။ အဓိကအချက်ကတော့ မချိုးနှိမ်နိုင်တဲ့စိတ်ကို . . .

ဆေးလိပ်ရဲ့ဆိုးပြစ်တွေကိုသိလို့ ဆေးလိပ်ဖြတ်ချင်ပေမယ့် စိတ်ဆန္ဒပြင်းပြခြင်းကို ချိုးနှိမ်ဖို့ခဲယဉ်းတာမို့ အချို့သူတွေမှာ ခဏတာမျှသာဆေးလိပ်ပြတ်ကြပြီး အချို့ကလည်း လုံးဝဖြတ်မရဖြစ်နေကြပါတယ်။ မည်သူမျှ မွေးကတည်းက ဆေးလိပ်မသောက်တတ်ကြပါဘူး။ အဓိကအချက်ကတော့ မချိုးနှိမ်နိုင်တဲ့စိတ်ကို မိမိစိတ်နဲ့ဘဲ အနိုင်ယူရမှာဖြစ်လို့ စိတ်ဓာတ်စစ်ဆင်ရေးကိုသုံးပြီးတော့ အောက်ပါနည်းလမ်းကိုးသွယ်ဖြင့် ကြိုးစားကြည့်စေလိုပါတယ်။

**(၁) အချိန်ဆွဲပါ**

ဆေးလိပ်သောက်ချင်စိတ်ဖြစ်လာတဲ့အခါ သောက်ချင်စိတ်ကိုချိုးနှိမ်ပြီး ၁၀ မိနစ်လောက်အောင့်ထားပါ။ အဲဒီ ၁၀ မိနစ်အတွင်း အာရုံပြောင်းသွားအောင် တခုခုကိုစိတ်နှစ်ထားပါ။ ၁၀ မိနစ်ပြည့်တဲ့အခါ ဩော်-ငါနေနိုင်သားဘဲ ဆိုပြီး ဆေးလိပ်မသောက်ပါနဲ့။ နောက်ထပ် ၁၀ မိနစ် အချိန်ထပ်ဆွဲပါ။

**(၂) နောက်ထပ်တစ်လိပ်ထဲပါကွာ မလုပ်မိပါစေနဲ့**

ဆေးလိပ်သောက်တဲ့ပမာဏကို တဖြည်းဖြည်းချင်းလျှော့ပါ။ တစ်လိပ်သောက်ပြီးတဲ့အခါ နောက်ထပ်တစ်လိပ်ထဲပါကွာဆိုပြီး မိမိကိုယ်ကို အလိုမလိုက်ပါနဲ့။ ခါတိုင်း ဆေးလိပ်သောက်ဖက်မိတ်ဆွေတွေက သင့်ကိုဆေးလိပ်ကမ်းလာခဲ့ရင်လည်း အားနာရှက်ရွံ့ခြင်းဖြစ်မနေဘဲ ဆေးလိပ်ဖြတ်ဖို့ကြိုးစားနေပြီဖြစ်ကြောင်း ပွင့်ပွင့်လင်းလင်း ပြောပြပါ။

**(၃) ကိုယ်လက်လှုပ်ရှားမှု တစ်ခုခုထလုပ်လိုက်ပါဦး**

ဆေးလိပ်သောက်ချိန်မှာ မသောက်ရလို့ စိတ်ထဲတစ်ခုခုလိုနေရင် ငြိမ်ထိုင်မနေဘဲ ခေတ္တခဏ ၁၅ မိနစ်လောက် လမ်းထလျှောက်ပါ။ (သို့မဟုတ်) အလုပ်တစ်ခုခုရှာလုပ်ပါ။

**(၄) လေ့ကျင့်ခန်းယူပါ**

အသက်ပြင်းပြင်းရှူခြင်း၊ ကြွက်သားလေ့ကျင့်ခန်း၊ ယောဂ၊ အိပ်မွေ့ချခြင်း၊ အနှိပ်ခံခြင်း စသည်တို့က ဆေးလိပ်သောက်ချင်တဲ့စိတ်ကို ပြေပျောက်သွားအောင် တစ်ဖက်တစ်လမ်းက ကူညီပေးပါတယ်။

**(၅) ဆေးလိပ်ဖြတ်ခြင်းရဲ့ ကျန်းမာရေးကောင်းကျိုးကို အမြဲသတိရနေပေးပါ**

သင်ဆေးလိပ်သောက်တတ်အောင် ဘယ်သူမှ သင်ပေးခြင်းမဟုတ်ပါ။ မိမိသာလျှင်ဆရာ၊ မိမိသာလျှင်တပည့်ပါ။ နှစ်ရှည်လများ ဆေးလိပ်စွဲနေခဲ့ပြီဖြစ်ရာ ဆေးလိပ်ဖြတ်တဲ့ စဦးပိုင်းကာလတွေမှာ ကသိကအောင့်၊ စိတ်အလိုမကျဖြစ်နေတတ်ပါတယ်။ ဒါပေမယ့် ဆေးလိပ်သောက်ခြင်းကြောင့် ကျန်းမာရေးဆိုးကျိုးများ၊ ငွေကိုမီးရှို့နေခြင်း၊ မိမိပတ်ဝန်းကျင်လေထုညစ်ညမ်း၍ တစ်ဆင့်ခံဆေးလိပ်ရနံ့ရှူရှိုက်နေသူများအတွက် ပရဟိတစိတ် စတဲ့ကောင်းကျိုးအထွေထွေကို စဉ်းစားသုံးသပ်ပါ။

**(၆) ဘဝတူချင်းမိတ်ဖွဲ့ပါ**

မိမိလိုပဲ ဆေးလိပ်ဖြတ်သူတွေနဲ့ မိတ်ဖွဲ့ပြီး သူတို့ရော ဘယ်လိုကြိုးစားနေတယ်ဆိုတာ နည်းနာယူပါ။ မိမိရဲ့ ကြိုးစားမှုကိုလည်း တစ်ဆင့်မျှဝေပေးပါ။ ဆေးလိပ်ပြတ်သွားပြီးသူတွေရဲ့ နည်းစနစ်ကိုမေးမြန်းဖို့ ဝန်မလေးပါနဲ့။ သူတို့ရဲ့အတွေ့အကြုံက သင့်အတွက် အထောက်အကူဖြစ်စေနိုင်ပါတယ်။

**(၇) နီကိုတင်းဓာတ် အစားထိုးမှီဝဲပါ**

လက်ဖက်ခြောက်ခပ်ထားတဲ့ ရေနွေးပူပူ၊ ပူရှိန်းဓာတ်ပါတဲ့ ပီကေ၊ သကြားလုံးများ၊ ပူရှိန်းငုံဆေးပြားတို့က ဆေးလိပ်သောက်ချင်စိတ်ကို ချိုးနှိမ်ကာ၊ ခံတွင်းချဉ်ခြင်းမှ သက်သာစေပါတယ်။ နီကိုတင်းအစားထိုး ရှူဆေးတောင့်သုံးပါ။ ဆေးလိပ်ဖြတ်ခြင်းကို အထောက်အကူပြုတဲ့ bupropion (Zyban) နှင့် varenicline (Chantix) စသော ဆေးဝါးများ မှီဝဲသောက်သုံးပါ။

**(၈) အာသာပြေ တစ်ခုခုစားပါ**

စိတ်သက်သာရာရအောင် သကြား (အချို)ဓာတ်မပါတဲ့ ပီကေဝါးပါ။ ပဲကြီးလှော်၊ နေကြာစေ့လှော်နှင့် သွားရေစာတို့ စားပါ။

**(၉) မိမိကိုယ်ကိုယုံကြည်မှုရှိနေပါစေ**

ဆေးလိပ်ဖြတ်လိုက်တဲ့အတွက် အပိုငွေမကုန်တော့ဘဲ အဲဒီငွေကို စုနိုင်သလို အလှူဒါနပြုရာမှာ သုံးနိုင်ပါတယ်။ ဆေးလိပ်ဖြတ်တာကြောင့် အနံ့နဲ့ အရသာခံအာရုံတွေ ပိုကောင်းသွားပါတယ်။

(ဆက်လက်ဖော်ပြပါမည်။)

"မွေးနေ့ဆုတောင်း"

~~***~~

ဝန်ထမ်းများအပေါ် စိတ်စေတနာဖြူစင်စွာ ဆက်ဆံတတ်ပြီး စာနာနားလည်မှုအပြည့်ရှိသော ဦးစောထွန်းဝေ (Managing Director, Delight Engineering Co.,Ltd.)၏ ၂-၆-၂၀၁၅ နေ့တွင် ကျရောက်သည့် (၅၃)နှစ်ပြည့် မွေးနေ့မှသည် နောင်လာမည့် မွေးနေ့ပေါင်းများစွာတိုင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ချစ်သော မိသားစုနှင့်အတူ အောင် မြင်ပျော်ရွှင်သော ဘဝကို ရရှိပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဝန်ထမ်းများ
Delight Engineering Co.,Ltd.
Delight Piling Co.,Ltd.

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

~~***~~

ချစ်သော ဖဖကြီး ဦးစောထွန်းဝေ၏ (၂-၆-၂၀၁၅)တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် အောင် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းဖြင့် ချစ်သော မိသားစု နှင့်အတူ လောကီလောကုတ္တရာ အကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးနိုင် ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်ဇနီး - ဒေါ်မြင့်မြင့်အေး
ချစ်သားကြီး - စောဝေမိုး(3rd Year, Machatronic, YTU)
ချစ်သားငယ် - စောထွန်းကျော်စိုး(Grade-11(B), အ.ထ.က-၂ကမာရွတ်)
ချစ်သမီးငယ် - နှင်းဦးဝေ (Grade-6(D), အ.ထ.က-၂ကမာရွတ်)



# (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာဆုတောင်းလွှာ

၂-၆-၂၀၁၅ရက်တွင် ကျရောက်သည့် ဖေဖေ **ဦးအောင်နိုင်ဦး**နှင့် မေမေ **ဒေါ်ဥမ္မာစိုးအောင်** တို့၏ မင်္ဂလာငွေရတုနေ့မြတ်၌ မိသားစုအတွက် အမြဲကာကွယ်ပေးသော၊ မိသားစုကို အမြဲလမ်းညွှန်ပေးသော၊ မိသားစုအပေါ် ချစ်မေတ္တာနှင့် နွေးထွေးမှုပေးသောကျေးဇူးရှင် ချစ်ဖေဖေနှင့် မိသားစုအတွက် အားကိုးရာဖြစ်သော၊ မိသားစုကို အမြဲစောင့်ရှောက်ပေးသော၊ မိသားစုအပေါ် ခွန်အားနှင့်သစ္စာပေးသော ကျေးဇူးရှင်ချစ်မေမေတို့၏ အနာဂတ်ခရီးလမ်း ယခုထက်ပိုမိုသာယာကြည်နူးဖွယ်ဖြစ်ပါစေကြောင်း၊ ကျန်းမာပျော်ရွှင်စွာဖြင့် ချစ်ခြင်းမေတ္တာအပြည့် လွှမ်းခြုံလျက် ချစ်သောသမီးများနှင့်အတူ ဘဝခရီးရှည်ကို ဘုရားသခင်၏ အလိုတော်နှင့်အညီ အောင်မြင်စွာဖြတ်ကျော်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သလိုက်ပါသည်။

ဖေဖေနှင့် မေမေ ငွေရတုမင်္ဂလာမှသည် ချစ်သက်နှစ်(၁၂၀)တိုင် ဘုရားရှင်ကောင်းချီးပေးပါစေ။

**ချစ်သမီးကြီး - ဥမ္မာအောင်နိုင်ဦး(တူးတူး)**
**ချစ်သမီးငယ် - ဇီဇဝါအောင်နိုင်ဦး(ဖူးဖူး)**




**အမည် ပြောင်းလဲခြင်း**

ဦးထွန်းလင်းအောင်[၈/ခမန(နိုင်)၁၀၂၉၄၈]၊ ဒေါ်နွယ်နွယ်ဦး[၈/ခမန(နိုင်)၀၆၉၅၇၅]တို့၏သား ဇမ္ဗူသီရိမြို့နယ်၊ အထက(၇)၊ ဆဋ္ဌမတန်း(က)မှ မောင်ပြည့်ဘုန်းခန့်အား မောင်သုတဘုန်းသန့်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်သုတဘုန်းသန့်**

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်း/လုပ်ငန်း များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက် လိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမျိုးအမည် |
|---|---|---|
| (က) | ၃၁/မမ/ဝန်ကြီးရုံး | Sharp Copier (1-No) & Canon Fax Phone (4-Nos) ဝယ်ယူရန် |
| (ခ) | ၃၂/မမ (CE) | ဥသျှစ်ပင်နှင့်မင်းဘူးကွန်ကရစ်ဇလီဖားစက်ရုံများတွင် ကွန်ကရစ်ဇလီဖားတုံးနှင့် Rail Clip ထုတ်လုပ်ခြင်းလုပ်ငန်း |
| (ဂ) | ၃၃/မမ(CE) | တာယာ(၂)မျိုး(200 Sets)နှင့်စက်ဆီချောဆီ(၁၂)မျိုး(82 Drums)ဝယ်ယူရန် |
| (ဃ) | 12(T)11(CTM) | ဓါတ်ခဲ (၁၅၆၈၆၄)လုံး၊ ချာဂျင်သွင်းဓါတ်မီး (၃၂၇၀)လက်နှင့် အနွေးထည်ဂျာကင် (၆၄၄)ထည် ဝယ်ယူရန် |

တင်ဒါပိတ်မည့်နေ့/အချိန် – ၁.၇.၂၀၁၅ (ဗုဒ္ဓဟူးနေ့)(၁၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်( ၁.၆.၂၀၁၅ )ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ကုန်သည်လမ်းနှင့်သိမ်ဖြူလမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း -294352, 291994.

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၉/၂၀၁၅)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | IFB-015(15-16) | Assorted Sizes of Hose Pipes (6)Items | US$ |
| (၂) | IFB-016(15-16) | Mud Pump Valve Seat Puller and Spares (4)Items | US$ |
| (၃) | IFB-017(15-16) | HT 400Pump Spares and Cementing Accessories (22)Items | US$ |
| (၄) | IFB-018(15-16) | Spares for 3 NB 1300 C Rig Pump Ex ZJ 50 D Drilling Rigs(25)Items | US$ |
| (၅) | IFB-019(15-16) | Wash Pipe and Packing for N 69 and N 815 Swivel (2)Items | US$ |
| (၆) | IFB-020(15-16) | Ferrochrome Lignosulphonate(Spersene)(200)Tons | US$ |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကိုကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါ အိတ်ဖွင့်တင်ဒါများကို ၂၉-၆-၂၀၁၅ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့(လူကိုယ်တိုင်)လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆**



# အခန်းပိုင်ဘဝသို့ချက်ချင်းပြောင်းလဲပေးမည့်

# iGREEN

လစဉ် ( ၄ ) သိန်းခန့်အတိုးပေးရန်မလို

# ၁၀နှစ် ငွေချေစနစ်

သိန်း (၆၀၀) တန် အခန်း

# မြေပိုင်မြေ ( ၁.၅ ) ဧက ပေါ်တွင်ဆောက်လုပ်မည်

iHOME
APARTMENT

ဘုံပိုင်မြေစနစ်၊ Swimming Pool & GYM, (၁)ခန်းလျှင်ကားပါကင်(၁)နေရာရမည်

မြေရှင် - iGREEN DEVELOPER - iGREEN CONSTRUCTION - iGREEN

**iGREEN Head Office -** 30၊ ဘုရင့်နောင်လမ်း၊ လှိုင်၊ ချောင်းဝဘုန်းကြီးကျောင်းအနီး။
**iGREEN Show Room -** 82/A၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်း၊ Junction (8) ရှေ့။

ကြော်ငြာ

ဇွန်( 6 )၊( 7 ) Junction Square တွင်ရောင်းမည့်

# သိန်း( ၂၀ )ယူပြီး တန်းစီမှ
# အခန်းရဖို့သေချာမယ်နော်


iHOME
APARTMENT



# ၂၀၁၆ စဆောက်၊ ၂၀၁၇ အခန်းအပ်


# ၁၀၀ ခန်းတွက်ဝယ်ခွင့် iGREEN မှတာဝန်ယူမည်

အိမ်ထောင်(၁)စုလျှင်(၁)ခန်းသာရမည် မှတ်ပုံတင် သန်းခေါင်စာရင်းမိတ္တူပါရမည်




# လစဉ်
# ၄
# သိန်းခန့်

ပေးရုံဖြင့်အခန်း
ပိုင်နိုင်မည့်
အခွင့်အရေး




**Site** လေ့လာသူများအတွက် ဇွန်လ( 1 )ရက်နေ့မှ( 5 )ရက်နေ့ထိ

**Location Map** မှဖြိုးတလျှောက်တွင် iGREEN မှဝန်ထမ်းများကြိုဆိုပြီးလိုက်လံပြသပေးပါမည်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စက်မှုလယ်ယာဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနမှ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ထွန်စက်ကြီးအပိုပစ္စည်းများ | 7 Lot |
| (ခ) | ရိတ်သိမ်းခြွေလှေ့စက် အပိုပစ္စည်းများ | 3 Lot |
| (ဂ) | ထယ်/ထွန်အပိုပစ္စည်းများ | 1 Lot |
| (ဃ) | တာယာနှင့်ကျွတ်မျိုးစုံ | 1 Lot |
| (င) | ဘက်ထရီ | 1 Lot |
| (စ) | လက်တွန်းထွန်စက်အပိုပစ္စည်းများ | 3 Lot |
| (ဆ) | စက်ဆီ၊ ချောဆီများ | 3 Lot |

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ၂၉-၅-၂၀၁၅ရက်မှစတင်၍ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၅ခုနှစ်၊ ဇွန်လ ၂၆ရက်၊ ၄း၀၀နာရီဖြစ်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**စက်မှုလယ်ယာဦးစီးဌာန**
**ရုံးအမှတ်(၅၀)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၃၁၂၄၃၊ ၀၆၇-၄၃၁၂၄၂၊ ၀၆၇-၄၃၁၂၄၅**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားတည်ဆောက်ရေးအဖွဲ့(၂)၊ တံတားအထူးအဖွဲ့(၈)မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်အတွင်း တာဝန်ယူဆောင်ရွက်မည့် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ တံတားများတည်ဆောက်ခြင်းလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သည့် တည်ဆောက်ရေးပစ္စည်းများအား မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တံတားအထူးအဖွဲ့(၈) တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်များကို

(က) ဒု-ညွှန်ကြားရေးမှူးရုံး၊ ကြပ်စင်တံတားစီမံကိန်း၊ မင်းပြားမြို့နယ်တွင် ၂၉-၅-၂၀၁၅ရက်မှ စ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

| | | |
|---|---|---|
| ၄။ တင်ဒါစတင်ရောင်းချမည့်ရက် | - | ၂၉-၅-၂၀၁၅ရက်မှ ၁၂-၆-၂၀၁၅ရက်ထိ နေ့စဉ် ၉း၃၀ AM မှ ၄း၀၀ PMအတွင်း |
| တင်ဒါဖွင့်မည့်နေရာ | - | ဒု-ညွှန်ကြားရေးမှူးရုံး၊ ကြပ်စင်တံတား၊ မင်းပြားမြို့နယ် |
| တင်ဒါဖွင့်မည့်ရက် | - | ၁၅-၆-၂၀၁၅ရက်၊ ညနေ ၃း၀၀နာရီ |

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၉-၄၀၂၆၅၅၈၅၃၊ ၀၉-၂၅၂၄၇၅၂၃၉၊ ၀၉-၄၀၀၆၉၅၃၇၅၊ ၀၉-၄၂၈၁၉၄၀၇၂**

## တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)
## တံတားအထူးအဖွဲ့(၂)
## တည်ဆောက်ရေးပစ္စည်းတင်ဒါခေါ်ယူခြင်း

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၂)မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ချင်းတွင်းတံတား(ကလေးဝ)တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | စဉ် | ပစ္စည်းအမျိုးအမည် |
|---|---|---|---|
| ၁။ | မြစ်သဲ | ၁၀။ | ဝါးထရံ |
| ၂။ | မြစ်ကျောက်စရစ် | ၁၁။ | အမိုးဝါးကပ် |
| ၃။ | သစ်ခွဲသား(ထု) | ၁၂။ | C.M.C |
| ၄။ | သစ်ခွဲသား(ပျဉ်) | ၁၃။ | Chipping(စက္ကန့်ကျောက်) |
| ၅။ | Binding Wire | ၁၄။ | Thinsheet(8'x4') |
| ၆။ | ရိုက်သံ | ၁၅။ | Bentonite |
| ၇။ | Welding rod | ၁၆။ | Chemical |
| ၈။ | Oxygen | ၁၇။ | 2"x2"x1/4" Angle Iron |
| ၉။ | 10mm M.S Plate | ၁၈။ | 2mm M.S Plate |

| | |
|---|---|
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - ၃၀-၅-၂၀၁၅ရက် |
| တင်ဒါပိတ်မည့်ရက်/အချိန် | - ၉-၆-၂၀၁၅ရက်၊ မွန်းလွဲ ၁၆း၀၀နာရီ |
| တင်ဒါဖွင့်မည့်ရက်/အချိန် | - ၁၀-၆-၂၀၁၅ရက်၊ နံနက် ၉း၀၀နာရီ |
| တင်ဒါဖွင့်မည့်နေရာ | - ချင်းတွင်းတံတား(ကလေးဝ)ကလေးဝ ဘက်ကမ်း လုပ်ငန်းခွင်ရှင်းလင်းဆောင် |

တင်ဒါလျှောက်လွှာပုံစံ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မုံရွာမြို့နှင့် ချင်းတွင်းတံတား(ကလေးဝ)ကိုင်းဘက်ကမ်းလုပ်ငန်းခွင်ရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**တံတားအထူးအဖွဲ့(၂)**
**ဖုန်း-၀၇၁၃၀၄၆၂၊ ၀၉-၄၃၀၅၆၁၆၅၊ ၀၉-၈၅၂၂၃၂၅**


**လိုင်မင်းလတ်** June-13 စမည်။
တရင်းကိုင်သင်တန်း Nov Series / 2015
**LCCI, MYOB, IFR**

| Level I+II | သင်တန်းချိန် | Level III | |
|---|---|---|---|
| Sec(A) Sat+Sun | 7-9 (am) | Sec(A) Sat-Sun | 3- 8 pm |
| Sec(B) Sat+Sun | 9-11(am) | Sec(B) Wed-to-Sun | 6-8 pm |
| Sec(C) Sun | 11-3(pm) | Sec(C) Tue-to-Fri | 9-12 am |
| Sec(D) Mon+Tue | 6-8 (pm) | | |
| Sec(E) Mon to Fri | 12-3(pm) | ခုံနံပါတ်ယူ ကျောင်းအပ်နိုင်ပြီ | 09 510 9922 |
| Sec(F) Sat | 11-3(pm) | | 0979 510 9922 |
| Sec(G) Wed | 11-3(pm) | | 0997 510 9922 |

၃၄ ၊ ၄ လွှာ၊ အင်းစိန်လမ်းမ။ လှည်းတန်း ၊ကမာရွတ်(လှည်းတန်းမှတ်တိုင်အနီး) 09 7313 6677

## နှစ်(၄၀)မြောက် ပတ္တမြားရတု မင်္ဂလာဆုတောင်း

ဖေဖေ ဦးသန်းလှိုင်(ပညာရေးမှူး-ငြိမ်း) နှင့် မေမေ ဒေါ်မြင့်မြင့်သန်း (ထက်/ပြ-ငြိမ်း)တို့၏ ၂-၆-၂၀၁၅ရက်တွင်ကျရောက်သည့် နှစ်(၄၀)မြောက် ပတ္တမြားရတုမှသည် ရွှေရတု၊ စိန်ရတုတိုင်အောင် ဘဝခရီးလမ်းကို ပျော်ရွှင်ချမ်းမြေ့စွာလျှောက်လှမ်းနိုင်ပါစေ . . .

သမီးကြီး - ထက်ထက်စိုးလှိုင်
သမီးငယ် - တင်စုစုလှိုင်

**သုခလမ်းညွှန်** Travels & Tours

| | |
|---|---|
| ➢ကျိုက်ထော်ရေတံခွန်-ဘားအံ | ၃၇၀၀၀ိ/ |
| ➢မော်လမြိုင်-မုဒုံ-ဇင်းကျိုက်-မဲလံဆံတော်ရှင် | ၃၅၀၀၀ိ/ |
| ➢တောင်ငူ-သံတောင်ကြီး-ဖိုးကျားဆင်စခန်း | ၃၅၀၀၀ိ/ |
| ➢ပြည်-ထုံးဘို(အကောက်တောင်) | ၃၅၀၀၀ိ/ |

Ph: 01-539459, 09-252929722,33, 44, 55, 66

**Royal Express Services Ltd.**
No. 114, 1st Floor, 49th Street (Middle) Pazundaung Township
Email - mmo@royalx.net

Express Mail Delivery & Logistics Services ...

(၁) Assistant General Manager (1) post
- MD ...
- DMA ... Diploma ...

(၂) HR Executive (1) post
- GM ...

(၃) Administration Executive (1)post
- GM ... Admin ...
- Administration ...

... (CV) ... Email ...




## ဆရာကောင်းမှ တပည့်ကောင်းမည်

### မူလတန်း၊ အလယ်တန်း၊ အထက်တန်း

- **ရည်ရွယ်ချက်** ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက်တည်တံ့ရေးအတွက် ခေတ်မီပညာရေးသည် အဓိကပင်မလမ်းကြောင်းကြီး ဖြစ်သည်ဟု ယုံကြည်သည်။
- **အခြေခံမူကြီးများ** စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်ရေး၊ စည်းကမ်းကျင့်ဝတ် စောင့်ထိန်းလိုက်နာရေး၊ ပညာရည် ထူးချွန်ထက်မြက်ရေးဟု မူကြီးသုံးရပ်ချမှတ်ကာ အရည်အချင်းပြည့်ဝသော ဆရာ၊ ဆရာမကြီးများဖြင့် တာဝန်ယူ တည်ဆောက်နေကြပါသည်။
- **ကျောင်းမှန်မှန်မှန်တက် စာမခက်** ပါမောက္ခကြီးများ၊ နိုင်ငံကျော် ကျူရှင်ဆရာကြီးများနှင့် ဝါရင့် ဆရာ၊ ဆရာမကြီးများ၏ ကောင်းမွန်ပြည့်စုံသော သင်ကြားရေးကို တိကျရှင်းလင်းစွာ နားလည်ရရှိ ကြပြီးဖြစ်၍ ကျောင်းသူကျောင်းသားများသည် ကျူရှင် ထပ်မံယူရန် မလိုအပ်ပါ။ သို့သော် စာကျက်ချိန်ကို တိတိကျကျသတ်မှတ်ပြီး နေ့စဉ် သင်ပေးသမျှ သင်ခန်းစာများအား အချိန်မှန် ကျက်မှတ်လေ့ကျင့်ရန် (အထူး) အထူးလိုအပ်ပါသည်။
- **ပညာရည်ချွန်ဆု** ကျောင်းအသီးသီးတွင် နဝမတန်းစာမေးပွဲကြီး၌ အဆင့် ၁ မှ ၃ အထိ ရရှိခဲ့သူများအား အခမဲ့ပညာသင်ကြားခွင့်ဆု ချီးမြှင့်ပါမည်။
- **ဝိဇ္ဇာပညာသင်ဆု** နဝမတန်းနှင့် ဒသမတန်းတွင် (ပထဝီ၊ ဘောဂ၊ သမိုင်း) ဘာသာတွဲ သင်ယူလိုသူများကို အခမဲ့ပညာသင်ဆု ချီးမြှင့်ပါမည်။

**ရန်ကုန်မြို့အနှံ့ ကျောင်းကားရှိသည်**

ပညာရေးဝန်ကြီးဌာန မှတ်ပုံတင်နံပါတ် ကက-၁၃/၀၉/၀၁၀

စာရိတ္တ၊ စည်းကမ်း၊ ပညာ တွင် စံပြ

**ဂုဏ်ထူး ဦးအောင်ခိုင် (အင်္ဂလိပ်စာ)**

**သမိုင်းတံခွန် ဦးထွန်းနွယ်**

ပညာရွှေရောင်လင်း
နေမင်းတော်ဆိပ်တော်

ဦးစီးတည်ထောင်သော

# ပညာနှင်းတော်

**အ.ထ.က**

**ကိုယ်ပိုင်အထက်တန်းကျောင်း အထူးအဆင့်မြင့်ဘော်ဒါ**

**ဘော်ဒါ ၈တန်း၊ ၉တန်း၊ ၁၀တန်း**

၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ဘော်ဒါဆောင်နေရာပြည့်ပါပြီ

**အကောင်းဆုံးပညာ အကောင်းဆုံးနေရာ အကောင်းဆုံးဘော်ဒါ**

- **အဆောင်မှူး (ဘွဲ့ရ) ဆရာ၊ ဆရာမများအလိုရှိပါသည်။**

## စေတနာကောင်းမှ ပညာရေးကောင်းမည်

### မူလတန်း၊ အလယ်တန်း၊ အထက်တန်း

- ကျူရှင်လောက်ပင် ဈေးမကြီးသော ကျောင်းလခဖြင့် အကောင်းဆုံး ပညာရေးကို နိုင်ငံကျော် ဆရာ၊ ဆရာမကြီးများက ဂုဏ်ယူစွာ သင်ကြားပေးသည်။

| အတန်း | ကျောင်းချိန် | ကျောင်းလခ | ဝင်ကြေး |
|---|---|---|---|
| သူငယ်တန်း | ညနေ ၁၂း၁၅ မှ ၅း၁၅ နာရီ | ၃၅၀၀၀ | ၂၀၀၀၀ |
| ၁-တန်း | ။ | ၃၅၀၀၀ | ၂၀၀၀၀ |
| ၂-တန်း | ။ | ၃၅၀၀၀ | ၂၀၀၀၀ |
| ၃-တန်း | ။ | ၄၀၀၀၀ | ၂၀၀၀၀ |
| ၄-တန်း | ။ | ၄၀၀၀၀ | ၂၀၀၀၀ |
| ၅-တန်း | ။ | ၄၀၀၀၀ | ၃၀၀၀၀ |
| ၆-တန်း | ။ | ၄၀၀၀၀ | ၃၀၀၀၀ |
| ၇-တန်း | ။ | ၄၀၀၀၀ | ၃၀၀၀၀ |
| ၈-တန်း | နံနက် ၇း၀၀ မှ ၁၂း၀၀ နာရီ | ၄၅၀၀၀ | ၃၀၀၀၀ |
| ၉-တန်း | ။ | ၅၀၀၀၀ | ၄၀၀၀၀ |
| ၁၀-တန်း | ။ | ၆၀၀၀၀ | ၄၀၀၀၀ |

- **လူဦးရေ ကန့်သတ်ထားခြင်းကြောင့် ကြိုတင်အပ်နှံမှ စိတ်ချရပါမည်။**
(ကျောင်းပြောင်း လက်မှတ်ကို ဖွန်လမှ ပေးပါ)

**ဇွန် ၄ ရက် ဖွင့်မည်**

**ခြံအမှတ် 118 A/B ကျွန်းချောင်မြိုင်လမ်း၊ VIP-1 ရပ်ကွက်၊ ဗိုလ်ချုပ်ရွာ၊ သုဝဏ္ဏ။ ဖုန်း 01-577605 ကျောင်း - A-2, A-3 (တက်လမ်း)၊ သံသုမာလမ်း၊ သုဝဏ္ဏ။ ဖုန်း 09 73036827, 09 47074649**

## လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာနရှိဌာနခွဲများတွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအစား | အရေအတွက် |
|---|---|---|
| (က) | တာယာအရွယ်အစားမျိုးစုံ | ၉၂၉ စုံ |
| (ခ) | ဘက်ထရီအရွယ်အစားမျိုးစုံ | ၃၆၄ လုံး |
| (ဂ) | စက်ဆီ၊ချောဆီ | ၈ မျိုး |

တင်ဒါပုံစံရောင်းချမည့်ရက် - ၄-၆-၂၀၁၅ရက်
တင်ဒါပိတ်မည့်နေ့ရက်နှင့်အချိန် - ၂၃-၆-၂၀၁၅ရက်၊ ၁၂နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါရုံးလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**စီမံကိန်းရေးဆွဲစိစစ်သုံးသပ်ရေးဌာနခွဲ**
**စိုက်ပျိုးရေးဦးစီးဌာန**
**ရုံးအမှတ်(၄၃)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၉၇**

## မြေကွက်ရောင်းရန်ရှိသည်

တောင်ကြီးမြို့၊ ကံကြီးနယ်မြေ(၁)၊ ရှမ်းကွင်းတောင်ပေါ်၊ အရှေ့ဘက်လှည့် မြေကွက်၊ ဟောချွန်တောင်လမ်း၊ ပေ(၅၀×၅၀)ပတ်လည်၊ (၆)ကွက်တွဲ (နေရာကောင်း)

**ဆက်သွယ်ရန် ဖုန်း ၀၉-၅၁၉၉၄၇၆**

**Virgin Land**

Ph : 01-8610252, 09-5123793, 09-261027002

ဆရာချမ်းဇော်ထက် စီစဉ်တည်းဖြတ်တဲ့ **No. 20, June**

**EVER ENGLISH** ထွက်ပြီဗျို့

မြန်မာ့ပထမဆုံး **CD ပါ 5 Skills မဂ္ဂဇင်း**

**အသံဖိုင် (Audio) နှင့် ရုပ်သံဖိုင် (Video) (၄၀) ကျော် ပါရှိသဖြင့် လွယ်ကူထိရောက်စွာ လေ့ကျင့်နိုင်သည်**

ဆိုင်များမှာ မေးဝယ်ပါ | ချမ်းဇော်ထက်စာပေ (၀၉ ၇၃၁၀၉၄၄၆)

## ကောင်းလိုက်တဲ့ အတွေး လှလိုက်တဲ့ အရေး

**Essays for High-Flyers**

ဆရာချမ်းဇော်ထက် ထွက်ပြီဗျို့

မြန်မာ့ပထမဆုံး **native speaker** အသံသွင်း **CD** ပါ

**နိုင်ငံတကာအဆင့်မီ အက်ဆေးပေါင်းချုပ်**

ဆိုင်များမှာ မေးဝယ်ပါ | ချမ်းဇော်ထက်စာပေ (၀၉ ၇၃၁၀၉၄၄၆)

**SAMSUNG**

# Galaxy Tab A with S Pen

Light on your hands. Light on your wallet.






- Ultra Slim Design
- Perfect for Better Reading Experience and Web Browsing
- Enhanced Camera
- Express more with S-pen

အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ပါသည်။

**SAMSUNG**

www.facebook.com/samsungmobilemyanmar

Samsung Customer Contact Center - 01 2399 888 Mon-Sun : 8AM to 6PM (အစိုးရရုံးပိတ်ရက်များအပါအဝင်)

# Congratulations!

We wish to extend our warm congratulations
on the successful opening of the

Yangon Branch of **Bangkok Bank**

on June 2, 2015

Wishing you even greater success and further contribution to
promoting socioeconomic development of Myanmar.

Management and Staff of CFTG Group of Companies

client FOCUS
technology group co., ltd.

Conceptline

**Open Tomorrow**

The 2nd International Exhibition for Food & Drink, Hotel, Restaurant, Bakery & Food Service Equipment, Supplies & Services

ဒုတိယအကြိမ်မြောက် နိုင်ငံတကာ အစားအသောက် နှင့် အဖျော်ယမကာ၊ ဟိုတယ်၊ စားသောက်ဆိုင်၊ မုန့်ဖုတ်လုပ်ငန်းသုံးပစ္စည်း၊
အထောက်အပံ့ပစ္စည်းများ နှင့် ဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာ ကုန်စည်ပြပွဲ



Boost Your Business at

FOOD & HOTEL **2015**
**Myanmar**

**3-5 JUNE 2015**
**Myanmar Event Park (MEP), Yangon** 10.00-18.00 Hrs.

Including: MCAC 2015, MNBC 2015

**VISIT**

**Myanmar's largest international trade exhibition for food & drink, hotel, restaurant, bakery, foodservice.**

Including:
- 250 Exhibitors
- 7 International Pavilions
- 1,000 Products
- Industry Events

Visitor pre-registration at
**www.foodandhotelmyanmar.com**

Supported by: MFPEA, FoSTA
Organised by: BES, Allworld Exhibitions

• Open to trade visitors only • Minor aged below 18 will not be allowed admission • All visitors must be in proper attire

**Information Hotline:**
Tel: +95-1 513 515 - 519
Email: marketing@informationmatrix.com
Contact : U Htet Wai Zaw

Hot Line No-0930500100

# စီအယ်လ်အမ်ဗွီနှင့် အက်မက်စ်ထိပ်သီးအစည်းအဝေးများ ကျင်းပနိုင်ရန် သတ်မှတ်တာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားကြရမည်ဖြစ်

သတင်းစာမျက်နှာ - ၈

## ယနေ့မာတိကာ


အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုခြင်း - ၄

စာမျက်နှာ - ၁၀

ချန်ယွန်ဖတ္တ တစ်ကိုယ်တော်ဖျော်ဖြေပွဲ ပြုလုပ်မည်

စာမျက်နှာ - ၁၂

ဗီဒယ်လ်အား ခေါ်ယူခွင့်ရရန် အာဆင်နယ် နီးစပ်နေ

စာမျက်နှာ - ၁၃


## မြန်မာ-ထိုင်း ချစ်ကြည်ရေးဆွမ်းဆန်စိမ်းလောင်းလှူပွဲ ချစ်ကြည်ရေးတံတားပေါ်တွင်ကျင်းပ



**မြဝတီ ဇွန် ၁**

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအကြား ချစ်ကြည်ရေး ပိုမိုခိုင်မြဲစေရန်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကိစ္စအဝဝတွင် မြန်မာနှင့် ထိုင်း ဗုဒ္ဓဘာသာဝင်များ စုပေါင်းအလှူပြုလုပ်ခြင်းကို ပိုမိုပူးပေါင်းဆောင်ရွက်သွားရန်ရည်ရွယ်ကျင်းပသည့် မြန်မာ- ထိုင်း ချစ်ကြည်ရေး ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဇွန် ၁ ရက် မဟာသမယအခါတော်နေ့တွင် မြဝတီမြို့ ချစ်ကြည်ရေးတံတားပေါ်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ပထမဦးစွာ တာ့(ခ်)ခရိုင်အုပ်ချုပ်ရေးမှူး မစ္စတာ စွန်ချိုင်းဟာထယတန်တိက ကြိုဆိုကြောင်း မိန့်ခွန်းပြောကြားပြီး မြဝတီခရိုင် အုပ်ချုပ်ရေးမှူး

**စာမျက်နှာ ၈ ကော်လံ ၁ သို့**

## ဆီးဂိမ်းဘောလုံးပြိုင်ပွဲအဖြစ် မြန်မာနှင့် အင်ဒိုနီးရှား ယနေ့ကစားမည်



(၂၈)ကြိမ်မြောက် ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို စတင်ကျင်းပနေပြီဖြစ်ပြီး မြန်မာအသင်းမှာ ပွဲဦးထွက်ပွဲစဉ်အဖြစ် အင်ဒိုနီးရှားအသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

မြန်မာအသင်းပါဝင်သော အုပ်စု(က)ပွဲစဉ်များကို ဇွန် ၁ ရက်က စတင်ကျင်းပခဲ့ပြီး ပွဲဦးထွက်ပွဲစဉ်အဖြစ် အိမ်ရှင်စင်ကာပူအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည်။ မြန်မာအသင်းမှာ ပွဲစဉ်ရေးဆွဲထားမှုအရ ထိပ်သီးနှစ်သင်းနှင့်ကစားရမည်ဖြစ်ရာ နောက်တစ်ဆင့်တက်ရေးအတွက် ရှေ့နှစ်ပွဲမှာ အရေးပါလျက်ရှိသည်။ မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့သည် ဇွန် ၂ ရက် မြန်မာစံတော်ချိန် ည ၇ နာရီတွင် စင်ကာပူနိုင်ငံရှိ ဂျလန်းဘီဆာကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအသင်းမှာ အင်ဒိုနီးရှားအသင်းနှင့်ပွဲအပြီးတွင် ဇွန် ၄ ရက်က အိမ်ရှင်စင်ကာပူအသင်း၊ ဇွန် ၇ ရက်တွင် ဖိလစ်ပိုင်အသင်း၊ ဇွန် ၁၀ ရက်တွင် ကမ္ဘောဒီးယားအသင်းတို့နှင့် ကစားရမည်ဖြစ်သည်။ မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့သည်

**စာမျက်နှာ ၈ ကော်လံ ၁ သို့**

## ပင်လယ်ပြင်မှ ကယ်ဆယ်ခဲ့သည့် ဘင်္ဂါလီ ၇၀၀ ကျော်အား မူလနေရာသို့ ပြန်လည်ပို့ဆောင်နိုင်ရေး စီစဉ်လျက်ရှိ

**နေပြည်တော် ဇွန် ၁**

မေလ ၂၉ ရက်နေ့တွင် တပ်မတော်(ရေ)မှပင်လယ်ပြင်လုံခြုံရေးတာဝန်ထမ်းဆောင်စဉ် တွေ့ရှိကယ်ဆယ်ခဲ့သည့် ဘေးဒုက္ခကျရောက်လျက်ရှိသော ဘင်္ဂါလီ ၇၂၇ ဦးအား ဟိုင်းကြီးကျွန်းရေပြင်သို့ ခေါ်ဆောင်၍ လူသားချင်းစာနာထောက်ထားသည့် အကူအညီများ၊ အစားအစာရိက္ခာနှင့် သောက်ရေများပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးခဲ့သည်။

လှေပေါ်ပါ လှေစီးခရီးသည်များအား မေးမြန်းချက်အရ ၎င်းတို့ ဦးတည်ရည်မှန်းသည့်နိုင်ငံများသို့ သွားရောက်နိုင်ခြင်းမရှိတော့သည့်အတွက် မူလထွက်ခွာလာသည့်နေရာသို့သာ ပြန်လိုကြောင်း သိရှိရသည်။ ယင်းတို့၏ဆန္ဒကို လိုက်လျောသည့်အနေဖြင့် ပင်လယ်ပြင်ဘေးကင်းလုံခြုံမှု အစီအမံများပြုလုပ်၍တပ်မတော်(ရေ) အစောင့်အရှောက်ဖြင့် ၎င်းတို့ မူလစတင်ထွက်ခွာခဲ့သည့်နေရာသို့ ပြန်လည်ပို့ဆောင်ပေးသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပြင်သစ်အိုးပင်း လက်ရှိချန်ပီယံ မာရီယာရှာရာပိုဗာ စတုတ္ထအဆင့်ဖြင့်ပင် ပြိုင်ပွဲကိုနှုတ်ဆက်ခဲ့ရ



သတင်းစာမျက်နှာ - ၈






themirror.npt@gmail.com
www.facebook.com/themirrordaily